# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday, 20 February 2020 ၉၉၃၁


**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ- ၂၀၈)

## ချင်းတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ တိုးတက်မှုရရှိအောင် ဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်<br>
နိုင်ငံတော်သမ္မတရုံး<br>
နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က<br>
(၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့<br>
ပေးပို့သည့် သဝဏ်လွှာ<br>
၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်

ချစ်ကြည်လေးစားအပ်ပါသော ချင်းတိုင်းရင်းသား မိဘညီအစ်ကို မောင်နှမများခင်ဗျား-

ချင်းအမျိုးသားများအတွက် နေ့ထူးနေ့မြတ်တစ်ခုဖြစ်သော ယနေ့ကျရောက်သည့် (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ မင်္ဂလာအခါသမယတွင် ချင်းပြည်နယ်အတွင်းနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်လည်းကောင်း၊ ပြည်ပနိုင်ငံများတွင်လည်းကောင်း မှီတင်းနေထိုင်လျက်ရှိကြသော ချင်းတိုင်းရင်းသား မိဘညီအစ်ကို မောင်နှမများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ချင်းရေးရာကောင်စီ၊ ချင်းရေးရာဌာနနှင့် ချင်းရေးရာဝန်ကြီးတို့ ပေါ်ပေါက်လာခဲ့ပါသည်။ ချင်းရေးရာဌာနသည် ပထမဆုံးလုပ်ငန်းအနေဖြင့် ချင်းတောင်တန်းတွင် ရှေးယခင်ခေတ်အဆက်ဆက်မှ ဗြိတိသျှခေတ်အထိ အသုံးပြုခဲ့သည့် ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ဟောင်းကို ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ဖြင့် အစားထိုးရန် ကြိုးစားခဲ့ပါသည်။ ချင်းရေးရာဌာန၏ ဝန်ကြီးအဖွဲ့သို့ တင်ပြချက်အရ ချင်းတောင်စုံစမ်းရေးကော်မရှင်ကို ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ဖွဲ့စည်းခဲ့ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းသော နေအိမ်အလုံး ၅၀ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား တက်ရောက်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အမှုဆောင်ညွှန်ကြားရေးမှူး ဦးမိုးဇော်ဦးတို့က ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းသော နေအိမ်အလုံး ၅၀ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

**ထန်တလန် ဖေဖော်ဝါရီ ၁၉**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် ချင်းပြည်နယ် တွန်းဇံမြို့နယ်နှင့် ထန်တလန်မြို့နယ်တို့မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး သီကီးရ်ကျေးရွာ တိုက်နယ်ဆေးရုံဖွင့်ပွဲနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လှူဒါန်းသော နေအိမ် အလုံး ၅၀ ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်သည်။

**ရောက်ရှိ**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာကြရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

## နားလည်နိုင်စွမ်းနှင့် ခရီးရောက်နိုင်စွမ်း ပိုမိုရရှိအောင် ဖန်တီးပေးရန်လို

လူမှုဘဝဆက်ဆံရေးနယ်ပယ်၌ဖြစ်စေ၊ လုပ်ကိုင်ဆောင်ရွက်မှုနယ်ပယ်၌ဖြစ်စေ ထိတွေ့မှုများလျှင် ရင်းနှီးကျွမ်းဝင်မှုဖြစ်လာသည်။ ထိတွေ့မှုများသော်လည်း ရင်းနှီးကျွမ်းဝင်မှုမရှိသေးခြင်းမှာ နားလည်မှုလွဲမှားခြင်း သို့မဟုတ် နားမလည်ခြင်းကြောင့်ဖြစ်နိုင်ပေသည်။ ထို့ကြောင့် ထိတွေ့မှုများပြီး ကျွမ်းဝင်ရင်းနှီးသည့် ယဉ်ပါးမှုဖြစ်အောင် အားလုံးနားလည်နိုင်သည့် မြန်မာမှုကို ပြုကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အများသုံးဝေါဟာရမှာ မြန်မာဘာသာစကားဖြစ်သည်။ နိုင်ငံတကာတွင် အများသုံးဝေါဟာရမှာ အင်္ဂလိပ်ဘာသာစကားဖြစ်သည်။ မတူကွဲပြားသော ဘာသာစကားနှစ်ခု ရင်းနှီးကျွမ်းဝင်မှုဖြစ်လာစေရန် မြန်မာနိုင်ငံတွင် အများသုံးဘာသာစကားဖြင့် မြန်မာမှုပြုသင့်သလို နိုင်ငံတကာတွင် သက်ဆိုင်ရာနိုင်ငံ၏ အများသုံးဘာသာစကားဖြင့် အသုံးပြုမှသာ လုပ်ငန်းအဆင်ပြေမှု၊ အောင်မြင်မှုဖြစ်လာပေမည်။

ယနေ့ကမ္ဘာကြီးသည် နည်းပညာခေတ်ကို ဖြတ်သန်းနေသည်။ နည်းပညာဖြင့် နိုင်ငံများဖွံ့ဖြိုးမှုကို ရှေးရှုဆောင်ရွက်နေပြီး ထိုဖွံ့ဖြိုးမှုစီးကြောင်းတွင် မြန်မာနိုင်ငံလည်း လိုက်ပါစီးဆင်းနေရန်၊ နောက်ကျကျန်ရစ်မနေစေရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏နည်းပညာ နိုင်ငံတကာနှင့် ရင်ပေါင်တန်း လိုက်နိုင်စေရန်၊ နောက်ကျမကျန်ရစ်စေရန် စတုတ္ထအကြိမ်မြောက် e-Government ညီလာခံနှင့် ကွန်ပျူတာနည်းပညာပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နည်းပညာနှင့်ပတ်သက်၍ တတ်နိုင်သမျှ မြန်မာမှုပြုသည်ကိုလိုလားကြောင်း အသိပေးပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "အခုအင်္ဂလိပ်ဘာသာစကားနဲ့ အများကနေသုံးနေတယ်ဆိုတာလက်ခံပါတယ်။ တစ်ကမ္ဘာလုံးကလည်း ဒီလိုပဲသုံးနေတာပါ။ ဒါပေမယ့် ကျွန်မတို့ရဲ့ ပြည်သူလူထုအနေနဲ့ ဒါတွေနဲ့ပတ်သက်လို့ အဓိပ္ပာယ်ကိုနားလည်စေချင်ပါတယ်။ အဓိပ္ပာယ်ကိုနားလည်မှ တကယ်ပဲပါဝင်နိုင်မှာလို့ ကျွန်မဒီလိုပဲယူဆပါတယ်" ဟု ပြောကြားခဲ့သည်။ နိုင်ငံတကာသုံးစနစ်တစ်ခုကို မြန်မာနိုင်ငံတွင် အသုံးပြုသည့်အခါ နိုင်ငံသားအားလုံးနားလည်နိုင်စေရန်အတွက် တဖြည်းဖြည်း ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံတကာစနစ်တစ်ခုကိုပြောင်းလဲရာတွင် ရည်မှန်းချက်အတိုင်း ခရီးမရောက်သေးသည်မှာ နိုင်ငံတကာသုံးဘာသာစကားစနစ်ကို နားလည်ကျွမ်းကျင်မှုမရှိသေးသောကြောင့်ဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က " မြန်မာမှုပြုပါ။ ဒါမှ ကျွန်မတို့ ပြည်သူတွေ အားလုံးကနေ တဖြည်းဖြည်း နည်းပညာတွေနဲ့ ယဉ်ပါးလာအောင် ပညာတတ်တွေ၊ ကျွမ်းကျင်သူတွေအတွက်သာမဟုတ်ဘူး။ ပြည်သူအားလုံးအတွက် ဖြစ်တယ်ဆိုတာကို ထင်ရှားစေချင်ပါတယ်" ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် အီလက်ထရွန်နစ်အစိုးရ(e-Government)ကို အကျိုးတရားများစွာကိုရည်ရွယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ အဆိုပါနည်းပညာစနစ်တွင် အစိုးရနှင့်အတူ ပြည်သူပြည်သားအားလုံး အတူတကွ အရှိန်အဟုန်ဖြင့် လိုက်ပါစီးဆင်းကြရမည်ဖြစ်သည်။ e-Government သည် တိုင်းပြည်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် စွမ်းဆောင်ပေးနိုင်သည့်အရာဖြစ်သည်။ လိုအပ်နေသည့် နိုင်ငံ၏ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုကိုရရှိဖို့ ဆင်းရဲမှုကိုလျှော့ချနိုင်ဖို့အတွက် ယင်းကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် အရေးကြီးသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က e-Government ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအား တိုင်းတာသည့် ဖွံ့ဖြိုးမှုအညွှန်းကိန်းအဖြစ် သတ်မှတ်ထားသည်။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါအညွှန်းကိန်းကိုကြည့်လျှင် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်ဆိုသော်လည်း အာဆီယံဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် ဒေသ၏ပျမ်းမျှအောက်ရောက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့နောက်ကျနေသည်မှာ နိုင်ငံတကာသုံးစနစ်တစ်ခုကို နိုင်ငံသားအားလုံး နားလည်နိုင်စွမ်းနှင့် ခရီးရောက်နိုင်စွမ်းလိုအပ်နေသေးသောကြောင့်ဟု ဆိုနိုင်သည်။ e-Government ဝန်ဆောင်မှုကို အားလုံးတန်းတူအသုံးပြုနိုင်ခွင့်၊ ဝေးလံခေါင်ဖျား ကျေးလက်ဒေသများအတွက် မိုဘိုင်းနှင့် အင်တာနက်ဆက်သွယ်မှုစနစ်တကျသုံးစွဲနိုင်ခွင့်၊ သုံးစွဲနိုင်စွမ်းရှိအောင် အခြေအနေများဖန်တီးပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ နည်းပညာသုံးစွဲမှုကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းလိုက်နိုင်ရန် ယခုထက် ပိုမိုအရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်ကြရာ၌ နည်းပညာဆိုင်ရာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာကျွမ်းကျင်သောလူသားအရင်းအမြစ်များ တစ်နိုင်ငံလုံးလွှမ်းခြုံလာရေးအတွက် နိုင်ငံတကာသုံး e-Government နည်းပညာတွင် အားလုံးယဉ်ပါးလာအောင် တတ်နိုင်သမျှ မြန်မာမှုပြုကြပါဟု တိုက်တွန်းလိုပါကြောင်း။ ။

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် Hanns Seidel Foundation ၏ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် Hanns Seidel Foundation (HSF) ၏ ဌာနေကိုယ်စားလှယ် Mr. Achim Munz အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရုံးခန်း၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ဖောင်ဒေးရှင်းအနေဖြင့် လွှတ်တော်လုပ်ငန်းစဉ်များ ဖွံ့ဖြိုးရေး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး အကူအညီပေးလျက်ရှိသည့် ကိစ္စ၊ အနာဂတ်ရည်မှန်းချက်ဖြစ်သည့် လွှတ်တော်အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခုထက် ပိုမိုထိရောက်သည့် အကူအညီများ ဖြစ်စေရေး၊ လွှတ်တော်နှင့် ပြည်သူ ရင်းနှီးကျွမ်းဝင်မှု ပိုမိုရရှိနိုင်ရေးဆိုင်ရာ နည်းပညာကဏ္ဍ မြှင့်တင်သွားနိုင်ရေး၊ ကျောင်းသားလူငယ်များ ဒီမိုကရေစီစနစ် အခြေခံသဘောတရားများ သိရှိနိုင်ရန် အသိပညာမျှဝေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၇ ခုနှစ် စာပေဗိမာန်စာမူဆု၊ သုတပဒေသာ (သိပ္ပံ) ပထမဆုရ **"ပန်းတနော် ခင်မောင်မြင့်"** ရေးသားသည့် **"ကမ္ဘာ့ကျောက်မီးသွေးလောကနှင့် မြန်မာ့ကျောက်မီးသွေး"** စာအုပ်ကို စာအုပ်အသင်း၏ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့် လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန် စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သင့်စီးပွားရေး အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၉-၂-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၂,၀၀၀ | ၁၃,၁၇၈ | ၁၅၈,၁၃၆,၀၀၀ |
| MTSH | ၃,၉၅၀ | ၃,၉၅၀ | ၇,၉၀၆ | ၃၁,၂၂၈,၇၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၁ | ၈,၂၀၀ |
| FPB | ၂၂,၅၀၀ | ၂၃,၀၀၀ | ၃၃၄ | ၇,၅၇၉,၅၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ရန်ကုန်(ရွှေဈေး) ၁၂၃၀၀၀၀ မန္တလေး(ရွှေဈေး) ၁၂၃၀၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၁၀/၈၆၅ ကျပ် | ၈၅၀/၈၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၉၀၀ ကျပ် | ၉၀၀/၉၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၃၀/၇၇၀ ကျပ် | ၇၈၅/၈၀၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၂၀/၈၇၅ ကျပ် | ၈၆၅/၈၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၃၅/၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၅/၇၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၉၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၅၀.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၆၇.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၇.၅၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၆.၅၁၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၈.၇၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၂၉၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၁၆.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂.၀၁ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၂.၀၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၃၄.၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Daily Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❂ ချင်းတိုင်းရင်းသားများမှ ထို့နောက် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက် ဖလမ်းမြို့တွင် ကျင်းပသည့် လူထုညီလာခံ၌ ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ဟောင်းကို ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဖြင့် ပြောင်းလဲကျင့်သုံးရန် တစ်ခဲနက် ဆုံးဖြတ်ခဲ့ကြပါသည်။

## သတ်မှတ်အတည်ပြု

၁၉၅၀ပြည့်နှစ် အောက်တိုဘာလ ၉ရက်နေ့၌ ကျင်းပသော ချင်းရေးရာကောင်စီအစည်းအဝေးတွင် ချင်းအမျိုးသားသမိုင်း၌ အရေးကြီးသော နေ့ရက်တစ်ရက်ဖြစ်သည့် အုပ်ချုပ်ရေးစနစ်ဟောင်းမှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သစ် ပြောင်းလဲကျင့်သုံးရန် ဆုံးဖြတ်ခဲ့သည့် ဖေဖော်ဝါရီလ ၂၀ ရက်ကို ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်အတည်ပြုခဲ့ကြပါသည်။ ထို့ကြောင့် ၁၉၄၈ခုနှစ်မှ အစပြုခဲ့သည့် ချင်းအမျိုးသားနေ့သည် ယခုအခါ (၇၂)နှစ်မြောက်ဖြစ်ပါသည်။

ချင်းအမျိုးသားနေ့သည် ချင်းပြည်နယ်အတွင်း အုပ်ချုပ်ရေးအာဏာနှင့် အခွင့်အရေးအားလုံးကို စော်ဘွားများ၊ တိုက်သူကြီးများ၊ ရွာသူကြီးများကသာ သားစဉ်မြေးဆက် အမွေဆက်ခံကာ ၎င်းတို့ လက်ဝယ်ထားရှိသည့် ပဒေသရာဇ်အမွေ၊ ကိုလိုနီအမွေ ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ဟောင်းအား ဒီမိုကရေစီစနစ်နှင့် အစားထိုးရန် ဆုံးဖြတ်ခဲ့သောနေ့ဖြစ်ပြီး ချင်းမျိုးနွယ်စုဝင်အားလုံးအတွက် လေးနက်သော အဓိပ္ပာယ်ရှိပြီး အနှစ်သာရပြည့်ဝသော သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

## လက်တွဲပါဝင်

ချင်းအမျိုးသားတို့သည် နယ်ချဲ့ကိုလိုနီနှင့် ဖက်ဆစ်တို့အား ဆန့်ကျင်တော်လှန်ရေး၊ နိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုတို့တွင် အခြားတိုင်းရင်းသားများနှင့်အတူ လက်တွဲပါဝင်ခဲ့ကြပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း ချင်းအမျိုးသားများသည် အခြားတိုင်းရင်းသားများနှင့် ကောင်းတူဆိုးဖက်၊ အေးအတူပူအမျှ ပြည်ထောင်စုကြီးအတွင်း အတူတကွ လက်တွဲပြီး ညီညီညွတ်ညွတ် နေထိုင်ခဲ့ကြပါသည်။ ချင်းတိုင်းရင်းသားအနွယ်ဝင်အချင်းချင်းသော်လည်းကောင်း၊ အခြားတိုင်းရင်းသားများနှင့်လည်းကောင်း ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသည့်အတွက် ချင်းအမျိုးသားအများစုတို့ နေထိုင်ရာ ချင်းပြည်နယ်သည် ယေဘုယျအားဖြင့် တည်ငြိမ်အေးချမ်းခဲ့ပါသည်။

ထိုသို့ တည်ငြိမ်အေးချမ်းမှုရှိသော်လည်း ပထဝီသွင်ပြင်အနေအထားထူးခြားသည့် တောင်ကုန်းတောင်တန်းများ ပေါများလှသဖြင့် လမ်းပန်းဆက်သွယ်ရေးအတွက် ကန့်သတ်ချက်များပြားလှသောကြောင့် ချင်းပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှုပိုင်းတွင် နှောင့်နှေးခဲ့ရသည်မှာ များစွာစိတ်မကောင်းဖွယ်ရာဖြစ်ပါသည်။ သို့ရာတွင် မိမိတို့အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဖွံ့ဖြိုးမှုအားနည်းသည့်ဒေသများ မကျန်ခဲ့စေရေးအတွက် အလေးထားပြီး ဆောင်ရွက်လျက်ရှိသည်နှင့်အညီ တောင်ကုန်းတောင်တန်းများထူထပ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ချင်းပြည်နယ်တွင် လမ်းများ အသစ်ဖောက်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများ ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ အလားတူ ချင်းတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လျှပ်စစ်ကဏ္ဍတို့တွင်လည်း တိုးတက်မှုရရှိအောင် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နှင့်အတူ ချင်းတိုင်းရင်းသား ပြည်သူများကလည်း လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

## ဖန်တီးပုံဖော်

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ ထုံးတမ်းအစဉ်အလာများ၊ ယဉ်ကျေးမှုရိုးရာဓလေ့ပွဲတော်များ၊ ဘာသာစကား၊ စာပေနှင့် တိုင်းရင်းသားအခွင့်အရေးများကို ပိုမိုတိုးတက်ဖွံ့ဖြိုးစေရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။ ချင်းတိုင်းရင်းသားမျိုးနွယ်စုများအနေဖြင့်လည်း မိမိတို့ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများ ဖွံ့ဖြိုးတိုးတက်ပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှုများ မပျောက်ပျက်အောင် မြှင့်တင်ထိန်းသိမ်းရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။ မတူညီသော တိုင်းရင်းသားလူမျိုးစုတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ဘာသာ၊ စာပေတို့သည် ပြည်ထောင်စု၏ ပဒေသာစုံ အလှတရားများပင် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိမိတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာစကား၊ စာပေများကို ယခုထက်မက တိုးမြှင့်ပြီး ထိန်းသိမ်းကာကွယ်၍ ပြည်ထောင်စုကြီး၏ အလှကို ဖန်တီးပုံဖော်ပေးကြရန် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုရှိမှသာ အပြည့်အဝအောင်မြင်မှုရရှိနိုင်ပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုရရှိရန်မှာလည်း တိုင်းရင်းသားလူမျိုးစုအားလုံး ကျေနပ်လက်ခံနိုင်မည့်၊ တိုင်းရင်းသားအားလုံး ဂုဏ်ယူစွာပါဝင်လိုသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန် အရေးကြီးသည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့်လည်း မိမိတို့အစိုးရအနေဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်သူများအားလုံးပါဝင်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ အစည်းအဝေးများ ကျင်းပလျက်ရှိပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ချင်းတိုင်းရင်းသားများအနေနှင့် ထဲထဲဝင်ဝင် ပါဝင်အကောင်အထည်ဖော်နေမှုအတွက်လည်း ဝမ်းသာစွာ အသိအမှတ်ပြုအပ်ပါသည်။

## အခိုင်အမာယုံကြည်

ပြည်ထောင်စုသားအားလုံး နှစ်ရှည်လများ လိုလားတောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် အခက်အခဲများနှင့် စိန်ခေါ်မှုများကြုံတွေ့ရသော်လည်း နိုင်ငံတော်အစိုးရနှင့်အတူ ချင်းတိုင်းရင်းသားများအပါအဝင် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ စုစည်းညီညွတ်မှုအင်အားဖြင့် ကျော်လွှားနိုင်မည်ဟု အခိုင်အမာယုံကြည်ထားပါသည်။ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို အောင်မြင်စွာ တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တွန်းဇံမြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

❖ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့အား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများက ကလေးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

## ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကလေးမြို့မှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် ချင်းပြည်နယ် တွန်းဇံမြို့သို့ ရောက်ရှိကြရာ ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှုအကများဖြင့်လည်းကောင်း၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူလေးများက နိုင်ငံတော်အလံငယ်များကို ဝှေ့ယမ်း၍လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ချင်းပြည်နယ် တွန်းဇံမြို့ရှိ ချင်းရွှေပြည်ခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်းနှင့် ဒေါက်တာမြင့်ထွေး၊ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ပထမဦးဆုံး အနေနဲ့ ကျွန်မတို့နောက်ကျတဲ့အတွက် တောင်းပန်ပါတယ်။ ရာသီဥတုကြောင့် ကလေးမြို့ကနေ ရဟတ်ယာဉ်ထွက်တာ နောက်ကျပါတယ်။ ဒီလိုခရီးသွားတဲ့အခါ အထူးသဖြင့် ဝေးလံခေါင်သီတဲ့ အရပ်ဒေသတွေကိုသွားရင် ရာသီဥတု အခြေအနေကိုကြည့်ပြီး ကျွန်မတို့ လုပ်ရပါတယ်။ ဒါဟာ ကျွန်မတို့ အားလုံး သင်ခန်းစာယူစရာတစ်ခုပါ။ သဘာဝကဖြစ်ပေါ်တဲ့ ကိစ္စတွေကို ကျွန်မတို့က ပြောင်းလို့မရပါဘူး။ ပြောင်းလို့မရတဲ့အခါကျတော့ ဒါတွေကို ကျွန်မတို့ ကျော်လွှားဖို့လိုပါတယ်။ ဒါကြောင့် ချင်းပြည်နယ်လို နယ်စပ်ဒေသ အင်မတန်ဝေးလံခေါင်သီတဲ့ နေရာမှာ ဘဝကကြမ်းကြမ်းတမ်းတမ်းနဲ့ ရင်ဆိုင်ရတဲ့နေရာတွေကို အထူး ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ပေးနေပါတယ်။ ဒီလိုလုပ်မှလည်း ကျွန်မတို့နိုင်ငံဟာ တစ်ယောက်နဲ့တစ်ယောက် ပိုပြီး ဆက်သွယ်မှုရှိလာမှာပါ။

## မျှမျှတတဖြစ်အောင်

ချင်းပြည်နယ်မှာဆိုရင် တောင်တန်းတွေ၊ အတက်အဆင်းတွေက အလွန်များပါတယ်။ လမ်းပန်းဆက်သွယ်ရေးက နည်းပါးပါတယ်။ ဒါကြောင့် ချင်းပြည်နယ်ရဲ့ လမ်းပန်းဆက်သွယ်ရေးကို အထူးအလေးထားပြီး လုပ်နေပါတယ်။ ဒါပေမယ့် ကျွန်မတို့နိုင်ငံက ကျယ်ပြန့်တဲ့အတွက် တစ်နိုင်ငံလုံးကို မျှမျှတတဖြစ်အောင် လုပ်ရပါတယ်။ အဲဒါကို ကျွန်မတို့တိုင်းရင်းသားတွေ အားလုံးက နားလည်မှုပေးစေချင်ပါတယ်။

ကျွန်မတို့အနေနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကို တိုးတက်ဖွံ့ဖြိုးစေချင်ပါတယ်။ ချင်းပြည်နယ်မှာဆိုရင် ချင်းတိုင်းရင်းသားတွေက လိုအပ်ချက်တွေကို ပိုပြီးသိကြပါတယ်။ ကျွန်မတို့အနေနဲ့ ချင်းပြည်နယ်ရဲ့ လိုအပ်ချက်ကိုလည်း သိရမယ်၊ ကချင်ပြည်နယ်ရဲ့ လိုအပ်ချက်ကိုလည်း သိရမယ်။ ကရင်၊ ကယား စသဖြင့် အားလုံးကိုခြုံငုံပြီး ကြည့်ရပါတယ်။ ဒါကြောင့် ဒေသခံတွေနဲ့ တွေ့တဲ့အခါ ကျွန်မ မကြာခဏ ဆိုသလိုမျိုး အခွင့်အခါသာတိုင်း ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုပါဆိုတာကို သတိပေးပါတယ်။

ပြည်ထောင်စုဆိုတာ ပြည်နယ်တွေနဲ့ တိုင်းဒေသကြီးတွေနဲ့ စုပေါင်းပြီး ဖွဲ့ထားတာပါ။ အထူးသဖြင့် ကျွန်မတို့ရဲ့ နိုင်ငံဟာ တိုင်းရင်းသားများစွာနဲ့ ဖွဲ့ထားတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒီလို မတူညီတဲ့တိုင်းရင်းသားတွေနဲ့ ဖွဲ့စည်းနိုင်တယ်ဆိုတာကိုက ကျွန်မတို့ရဲ့ အင်အားပါ။ ကျွန်မတို့ ဂုဏ်ယူရမယ့် ကိစ္စတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုမတူညီတဲ့ တိုင်းရင်းသားတွေနဲ့ ထူထောင်ထားတဲ့နိုင်ငံဖြစ်တာကို ကျွန်မတို့ ဂုဏ်ယူစေချင်ပါတယ်။ ဒီလိုနိုင်ငံအနေနဲ့ တိုးတက်အောင်လို့ ကျွန်မတို့ရဲ့ ပြည်သူ ပြည်သားတွေ၊ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေ အားလုံးက ဝိုင်းဝန်းပြီး ကူညီပေးစေချင်ပါတယ်။

## ဝိုင်းဝန်းပြီးလုပ်စေချင်

နိုင်ငံတိုးတက်ဖို့ အဓိကလိုအပ်ချက်က ငြိမ်းချမ်းရေးပဲဆိုတာ အများအသိဖြစ်မှာပါ။ ချင်းပြည်နယ်ဟာ တခြားပြည်နယ်တွေနဲ့စာရင် လက်နက်ကိုင်အဖွဲ့တွေနည်းခဲ့ပါတယ်။ နည်းခဲ့တဲ့အတွက် ပြည်သူတွေက ဒီလောက်ဒုက္ခမရောက်ခဲ့ပါဘူး။ တချို့ပြည်နယ်တွေမှာ လက်နက်ကိုင်တိုက်ခိုက်နေတာ လွတ်လပ်ရေးရကတည်းက စခဲ့တာ အနှစ် ၇၀ ကျော်ပါပြီ။ ခုထက်ထိ ငြိမ်းချမ်းရေးမရသေးပါဘူး။ ဒါကြောင့် ကျွန်မတို့အားလုံး ငြိမ်းချမ်းရေးရအောင်လို့ ဝိုင်းဝန်းပြီး လုပ်စေချင်ပါတယ်။ ငြိမ်းချမ်းရေးရအောင် လုပ်ဖို့ဆိုတာက ပြည်သူ ပြည်သားတွေအားလုံးပါဝင်မှ ဖြစ်မှာပါ။

ကျွန်မတို့နိုင်ငံဟာ စောစောက ပြောသလို တိုင်းရင်းသားများစွာနဲ့ ဖွဲ့ထားတဲ့ နိုင်ငံဖြစ်ပါတယ်။ ကိုးကွယ်တဲ့ ဘာသာတွေကလည်း မတူပါဘူး။ ချင်းပြည်နယ်မှာ ခရစ်ယာန်ဘာသာဝင်တွေ အများကြီးရှိပါတယ်။ ဒါပေမယ့် ခရစ်ယာန်ဘာသာမှာ ဂိုဏ်းတွေက အမျိုးမျိုးရှိပြီး အားလုံးကိုးကွယ်တာ တစ်ခုတည်းပါ။ ဘုရားသခင် တစ်ပါးတည်းကို ကိုးကွယ်တာကြောင့် ခရစ်ယာန်တွေအားလုံးဟာ ညီညီညွတ်ညွတ်ရှိကြမှာပါ။ ဒီအတိုင်းပဲ ကျွန်မတို့ရဲ့ တိုင်းရင်းသားတွေဟာ မတူညီကြဘူး ဆိုပေမယ့်လည်း ပြည်ထောင်စုတစ်ခုရဲ့ သားသမီးတွေဖြစ်တာမို့ ညီညီညွတ်ညွတ်နဲ့ စည်းစည်းလုံးလုံးနေဖို့ အင်မတန်မှ အရေးကြီးပါတယ်။

နိုင်ငံအတွက် အထူးသဖြင့် ငြိမ်းချမ်းရေးက အရေးကြီးတဲ့အတွက် ငြိမ်းချမ်းရေးကို နှလုံးသွင်းပြီး ကျွန်မတို့ရဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေက စဉ်းစားစေချင်ပါတယ်။

စာမျက်နှာ ၄ သို့ »»

»»» စာမျက်နှာ ၃ မှ

ငြိမ်းချမ်းရေးဆိုတာ ချင်းပြည်နယ်မှာ အများစုဖြစ်တဲ့ ခရစ်ယာန်တွေကလည်း ငြိမ်းချမ်းရေးကို လိုချင်ကြပါတယ်။ အားလုံးအသိပါ၊ ခရစ်တော်ဟာ ငြိမ်းချမ်းရေးရဲ့ သံတမန်တစ်ပါး၊ ငြိမ်းချမ်းရေးရဲ့မင်းကြီးဆိုပြီး ချီးမြှောက်ပြီး ခေါ်ဆိုကြပါတယ်။ ဒီလိုငြိမ်းချမ်းရေးကို တကယ်ယုံကြည်တယ်ဆိုရင် စိတ်ထဲကနေ စဖို့ဖြစ်ပါတယ်။ စိတ်ထဲကနေပြီး ငြိမ်းချမ်းရေးကို စတယ်ဆိုတာ တစ်ဦးအပေါ်တစ်ဦး မေတ္တာထားတာနဲ့ စရမှာပါ။

### ငြိမ်းချမ်းရေးကို လိုလား

ခရစ်ယာန်ဘာသာမှာဆိုရင် ဘုရားသခင်သည် မေတ္တာတရားဖြစ်၏ဆိုပြီး ပြောကြပါတယ်။ ချစ်ခြင်းမေတ္တာကို ယုံကြည်ကိုးကွယ်သူများဟာ ငြိမ်းချမ်းရေးကို လိုလားရမယ်၊ ငြိမ်းချမ်းရေးကို တန်ဖိုးထားရမယ်။ ဒါကြောင့် ချင်းပြည်နယ်က ပြည်နယ်သူ ပြည်နယ်သားတွေအားလုံး၊ မောင်နှမသားချင်းတွေအားလုံးကို ငြိမ်းချမ်းရေးဘက်ကို ဦးတည်တဲ့လုပ်ငန်းတွေကို တတ်နိုင်သမျှ လုပ်ပေးကြပါလို့ ကျွန်မက မေတ္တာရပ်ခံချင်ပါတယ်။ စောစောက ပြောသလို စိတ်ထဲကနေ မေတ္တာတရားနဲ့ စရမှာပါ။ ငြိမ်းချမ်းရေးရဲ့ အဓိကရန်ဘက်က ဒေါသဖြစ်ပါတယ်။ ဒေါသဆိုတာ မလိုမုန်းတီးတဲ့စိတ်၊ တခြားသူတွေရဲ့ အကျိုးစီးပွားကို မလိုလားတဲ့စိတ် ဒါတွေက ဒေါသစိတ်ဖြစ်ပါတယ်။

ကျွန်မတို့အားလုံးဟာ တစ်ယောက်နဲ့တစ်ယောက် အကျိုးစီးပွားကို လိုလားမယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာ တိုးတက်မှုရှိမှာပါ။ လိုလိုလားလားနဲ့ လုပ်ဖို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်၊ တိုက်တွန်းချင်ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ငြိမ်းချမ်းရေး မရှိလို့မဖြစ်ဘူးဆိုတာကို ကျွန်မတို့အားလုံး သတိပြုမိဖို့လိုပါတယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ ဒွန်တွဲနေပါတယ်။ ငြိမ်းချမ်းရေးရှိမှ ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက်ဖြစ်အောင် လုပ်နိုင်မှာပါ။ ဖွံ့ဖြိုးတိုးတက်မှုရှိမှ ငြိမ်းချမ်းရေးကို ဆက်လက်ပြီး ထိန်းသိမ်းထားနိုင်မှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် လူသားတွေအားလုံးက ရုပ်ပိုင်းဆိုင်ရာ ချမ်းချမ်းသာသာ နေချင်တယ်။ စိတ်ပိုင်းဆိုင်ရာလည်း ချမ်းသာချင်ကြတယ်။ ရုပ်ပိုင်းဆိုင်ရာ ချမ်းသာဖို့ဆိုတာ ပထမဦးဆုံးလိုအပ်ချက်က လုံခြုံရေးပဲဆိုတာကို သတိပြုစေချင်ပါတယ်။

ကိုယ့်စိတ်မလုံခြုံဘဲနဲ့ ကိုယ်နေထိုင်ရတာ ရုပ်ပိုင်းဆိုင်ရာအရ မလုံခြုံဘဲနဲ့ ဘယ်လိုမှ စိတ်ချမ်းသာနိုင်မှာ မဟုတ်ပါဘူး။ ရုပ်ပိုင်းဆိုင်ရာ လုံခြုံဖို့ဆိုတာလည်း ငြိမ်းချမ်းရေးရှိဖို့ လိုပါတယ်။ ထိုနည်းလည်းကောင်းပဲ စိတ်ပိုင်းဆိုင်ရာလုံခြုံဖို့ ငြိမ်းချမ်းရေးလိုပါတယ်။ ကိုယ့်ရဲ့ပတ်ဝန်းကျင်က မအေးချမ်းဘူး၊ မငြိမ်းချမ်းဘူးဆိုရင် ဘယ်လိုလုပ် ကိုယ့်စိတ်လုံခြုံမှုရှိနိုင်မှာလဲ။ စိတ်က အေးချမ်းနိုင်မှာ မဟုတ်ဘူး၊ လုံခြုံနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့်မို့လို့ ကျွန်မတို့အားလုံး လုံခြုံဖို့၊ စိတ်ချမ်းသာနဲ့ ကိုယ်ချမ်းသာရှိဖို့အတွက် ငြိမ်းချမ်းရေးဟာ ပထမခြေလှမ်း ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးနဲ့ဒွန်တွဲပြီး ကျွန်မတို့ဟာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်သွားရမှာပါ။ ဒါနဲ့ပတ်သက်လို့ ပြောရမယ်ဆိုရင် ကျွန်မ ဘယ်ပဲသွားသွား၊ ပြည်သူတွေနဲ့ တွေ့တဲ့အခါ ပြည်သူတွေရဲ့ မေးခွန်းတွေ၊ တင်ပြချက်တွေကို တောင်းခံပါတယ်။ တောင်းခံရတဲ့အကြောင်းရင်းက နိုင်ငံရဲ့ နေရာဒေသအသီးသီးမှာ ဘယ်လိုပြဿနာတွေရှိနေလဲ၊ ဘာလိုအပ်ချက်တွေရှိနေလဲ၊ ပြည်သူတွေက ဘယ်လိုဆန္ဒတွေရှိလဲဆိုတာကို ကျွန်မတို့ သိချင်လို့ဖြစ်ပါတယ်။ ဒါအစိုးရတိုင်းရဲ့ တာဝန်ဖြစ်ပါတယ်။ အထူးသဖြင့် ပြည်သူက ရွေးချယ်တင်မြှောက်ထားတဲ့ ဒီမိုကရေစီစနစ်အရ ပေါ်ပေါက်လာတဲ့ အစိုးရရဲ့တာဝန်တွေဟာ ပြည်သူတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ပါ။ လိုအပ်ချက်တွေနဲ့ လိုလားချက်တွေက မတူဘူးဆိုတာကိုလည်း ကျွန်မ သတိပေးချင်ပါတယ်။ လူတိုင်းလူတိုင်းက ကိုယ်ပိုင်လိုလားချက်တွေ၊ ဆန္ဒတွေ ရှိပါတယ်။

### ကိုယ်လိုချင်တဲ့ဆန္ဒ

ကိုယ်လိုချင်တဲ့ ဆန္ဒအားလုံးဟာ လိုအပ်ချက်ရှိမှ ဖြစ်မှာပါ။ တစ်ခါတလေ ကိုယ်လိုချင်တဲ့ဆန္ဒဟာ တခြားသူတွေအတွက် အကျိုးရှိချင်မှ ရှိမယ်။ ကိုယ့်အတွက်၊ ကိုယ့်အသိုက်အဝန်းအတွက် အကျိုးရှိချင်မှ ရှိလိမ့်မယ်။ တခြားသူတွေအတွက် အကျိုးယုတ်စေတဲ့ကိစ္စတွေ ဖြစ်နိုင်ပါတယ်။ ဒါတွေကိုလည်း ကျွန်မတို့ တစ်ချိန်လုံး ချင့်ချိန်ရမှာ ဖြစ်ပါတယ်။

အထူးသဖြင့် ဒီမိုကရေစီအစိုးရကို တာဝန်ယူထားတဲ့ ပုဂ္ဂိုလ်များဟာ အများပြည်သူအတွက် အကောင်းဆုံးဖြစ်တဲ့အဖြေကို အမြဲပဲရှာနေရပါတယ်။ ဒါလွယ်တဲ့ကိစ္စမဟုတ်ပါဘူး။ ကျွန်မတို့မှာ ပြည်နယ်နဲ့ တိုင်းဒေသကြီး အားလုံးပေါင်း ၁၄ ခု ရှိပါတယ်။ ဒီ ၁၄ ခုမှာ တစ်ခုနဲ့တစ်ခု လိုအပ်ချက်တွေက မတူပါဘူး။ ဒါပေမယ့် လိုအပ်ချက်တွေက ရှိကြတာပဲ။ မတူဘူးဆိုပေမယ့် တချို့လိုအပ်ချက်တွေက အတူတူပါပဲ။ တချို့ကျတော့ ကွာပါတယ်။ လမ်းပန်းဆက်သွယ်ရေးဆိုရင် မြေပြန့်မှာလည်း လမ်းကောင်းဖို့ လိုပါတယ်။ ချင်းပြည်နယ်လို တောင်တက်တောင်ဆင်းများတဲ့နေရာမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲတယ်ဆိုတာ အားလုံးသိကြပေမယ့် တချို့က ဘာကိုဂရုမပြုမိဘူးလဲဆိုတော့ မြေပြန့်မှာ အင်မတန်မှမိုးများတဲ့နေရာတွေ ဥပမာ ဧရာဝတီတိုင်းဒေသကြီးဆိုရင် မိုးတွင်းကာလမှာ သွားလာရေး အင်မတန်မှ ခက်ခဲပါတယ်။

မိုးတွင်းကာလမှာဆိုရင် ရာသီစုံသွားတဲ့လမ်းမဟုတ်တဲ့အတွက် လမ်းတွေက ပျက်စီးသွားပြီး တစ်ခါတလေ (၅)လလောက်တောင်မှ လမ်းတွေဟာ သုံးလို့မရတဲ့ အခြေအနေမျိုးဖြစ်ပါတယ်။ ဒီလိုဖြစ်တဲ့အခါ အစိုးရအနေနဲ့ တစ်နိုင်ငံလုံးရဲ့ လိုအပ်ချက်တွေကို ကြည့်လိုက်တဲ့အခါ ကျွန်မတို့ရဲ့နိုင်ငံသူနိုင်ငံသားတွေ ရင်ဆိုင်နေရတဲ့ပြဿနာတွေဟာ အင်မတန်မှ ဆင်တူယိုးမှားရှိတယ်ဆိုတာကို သဘောပေါက်ပါတယ်။

ချင်းပြည်နယ်ဆိုရင် မိုးတွင်းကာလမှာ သွားရေးလာရေး အင်မတန်မှ ခက်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးလို နေရာမှာလည်း သွားရေးလာရေး အင်မတန်မှခက်ပါတယ်။ ဒီလိုနေရာတွေကို ကျွန်မတို့ကနေပြီး ဖြေရှင်းပေးဖို့ ကြိုးစားရပါတယ်။ ဒီလမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းရဲ့ အကျိုးဆက်တွေက ကျန်းမာရေးအရ၊ ပညာရေးအရ၊ စီးပွားရေးအရ ခက်ခဲလာပါတယ်။ ကျန်းမာရေးအရဆိုရင် ရွာတိုင်းရွာတိုင်းမှာ ဆေးခန်းတွေ ဖွင့်ပေးဖို့ဆိုတာ ကျွန်မတို့ အခုအချိန်မှာ တတ်နိုင်တဲ့ကိစ္စမဟုတ်ပါဘူး။ ရွာတိုင်းရွာတိုင်းမှာ ဆေးခန်းမရှိဘူးဆိုရင်၊ လမ်းပန်းဆက်သွယ်ရေးမကောင်းဘူးဆိုရင် ဆေးခန်းတစ်ခုရှိတဲ့ နေရာကို ရောက်ဖို့ အင်မတန်မှ ခက်ခဲပါတယ်။ ခက်ခဲတဲ့အခါ အရေးပေါ်ကုသဖို့လိုရင် မလုပ်နိုင်ပါဘူး။ ဒီအတိုင်းပါပဲ။ ချင်းပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီးမှာလည်း ဒီလိုဖြစ်နေပါတယ်။

ဧရာဝတီတိုင်းဒေသကြီးက ချင်းပြည်နယ်နဲ့ ပထဝီအနေအထားအရ အင်မတန်မှ ကွာခြားတယ်ဆိုပေမယ့် ဧရာဝတီတိုင်းဒေသကြီးလိုနေရာမှာလည်း မိုးတွင်းအချိန်မှာဆိုရင် လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့အခါ၊ လမ်းတွေမကောင်းတဲ့အခါ ကျန်းမာရေးနဲ့ပတ်သက်ပြီး အခက်အခဲတွေဖြစ်လာပါတယ်။ အနီးဆုံးဆေးခန်းကိုသွားဖို့ အင်မတန် ခက်ခဲပါတယ်။ ပညာရေးဆိုရင်လည်း ထိုနည်းလည်းကောင်းပါပဲ။

### အင်မတန်ခက်ခဲ

ချင်းပြည်နယ်မှာလည်း လမ်းမကောင်းဘူးဆိုရင် ကလေးတွေ ကျောင်းသွား၊ ကျောင်းလာ အင်မတန်ခက်ခဲပါတယ်။ ရွာတိုင်း ရွာတိုင်းမှာလည်း ကျွန်မတို့ကျောင်းတွေ ဆောက်ပေးနိုင်တဲ့ အနေအထားမရှိပါဘူး။ ဧရာဝတီတိုင်းဒေသကြီးမှာလည်း ဒီအတိုင်းပါပဲ။ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့အချိန်မှာဆိုရင် တချို့ရွာတွေက ကလေးတွေဆိုရင် ကျောင်းကိုသွားချင်ရင် လှေတွေနဲ့ ရေလမ်းခရီးကနေ ကျောင်းလိုက်ဖို့ရပါတယ်။ ဒါပေမယ့် ဒါက တတ်နိုင်တဲ့သူရှိတယ်။ မတတ်နိုင်တဲ့သူရှိတယ်။ မတတ်နိုင်တဲ့သူတွေကျတော့ တချို့ရွာတွေမှာဆိုရင် မိုးတွင်းတစ်ရာသီလုံးမှာ ကလေးတွေက ကျောင်းမသွားဖြစ်တဲ့အခြေအနေ ရောက်သွားကြတယ်။

ချင်းပြည်နယ်က ပြည်သူလူထုလည်း ဒီလိုအခက်အခဲတွေ ရင်ဆိုင်ဖူးမှာပဲ။ ကြုံတွေ့ဖူးမှာပဲ။ ဒါကြောင့် ကျွန်မတို့အားလုံးဟာ တကယ့်ကိုတစ်လှေတည်းသွားနေတဲ့သူတွေပါ။ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး တစ်လှေတည်းမှာသွားနေတဲ့ နိုင်ငံသူ နိုင်ငံသားတွေ၊ ပြည်ထောင်စုသားတွေ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့အားလုံး စုစုစည်းစည်းနဲ့ ပြည်ထောင်စုကြီး တစ်ခုလုံး တိုးတက်ဖို့အတွက်ကို ကြိုးစားဖို့ဟာ တစ်ယောက်ချင်း တစ်ယောက်ချင်းမှာ တာဝန်ရှိပါတယ်။

အားလုံးတိုးတက်မှ တစ်ယောက်ချင်းလည်း တိုးတက်နိုင်မယ်။ တစ်ယောက်ချင်း တိုးတက်မှုလည်း အားလုံးဟာ တိုးတက်နိုင်မယ်။ ဒီလိုစိတ်ထားမျိုးနဲ့ ကျွန်မတို့ရဲ့ပြည်ထောင်စုဖွားတိုင်းရင်းသားတွေကို ကြိုးစားပေးစေချင်ပါတယ်။ ကျွန်မတို့ နိုင်ငံဟာ ဖွံ့ဖြိုးမှုဘက်မှာ နောက်ကျကျန်နေတဲ့ နိုင်ငံတစ်ခုပါ။ ဒီသမိုင်းကြောင်းကို အများသိပြီးသားဖြစ်ပါတယ်။ ဒီလို ဖွံ့ဖြိုးမှုနောက်ကျတဲ့ နိုင်ငံတစ်ခုဖြစ်လို့ ပိုပြီးကြိုးစားဖို့လိုပါတယ်။ ပိုကြိုးစားပြီးတော့ ပိုပြီးတိုးတက်ဖို့အတွက် အရှိန်အဟုန်နဲ့ ဆက်ပြီးသွားမှသာလျှင် တခြားနိုင်ငံတွေနဲ့ ကျွန်မတို့ ရင်ပေါင်တန်းနိုင်မှာပါ။ နိုင်ငံတစ်နိုင်ငံရဲ့အဓိကအင်အားဟာ ဒီနိုင်ငံအတွင်းမှာ ရှိပါတယ်။

### ကိုယ်ပိုင်အင်အား

ပြင်ပက ဘယ်လိုပဲ ကူညီတယ်ပြောပြော တကယ့်အင်အားဟာ ကျွန်မတို့နိုင်ငံက ပြည်သူတွေရဲ့အတွင်းကနေ ထွက်လာတဲ့အင်အားပါ။ ပြည်သူတစ်ဦးချင်း တစ်ဦးချင်းရဲ့အရည်အချင်းတွေကို စုပေါင်းပြီး ထွက်ပေါ်လာတဲ့ အင်အားသာလျှင် ကျွန်မတို့ရဲ့ ကိုယ်ပိုင်အင်အားတွေ ဖြစ်ပါတယ်။ အပြင်က အင်အားတွေဆိုတာ ကျွန်မတို့ကို ပံ့ပိုးတဲ့အချိန်ရှိချင်ရှိမယ်။ မပံ့ပိုးတဲ့အချိန်ရှိချင်ရှိမယ်၊ ဒါပေမယ့် ကိုယ့်ရဲ့အင်အားတွေဟာ အစဉ်အမြဲခိုင်မာနေမယ်၊ စုစည်းနေမယ်ဆိုရင် ကျွန်မတို့ရဲ့နိုင်ငံဟာ တိုးတက်နိုင်မယ်၊ ဖွံ့ဖြိုးနိုင်မယ်။ ကျွန်မတို့ရဲ့ပြည်သူလူထုတွေအားလုံး လုံခြုံနိုင်မယ်။ ကျွန်မတို့ရဲ့ ကလေးသူငယ်တွေရဲ့ အနာဂတ်အတွက် ကျွန်မတို့ စိတ်ချနိုင်မယ်။ ဒါကြောင့် ကျွန်မတို့ ဘာပဲလုပ်လုပ်၊ ဘယ်လိုအခြေအနေမှာ ဖြစ်ဖြစ် နောင်မျိုးဆက်တွေအတွက် စဉ်းစားဖို့ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။

ကျွန်မတို့ ဘယ်လိုအမွေအနှစ်တွေ ထားခဲ့မလဲဆိုတာကို သေသေချာချာ စဉ်းစားစေချင်ပါတယ်။ နောင်လာနောက်သားတွေအတွက်၊ ကြီးထွားလာမယ့် ကလေးသူငယ်တွေအတွက် ကျွန်မတို့ ဘယ်လိုအမွေတွေ ထားပစ်ခဲ့မလဲ။ ကျွန်မတို့တုန်းက မိဘတွေက ဘယ်လိုအမွေအနှစ်တွေ ထားပစ်ခဲ့သလဲ။ ဒါတွေကိုပြန်ကြည့်ပြီး ကျွန်မတို့ရဲ့ ခေတ်အဆက်ဆက် မျိုးဆက်တွေအတွက် ပိုပြီးတိုးတက်ဖို့၊ ပိုပြီးကြီးပွားဖို့၊ ပိုပြီးစိတ်ချမ်းသာဖို့ ဦးတည်ပြီး အင်မတန်မှ ထိုက်ထိုက်တန်တန်နဲ့ လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ငန်းတစ်ခုဖြစ်လို့ အားလုံးဝိုင်းပြီး ပူးပေါင်းပြီး ဆောင်ရွက်ပေးကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံပါတယ်။

### ပြည်သူလူထုကို ကိုယ်စားပြု

ဒီမိုကရေစီမှာ ပြည်သူလူထုကို ကိုယ်စားပြုတဲ့ ဒီမိုကရေစီအစိုးရ ဘာဖြစ်လို့ ရွေးချယ်ရလဲဆိုရင် ကျွန်မတို့ရဲ့ သန်း(၅၀)ကျော်သော ပြည်သူတွေ အားလုံးကနေပြီး အစိုးရတက်လုပ်ဖို့ ဘယ်လိုမှ လက်တွေ့ကျကျဖြစ်နိုင်တဲ့ ကိစ္စမဟုတ်ပါဘူး။ ဒါကြောင့် ပြည်သူကို ကိုယ်စားပြုပြီး ပြည်သူကို လေးလေးစားစားနဲ့ ဖြောင့်ဖြောင့်မတ်မတ်နဲ့ ဦးဆောင်တဲ့အစိုးရတွေကို ကျွန်မတို့ကနေ ရွေးချယ်တင်မြှောက်နိုင်ဖို့ ကြိုးစားပြီး ဆောင်ရွက်ရတာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ အစိုးရတာဝန်တွေကို ထမ်းဆောင်နေတဲ့ အချိန်ကာလ တစ်လျှောက်လုံးမှာ ပြည်သူလူထုနဲ့ ပတ်သက်ပြီး ဖြောင့်ဖြောင့်မတ်မတ်နဲ့ တတ်နိုင်သမျှ ကျွန်မတို့ရဲ့ စွမ်းအားတွေကိုသုံးပြီးလုပ်ပါတယ်။ ဆက်ပြီးတော့လည်း လုပ်သွားမှာပါ။ အခု ကျွန်မတို့ရဲ့စွမ်းအားတွေသုံးပြီး ပြည်သူတွေ တင်ပြတဲ့မေးခွန်းတွေကို အကောင်းဆုံးဖြေပေးပါမယ်လို့ ပြောချင်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ ကြိုတင်တင်ပြမေးမြန်းထားသည့် တွန်းဇံမြို့ ခေါလိုင်ဂိုးဇန်ရပ်ကွက်မှ ဒေါ်ဟောက်ဂိုးကျင်းက တွန်းဇံမြို့မှ (၂၉)မိုင်ခန့် သာကွာဝေးသော တီးတိန်မြို့နယ်အား ခရိုင်အဆင့် တိုးချဲ့ပေးရေး၊ တွန်းဇံမြို့ ခေါလိုင်ရပ်ကွက်မှ ဦးထန်လမ့်ပေါင်က ၂၀၁၀ ပြည့်နှစ်မှစ၍ သက်ဆိုင်ရာဌာနမှ ပိုးအိမ်ဝယ်ယူခြင်း မရှိတော့ပါသဖြင့် ပိုးစာပင်စိုက်ပျိုးခြင်းလုပ်ငန်းနှင့် ပိုးမွေးမြူရေးလုပ်ငန်းများ ရပ်ဆိုင်းခဲ့ပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ပိုးစာပင်စိုက်ပျိုးခြင်းလုပ်ငန်းနှင့် ပိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လိုပါသဖြင့် နိုင်ငံတော်မှ ထောက်ပံ့ကူညီနိုင်ရေး၊ တွန်းဇံမြို့ ခေါဝုန်လေးဆန်းရပ်ကွက်မှ ဦးထန်ကျင့်လျန်းက တွန်းဇံမြို့နယ်အတွင်း သစ်တောကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောအနေဖြင့် ဧရိယာဧက စုစုပေါင်း (၂၃၀၀၀၀) ကျော်ခန့်ရှိသော်လည်း သစ်တောဦးစီးဌာနရုံးမရှိသောကြောင့် အခက်အခဲများရှိပါသဖြင့် သစ်တောဦးစီးဌာနရုံးဖွင့်လှစ်ပေးရေး၊ တွန်းဇံမြို့ ခေါဝုန်ရပ်ကွက်မှ ဦးထန်ဆွင်းဟန်က ဒေသခံပြည်သူများ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်မှ အတိုးနှုန်းနည်းသည့် ကာလရှည်ချေးငွေထုတ်ချေးပေးရေး၊ ကျီခါးမြို့ အမှတ်(၁)ရပ်ကွက်မှ ဦးထန်ဆွင်းဇမ်းက တွန်းဇံမြို့နယ် ခင်မန်းကျေးရွာ နယ်စပ်ဈေးတည်ဆောက်ရန်လျာထားသည့်နေရာသည် ကျီခါးမြို့မှ (၇)မိုင်အကွာ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်၏ အင်ဖာလ်မြို့သို့ ဆက်သွယ်ထားသော အဓိက လမ်းမကြီးပေါ်တွင်တည်ရှိနေပါသဖြင့် ခင်မန်းကျေးရွာတွင် နယ်စပ်ဈေးဖွင့်လှစ်ပေးရေး၊ ကျီခါးမြို့အမှတ်(၁)ရပ်ကွက်မှ ဦးဝုန်လန့်ထွန်းက တွန်းဇံမြို့နယ် ကျီခါးမြို့သည် လျှပ်စစ်မီးလုံလောက်မှုမရှိသည့်အတွက် ကျီခါးမြို့နှင့် (၉)မိုင်ခန့်ကွာဝေးသော အိန္ဒိယနိုင်ငံမဏိပူရ်ပြည်နယ် ဘင်းဟန်ကျေးရွာမှ (၁၁) KV မဟာဓာတ်အားလိုင်းသွယ်တန်းရရှိလိုပါသဖြင့် အိန္ဒိယနိုင်ငံဘက်မှ တစ်ဆင့် လျှပ်စစ်မီးသွယ်တန်းရရှိရေး နှစ်နိုင်ငံညှိနှိုင်းပူးပေါင်းမှုဖြင့် စီစဉ်ဆောင်ရွက်ပေးရေးနှင့် တွန်းဇံမြို့နယ် ကျီခါးမြို့ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအား (၂၅)ခုတင်ဆံ့ဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရေးတို့ကို မေးမြန်းတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ချက်ချင်းဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့် အခြေအနေများ၊ စိစစ်ဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ခန်းမအတွင်းနှင့် ခန်းမပြင်ပတို့မှ မေးခွန်းတင်ပြမေးမြန်းလိုသူ ၅ ဦးဖြစ်သည့် တွန်းဇံမြို့ ခေါဝုန်လေးဆန်းရပ်ကွက်မှ ဦးထန်လမ့်ခုပ်က ပြည်သူ့ဆေးရုံ သန့်ရှင်းသာယာလှပရေးနှင့် အများပြည်သူပိုင်ခန်းမတစ်ခု ဆောက်လုပ်ပေးရေး၊ တွန်းဇံမြို့ ခေါဝုန်လေးဆန်းရပ်ကွက်မှ ဦးပေါင်ရှင်းမန်က သိမ်းဆည်းလယ်ယာမြေဆိုင်ရာများ၊ မြို့မြေအဖြစ် ထည့်သွင်းမှုနှင့် အိမ်ရာမြေများ ခွဲဝေချထားရေးကိစ္စများတွင် ပြန်လည်စိစစ် ဆောင်ရွက်ပေးရေး၊

စာမျက်နှာ ၅ သို့ »»»



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထန်တလန်မြို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သီကီးရိ်ကျေးရွာ တိုက်နယ်ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

»»» **စာမျက်နှာ ၄ မှ**

တွန်းဇံမြို့ ခေါလိုင်ဂိုးဇန်ရပ်ကွက်မှ ဦးပေါင်လျန်ထန်က နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ဝန်ထမ်းအိမ်ရာရှေ့ ပေ ၅ဂ ခန့်နှင့် အနောက်ဘက်ပေ ၅ဂ ခန့်တို့ကို မြေထိန်းနံရံ ဆောက်လုပ်ပေးရေး၊ တွန်းဇံမြို့ ခေါဝုန်လေးဆန်းရပ်ကွက်မှ ဦးထန်ဆွမ်းမုန်က မြို့ပေါ်ရပ်ကွက်များ သောက်သုံးရေရရှိရေး၊ မြို့မှ ရေထွက် ၁၆ မိုင်အား ကြားလမ်းဖောက်ပေးနိုင်ရေး၊ တွန်းဇံမြို့ ခေါဝုန်လေးဆန်းရပ်ကွက်မှ ဦးကျင့်ဒွတ်ကိမ်းတွေ့င်က သိမ်းဆည်းသွားသောတောင်ယာမြေများ ပြန်လည်ရရှိရေး မေးခွန်းများကို မေးမြန်းတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ကိစ္စတစ်ခုချင်းစီအလိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**မကြာခဏတွေ့ဆုံ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့က နောက်ကျပေမယ့်လည်း စိတ်ရှည်လက်ရှည်နဲ့ စောင့်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ဒီလိုအချိန်တိုအတွင်းမှာ အားလုံးလုပ်ချင်တဲ့ ကိစ္စတွေကို ပြီးအောင်လို့ လုပ်နိုင်ဖို့ဆိုတာ အားလုံး ပူးပေါင်းဆောင်ရွက်မှ ဖြစ်တာပါ။ ပူးပေါင်းဆောင်ရွက်မှု မရှိလို့ရှိရင် လုပ်လို့ရမှာမဟုတ်ပါဘူး။ ဒီလို တွေ့ရတဲ့အခါမှာ ဒေသခံတွေရဲ့ လိုအပ်ချက်တွေကို သိရရုံမက ဒေသခံတွေရဲ့ စိတ်နေသဘောထားတွေကိုလည်း သိပိုင်ခွင့်ရတဲ့အတွက် အင်မတန်မှ တန်ဖိုးရှိပါတယ်။ နောင်လည်း ဒီလိုပဲ ပြည်သူတွေနဲ့ မကြာခဏတွေ့ဆုံနိုင်ဖို့လည်း ကြိုးစားပါမယ်။ ပြည်သူနဲ့ အစိုးရအကြားမှာ အမြဲအဆက်အသွယ် ရှိနေဖို့လိုပါတယ်။ ဒီမိုကရေစီအစိုးရဆိုတာ ပြည်သူ့ရဲ့ဆန္ဒအရ တင်မြှောက်ထားတဲ့ အစိုးရပါ။ အစိုးရကို ကြောက်ဖို့မလိုပါဘူး။ ကြောက်ဖို့မလိုဘူးဆိုတာ အစိုးရကို တိုက်ခိုက်ရမယ်လို့ဆိုလိုတာလည်း မဟုတ်ပါဘူး။ ပူးပေါင်းဆောင်ရွက်ပါ။ အားလုံးပူးပေါင်းလုပ်ကိုင်မှ သာလျှင် တိုးတက်နိုင်မှာပါ။

တင်ပြသွားတဲ့ အချက်တွေအားလုံးကိုလည်း ကျွန်မတို့ လေးလေးနက်နက်ထားပါတယ်။အားလုံး ပြန်ပြီးကြည့်ပေးပါမယ်။ ဒီလို ကျွန်မတို့ရဲ့ တွေ့ဆုံပွဲမှာ တင်ပြတဲ့ကိစ္စတွေဆိုရင် ပွင့်ပွင့်လင်းလင်းပြောရရင် အထူးအလေးထားပြီး မြန်မြန်ဆန်ဆန် လုပ်ပေးပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ပြည်သူတွေရဲ့ အသံကို တိုက်ရိုက်ကြားရတယ်ဆိုရင် ဒါကို အလေးအနက်ထားရမယ့်ကိစ္စ ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့တော့ ရာသီဥတုကြောင့် နောက်ကျခဲ့ရလို့ ဒီမှာလာရောက်တွေ့ဆုံတဲ့ပြည်သူတွေအတွက် အခက်အခဲဖြစ်သွားတယ်ဆိုရင် တောင်းပန်ပါတယ်။ စေတနာ အပြည့်အဝနဲ့ အတတ်နိုင်ဆုံးလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးသွားမယ်လို့ ကျွန်မအနေနဲ့ ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်"ဟု ပြောကြားပြီး တွေ့ဆုံပွဲ တက်ရောက်လာသည့် တိုင်းရင်းသား တိုင်းရင်းသူလေးများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်များဖြင့် သီကီးရိ်ကျေးရွာသို့ရောက်ရှိရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာ ရွှေလွှမ်းနှင့် ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ကြိုဆိုသော သီချင်းကို သီဆို၍ ရိုးရာယဉ်ကျေးမှုအကများဖြင့်လည်းကောင်း၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားတိုင်းရင်းသူများနှင့်ကျောင်းသားကျောင်းသူလေးများက နိုင်ငံတော်အလံငယ်များကို ဝှေ့ယမ်း၍လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။

**တက်ရောက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ သီကီးရိ်ကျေးရွာ တိုက်နယ်ဆေးရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်နှင့် ရပ်မိရပ်ဖ ဦးဟရမ်ပေးတို့က သီကီးရိ်ကျေးရွာ တိုက်နယ်ဆေးရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သီကီးရိ်ကျေးရွာ တိုက်နယ်ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် Dingdi Dream Organization၊ Medi Myanmar Group Ltd နှင့် ဝိသာခါဖောင်ဒေးရှင်းတို့မှ တာဝန်ရှိသူများက ဆေးရုံသုံးပစ္စည်းကိရိယာများ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများကို ပြည်နယ် ပြည်သူ့ကျန်းမာရေး၊ ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သီကီးရိ်ကျေးရွာ တိုက်နယ်ဆေးရုံမျက်နှာစာ၌ ဂျပန်ချယ်ရီပင်များကို အမှတ်တရစိုက်ပျိုးပေးကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး ဆေးဝါးကုသမှု ခံယူလျက်ရှိသူများကို အားပေးစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် သီကီးရိ် ကျေးရွာသို့ ပြောင်းရွှေ့ရောက်ရှိလာသည့် ဘောင်လူမျိုးစုများအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်က ဆောက်လုပ်လှူဒါန်းသော နေအိမ်အလုံး ၅ဂ ဖွင့်ပွဲအခမ်းအနားနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အမှုဆောင်ညွှန်ကြားရေးမှူး ဦးမိုးဇော်ဦးတို့က နေအိမ်အလုံး ၅ဂ ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အမှုဆောင်ညွှန်ကြားရေးမှူး ဦးမိုးဇော်ဦးက နေအိမ်အလုံး ၅ဂ ဆောက်လုပ် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နေအိမ်အလုံး ၅ဂ ကို ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်ထံ လွှဲပြောင်းပေးအပ်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်သည်တော်များသည် အခမ်းအနားသို့တက်ရောက်လာသည့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်များဖြင့် ထန်တလန်မြို့သို့ ရောက်ရှိကြရာ ချင်းတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ကြိုဆိုသော သီချင်းကိုသီဆို၍ ရိုးရာယဉ်ကျေးမှု အကများဖြင့်လည်းကောင်း၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ကျောင်းသား ကျောင်းသူလေးများက နိုင်ငံတော်အလံငယ်များကို ဝှေ့ယမ်း၍လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထန်တလန်မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့ကို လာရောက်ကြိုဆိုတဲ့ ထန်တလန်က မိဘပြည်သူတွေအားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ ကျေးဇူးတင်တယ်လို့လည်း ပြောချင်ပါတယ်။ ချင်းပြည်နယ်မှာ ပျော်စရာကောင်းတာ တစ်ခုက ဘယ်ကိုသွားသွား သီချင်းလေးတွေနဲ့ ကျွန်မတို့ကို ကြိုဆိုပါတယ်။ ချင်းတိုင်းရင်းသားတွေက အဆိုမှာ အင်မတန်တော်ပါတယ်။ သီချင်းဆိုတဲ့နေရာမှာ အသံတွေလည်း ကောင်းတယ်၊ ဆိုလည်းဆိုတတ်ကြပါတယ်။ နေရာတိုင်းမှာ သီချင်းတွေ ဖွဲ့နွဲ့စပ်ဆိုကြတာ အင်မတန်မှ ကျွန်မတို့အတွက် နွေးထွေးမှုပြတယ်လို့ ယုံကြည်ပါတယ်။

ကျွန်မတို့ ပြည်ထောင်စုတစ်ခွင်လုံးမှာ ဘယ်ကိုသွားသွား၊ ဘယ်ကိုခရီးထွက်ထွက် ပြည်သူပြည်သားတွေဟာ နွေးထွေးမှုနဲ့ ကြိုဆိုလေ့ရှိပါတယ်။ ကျွန်မတို့ ပြည်ထောင်စုရဲ့သင်္ကေတ တစ်ခုပါ။ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေအားလုံးက နွေးထွေးတဲ့ စိတ်ဓာတ်ရှိပါတယ်။ ဧည့်သည်တွေကို ခရီးဦးကြိုပြုတဲ့အခါမှာ စိတ်ချမ်းသာအောင် တကယ့်စေတနာ မေတ္တာနဲ့ ကြိုဆိုလေ့ရှိပါတယ်။ အဲဒီအတွက်လည်း ကျေးဇူးတင်ပါတယ်၊ အင်မတန်မှ ဂုဏ်ယူပါတယ်။

**ဆက်စပ်မှုရှိ**

ကျွန်မတို့နိုင်ငံဟာ တကယ့်စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်နိုင်တယ်လို့ ယုံကြည်ရတဲ့ အကြောင်းရင်းက အခြေခံအားဖြင့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ စိတ်ဓာတ်ကြောင့် ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်မတို့နိုင်ငံဟာ ဘယ်လိုပဲပြောပြော အားလုံးဟာ ဆက်နွှယ်မှုရှိပါတယ်။ ပြည်ထောင်စုအတွင်းမှာ တချို့တွေက တိုင်းဒေသကြီး တစ်ခုနဲ့တစ်ခု၊ ပြည်နယ် တစ်ခုနဲ့တစ်ခု ဆက်စပ်မှု မရှိဘူးလို့ ထင်ကြပါတယ်။ တကယ်တော့ ကိုယ်ထင်တာထက် အများကြီး ဆက်စပ်မှုရှိပါတယ်။

ကျွန်မတို့ဟာ တစ်ခရီးတည်းသွားနေတဲ့ ပြည်ထောင်စုသားတွေလို့ စိတ်ထဲမှာ ထားစေချင်ပါတယ်။ ခွဲခြားပြီးတော့ မနေစေချင်ပါဘူး။ ကျွန်မတို့ အားလုံးဟာ ခွဲခြားပြီး နေချင်တယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက် မတူတာတွေဘဲဖြစ်မှာပါ။ ပြည်ထောင်စုတစ်ခုကို ခိုင်ခိုင်မာမာထူထောင်ဖို့ဆိုရင် နှစ်ခုစလုံးကို ကြည့်ဖို့လိုပါတယ်။ ကျွန်မတို့အနေနဲ့ တူညီတဲ့ကိစ္စတွေကိုလည်း ကြည့်ရမယ်၊ မတူတာတွေကိုလည်း ကြည့်ရမယ်။ တူတာတွေကို ကြည့်ခြင်းဖြင့် ကျွန်မတို့အားလုံးဟာ ပိုပြီးခိုင်မာတဲ့၊ ပိုပြီးညီညွတ်တဲ့၊ ပိုပြီး တစ်ယောက်နဲ့တစ်ယောက် စာနာတဲ့ စိတ်ထားတွေ ဖြစ်နိုင်ပါတယ်။

ကျွန်မတို့ ခရီးသွားရင် ပြည်သူတွေနဲ့ တွေ့ဆုံပွဲတွေ လုပ်ပါတယ်။ အဓိက ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို သိချင်လို့၊ ပြည်သူတွေရဲ့ဆန္ဒကို သိချင်လို့၊ ပြည်သူတွေရဲ့ ခံစားမှုတွေကို ကျွန်မတို့လည်း မျှဝေပြီး ခံစားချင်လို့ပါ။ အဲဒီလိုသွားတဲ့အခါမှာ တစ်တိုင်းပြည်လုံးမှာ တူညီတဲ့အချက်တွေက အများကြီးပါ။ ချင်းပြည်နယ်နဲ့ ကရင်ပြည်နယ် အတူတူပါပဲ။ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးက ပြည်သူတွေရဲ့တောင်းဆိုချက်တွေကလည်း မကွာခြားပါဘူး။ ဒါကလည်း အခုမှမဟုတ်ပါဘူး။ ကျွန်မစပြီး နိုင်ငံရေးလုပ်စဉ်ကတည်းကပါ။

**နီးနီးကပ်ကပ်နေနိုင်**

ကျွန်မ နိုင်ငံရေးလောကထဲကို ဝင်လာတာ ဘာလိုလိုနဲ့ နှစ် ၃ဂ ကျော်သွားပြီ။ ဒီ နှစ် ၃ဂ ကျော်အတွင်းမှာ ကျွန်မ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကို ရောက်ပါတယ်။ တစ်တိုင်းပြည်လုံးနှံ့အောင် ရောက်ခဲ့ပါတယ်။ အခုလို အစိုးရတာဝန် ထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ ခရီးသွားရလာရတာက အရင်တုန်းက ပါတီခေါင်းဆောင်တစ်ယောက်အနေနဲ့ ခရီးသွားရတာလောက် ကျေနပ်စရာ မကောင်းပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အရင်တုန်းက ကျွန်မတို့ ကားနဲ့သွားတဲ့အတွက် လမ်းမှာရပ်လို့ရတယ်၊ ရွာတွေမှာ ရပ်လို့ရတယ်၊ လမ်းက ပြည်သူတွေနဲ့ ကားရပ်ပြီး စကားပြောလို့ရပါတယ်။ ချင်းပြည်နယ်ကို ၂ဂဂ၁ ခုနှစ်က လာတုန်းကဆိုရင် လမ်းမှာ လမ်းအလုပ်သမားတွေ၊ လမ်းဆောက်နေတဲ့ အလုပ်သမားတွေနဲ့ စကားရပ်ပြောလို့ရတယ်။ အဲဒီလို ထိတွေ့မှုရနိုင်တဲ့အခါကျတော့ တစ်နည်းအားဖြင့် ကျွန်မအတွက် ကျေနပ်စရာလို့မြင်ပါတယ်။ ပြည်သူတွေနဲ့ ပိုပြီးနီးနီးကပ်ကပ် နေနိုင်ခဲ့ပါတယ်။

အဲဒီတုန်းကတည်းက ကျွန်မသတိပြုမိပါတယ်။ မြန်မာနိုင်ငံ တောင်ပိုင်းရော၊ မြောက်ပိုင်းရော ရှေ့၊ နောက်၊ တောင်၊ မြောက် ဘယ်ပဲသွားသွား အမြဲပဲမေးပါတယ်။ ဘာလိုအပ်ချက်တွေ ရှိလဲဆိုတာကိုပါ။ အခြေခံလိုအပ်ချက်တွေက အတူတူပါ။ အံ့ဩလောက်အောင်ကို တူပါတယ်။ အားလုံးက မေးလိုက်လို့ရှိရင် ဘာလိုအပ်လဲဆိုရင် အဓိကက အခြေခံအားဖြင့် နံပါတ် (၁) က သောက်သုံးရေပဲ။ အားလုံးအတွက် အဓိကအခြေခံပဲ။ ဒုတိယတောင်းဆိုတာက လမ်းပန်းဆက်သွယ်ရေးပဲ။ ချင်းပြည်နယ်မှာဆိုလည်း ဒီလိုပဲ တောင်းဆိုတယ်။ ရှမ်းပြည်နယ်မှာလည်း ဒီလိုပဲတောင်းဆိုတယ်။ တနင်္သာရီမှာလည်း ဒီလိုပဲတောင်းဆိုပါတယ်။ နောက်ထပ် လျှပ်စစ်မီး တောင်းဆိုတယ်။ လျှပ်စစ်မီးလည်း အဓိကပဲ။ တန်ဖိုးထားပုံခြင်းလည်း တူနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ လိုအပ်ချက်တွေတူလို့။ နံပါတ် (၁) က သောက်သုံးရေမရှိရင် အင်မတန်မှ ဘဝက ရုန်းကန်ရတာပင်ပန်းပါတယ်။ ဒါကြောင့် အားလုံးက သောက်သုံးရေ မရှိတဲ့အခါ သောက်သုံးရေကို အဓိကထား တောင်းပါတယ်။ ဒုတိယက လမ်းပန်းဆက်သွယ်ရေး။ လမ်းပန်းဆက်သွယ်ရေးဆိုတာ အားလုံးသိတဲ့အတိုင်းပဲ။ ကလေးတွေ ကျောင်းသွားဖို့အတွက် အဆင်ပြေတယ်။ ကျန်းမာရေးနဲ့ပတ်သက်လို့ ဆေးရုံတွေသွားဖို့လည်း အဆင်ပြေတယ်။ စီးပွားရေးနဲ့ပတ်သက်လို့ သွားရ၊ လာရ၊ ရောင်းဝယ်ဖောက်ကားမှုလုပ်ဖို့လည်း အဆင်ပြေတယ်။ လူမှုရေးနဲ့ပတ်သက်လို့ ကိုယ့်ရဲ့ မိတ်ဆွေတွေ၊ မိဘတွေကို သွားပြီး တွေ့ဖို့လည်း အဆင်ပြေတယ်။ လမ်းပန်းဆက်သွယ်ရေးကို ဒုတိယတောင်းကြတယ်။ တတိယကတော့ လျှပ်စစ်ပါ။ လျှပ်စစ်မီးရမှ ကိုယ့်ရဲ့ဘဝကို ကိုယ်ပိုင်သွားတယ်လို့ ကျွန်မက ဒီလိုပဲ သတ်မှတ်ပါတယ်။

**စိတ်ဝင်စားစရာကောင်း**

နောက်ထပ် တောင်းကြတာ ကျန်းမာရေး၊ ပညာရေး အဲဒီနောက်ဆုံးနှစ်ခုနဲ့ပတ်သက်လို့တော့ စိတ်ဝင်စားစရာ ကောင်းတာက ပညာရေးကိုအမြဲဦးစားပေးပြီး တောင်းတယ်။ ပထမဆုံးရေ၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဒါတွေပြည့်စုံပြီဆိုရင် ပညာရေးကို တောင်းကြတယ်။ ကျောင်းတွေလိုချင်တယ်။ ဆရာ ဆရာမတွေ လိုချင်တယ်။ ကလေးတွေ ပညာရေးအတွက် ဆန္ဒတွေအမျိုးမျိုး ထုတ်ဖော်ပြောကြတယ်။

အဓိကအားဖြင့် ပညာရေးကို အလေးထားတာဟာ ကလေးတွေရဲ့ အနာဂတ်အတွက် ပညာသင်ပေးမှ ဖြစ်မယ်။ ကျွန်မတို့နိုင်ငံဟာ ပညာတတ်တဲ့ နိုင်ငံသူ နိုင်ငံသားတွေရှိမှ တိုးတက်မယ်ဆိုတဲ့ အမြင်လေးရှိနေတယ်။ အဲဒါကို ကျွန်မက သဘောကျတယ်။ ကျန်းမာရေးကို ပညာရေးလောက် အလေးမထားဘူးလားဆိုတော့ ပညာရေးပြီးမှ ကျန်းမာရေး၊ မကျန်းမာရင် ဘယ်လောက်ပဲ ပညာတွေတတ်တတ် ပညာတွေကို သုံးနိုင်တဲ့ အချိန်တွေ ရှိချင်မှရှိမှာ။ ဒါကြောင့် ဒါဟာ တန်းတူညီတူ အရေးကြီးပါတယ်။ အခုနောက်ပိုင်းမှာတော့ ပညာရေးနဲ့ ကျန်းမာရေးကို တန်းတူညီတူ မြင်တာကို တွေ့လာရပါတယ်။ ကျောင်းတွေ တောင်းတယ်။ ဆေးရုံတွေ တောင်းတယ်။ **စာမျက်နှာ ၆ သို့** »»»

»»» **စာမျက်နှာ ၅ မှ**
ဆရာ၊ ဆရာမတွေ တောင်းတယ်။ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ဆရာဝန်တွေ၊ သူနာပြုတွေတောင်းဆိုတယ်။ အဲဒီလို ဖြစ်လာတဲ့အခါကျတော့ ကျန်းမာရေးနဲ့ပညာရေးကို တန်းတူတန်ဖိုးထားလာတယ်ဆိုတာ ကျွန်မကတော့ သဘောကျတယ်။တိုးတက်မှုတစ်ခုလို့ ယူဆတယ်။ စိတ်ပိုင်းဆိုင်ရာ၊ ဦးနှောက်ပိုင်းဆိုင်ရာအားလုံး ဖွံ့ဖြိုးတိုးတက်မှ တိုးတက်နိုင်တယ်ဆိုတာကို အသိအမှတ်ပြုရာရောက်တယ်။ ဒါကျွန်မအတွက် အားရစရာပဲ။ ဒီဟာကို တစ်နိုင်ငံလုံးမှာ အားလုံး အတူတူ တောင်းဆိုနေပါတယ်။ ကျွန်မတို့အနေနဲ့ တာဝန်အရအစိုးရဆိုတာဟာ ပြည်သူလူထုရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ တာဝန်ရှိပါတယ်။ တတ်နိုင်သမျှတော့ ဖြည့်ဆည်းပေးပါတယ်။

**တိုးတက်ရေးလမ်းစ**

ကျွန်မတို့နိုင်ငံဟာ ချမ်းသာတဲ့နိုင်ငံမဟုတ်သေးဘူးဆိုတာ အများသိပြီးသားလို့ ယူဆပါတယ်။ နိုင်ငံတစ်နိုင်ငံချမ်းသာခြင်းဆိုတာ ပြည်သူတွေရဲ့စွမ်းအားပေါ်မှာ မူတည်ပါတယ်။ ဘယ်လောက်ပဲ နိုင်ငံတစ်နိုင်ငံဟာ အခြေအနေတွေဆိုးနေပါစေ ပြည်သူတွေက ညီညီညွတ်ညွတ်နဲ့ကြိုးစားကြတယ်ဆိုရင် တိုးတက်ဖို့ရှိပါတယ်။ ကမ္ဘာတစ်ဝန်းမှာ အင်မတန်ကြိုးစားပြီးတော့ အလုပ်လုပ်တဲ့နိုင်ငံတွေမှာ တစ်ဟုန်ထိုး တိုးတက်သွားတယ်ဆိုတာ အားလုံးလည်း တွေ့ကြမှာပါ။ ဒါပေမယ့် နိုင်ငံတစ်နိုင်ငံရဲ့ဖွံ့ဖြိုးရေး၊ တိုးတက်ရေးလမ်းစကတော့ ညီညွတ်မှုပါပဲ။ နိုင်ငံအတွင်းမှာ ညီညွတ်မှ နိုင်ငံဟာ အေးချမ်းနိုင်မှာ။ နိုင်ငံအေးချမ်းမှ တိုးတက်မှာ။ ဒီဟာကို သာမန်လူသားများရဲ့ အမြင်နဲ့ကြည့်ရင် ညီညွတ်မှုဟာ တိုးတက်မှုပါပဲ။ ဘာသာရေးအရ ကြည့်မယ်ဆိုရင်လည်း ညီညွတ်မှုဟာ တိုးတက်မှုပါပဲ။

ပြည်ထောင်စုဆိုတာ အားလုံး ထပ်တူထပ်မျှ အားလုံးတူရမယ်ဆိုတဲ့ သဘောထားမဟုတ်ပါဘူး။ အားလုံးဟာ မတူပေမယ့်လည်း မတူခြင်းအားဖြင့်ကိုက အင်အားဖြစ်နိုင်ပါတယ်။ အားလုံးဟာ အရည်အချင်းတွေ တူညီနေတယ်ဆိုရင် အားနည်းချက်တွေကလည်း အတူတူပဲဖြစ်နေမှာ။ အားလုံးဟာ အတူတူပဲဆိုရင် ဒီဟာတွေကို ဘယ်လိုလုပ် ကျော်လွှားနိုင်မှာလဲ။ အားနည်းချက်ချင်း မတူဘူး၊ အားသာချက်ချင်း မတူဘူးဆိုမှ တစ်ယောက်ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရမှာဖြစ်ပါတယ်။ အဲဒီစိတ်ဓာတ်တွေကို ငယ်ငယ်ကတည်းကနေ ကလေးတွေကို သင်ပေးစေချင်ပါတယ်။ ပြည်ထောင်စုဖွားတိုင်းရင်းသားများဟာ ကိုယ့်ရဲ့သား၊ သမီး ကလေးတွေကို ငယ်ငယ်ကတည်းက ပြည်ထောင်စုစိတ်ဓာတ်ဖြစ်အောင် သင်ပေးစေချင်ပါတယ်။

ဒီလိုလုပ်မှ ကျွန်မတို့ရဲ့မျိုးဆက်ဟာ တစ်ဆက်ပြီးတစ်ဆက် ကျွန်မတို့ရဲ့ မိဘဘိုးဘွားများရဲ့မျှော်လင့်ချက်များကိုဖြည့်ဆည်းပေးနိုင်မှာပါ။ ကျွန်မတို့ လွတ်လပ်ရေးရတာဆိုရင် နှစ် ၇၀ ကျော်သွားပြီး လွတ်လပ်ရေးမရခင် တစ်နှစ်ကာလမှာ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒါတွေကို ကျွန်မတို့သိပြီးသားဖြစ်ပါတယ်။ ဒီလို ပင်လုံစာချုပ်မှာ ထိုးခဲ့တဲ့အချက်မှာ အဓိကနေရာမှာ ချင်းတိုင်းရင်းသားများ ပါခဲ့ပါတယ်။

**ပူးပေါင်းပြီး ဆောင်ရွက်**

လွတ်လပ်ရေးရဖို့အတွက် တိုင်းရင်းသားအားလုံးက ပူးပေါင်းပြီး ဆောင်ရွက်မှ မြန်မြန်ရနိုင်မယ်ဆိုတာကို ဒီလိုယုံကြည်ချက်နဲ့ ဒီပင်လုံစာချုပ်ကို လက်မှတ်ထိုးခဲ့တယ်။ လွတ်လပ်ရေးရဖို့ဆိုတာထက် နိုင်ငံတစ်နိုင်ငံအတွက် ပိုပြီးတော့ အရေးကြီးတဲ့ကိစ္စ မရှိပါဘူး။ နိုင်ငံတစ်နိုင်ငံဟာ လွတ်လပ်မှ အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်မှ ကိုယ့်ကံကြမ္မာကို ကိုယ်ဖန်တီးနိုင်မှာပါ။ ဒါဟာ ကျွန်မတို့ လွတ်လပ်ရေးခေါင်းဆောင်ကြီးရဲ့ ကြွေးကြော်သံပဲဖြစ်ပါတယ်။ ကိုယ့်ကံကြမ္မာကို ကိုယ်ဖန်တီးရမယ် ကိုယ့်ကံကြမ္မာဟာသူများ လက်ထဲမှာ မရှိရဘူး။

ဒါပေမယ့် လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ ကျွန်မတို့ညီညွတ်ရေးကို အခုထက်ထိမတည်ဆောက်နိုင်သေးဘူး။ အပြည့်အဝ မတည်ဆောက်နိုင်သေးဘူး။ အတိုင်းအတာတစ်ခုထိ တည်ဆောက်လို့ရတယ်။ အပြည့်အဝ တည်ဆောက်လို့မရသေးဘူး။ အဲ့ဒီတော့ ဒီလိုညီညွတ်ရေးကို ကျွန်မတို့ တည်ဆောက်လို့မရတဲ့အကြောင်းရင်းက ဘာလဲဆိုတာကို ကျွန်မတို့ တစ်ဦးချင်း တစ်ဦးချင်းကို စဉ်းစားစေချင်ပါတယ်။ အခု ကျွန်မတို့နိုင်ငံမှာဆိုရင် ကိုးကွယ်တဲ့ဘာသာအမျိုးမျိုး၊ ပြောတဲ့ ဘာသာစကားအမျိုးမျိုး ဒီတိုင်းရင်းသားလူမျိုးအမျိုးမျိုး၊ ဒီအမျိုးမျိုးတွေဟာ ဘာဖြစ်လို့ အေးအေးဆေးဆေး ညီညီညွတ်ညွတ်နဲ့ မနေနိုင်ရမှာလဲ။ အခု ကိုးကွယ်တဲ့ဘာသာမှာဆိုရင် ခရစ်ယာန်ဘာသာဟာဆိုတာ မြန်မာနိုင်ငံကနေ ပေါက်ဖွားလာတာ မဟုတ်ပါဘူး။ ပြောမယ်ဆိုရင် ဗုဒ္ဓဘာသာဆိုရင်လည်း မြန်မာနိုင်ငံကနေပေါက်ဖွားလာတာမဟုတ်ပါဘူး။ အဲ့ဒီတော့ကျွန်မတို့ ကိုးကွယ်တဲ့ဘာသာအရ စိတ်ဝမ်းကွဲစရာ ဘာမှမရှိဘူး။ ကိုယ့်ယုံကြည်ချက်အရ ကိုယ်ကိုးကွယ်တာပဲ။ ဒီလိုကိုးကွယ်တဲ့ ဘာသာတရားဆိုတာကလည်း ကိုယ့်ရဲ့နောင်ဘဝတွေအတွက် အဓိကရည်ရွယ်တာပဲ။ ကျွန်မတို့နိုင်ငံအတွက်တော့ ကိုယ့်အတွက်၊ ကိုယ့်ပတ်ဝန်းကျင်အတွက် ညီညွတ်ရေးကို ဦးတည်ပါလို့ ကျွန်မအနေနဲ့မေတ္တာရပ်ခံပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အကြိုညမီးပုံပွဲကို မီးရှူးတိုင်ဖြင့် ထွန်းညှိဖွင့်လှစ်ပေးစဉ်။

ကျွန်မတို့ ညီညီညွတ်ညွတ်နဲ့ ငြိမ်းချမ်းရေးရအောင်လို့၊ ညီညီညွတ်ညွတ်နဲ့ ဖွံ့ဖြိုးမှုရအောင်လို့ ဝိုင်းပြီးတော့အားလုံးက ပါဝင်စေချင်ပါတယ်။ ဒီလိုပါဝင်မှုအတွက် ကျွန်မတို့ဟာ တိုက်တွန်းနိုင်သမျှအခွင့်အရေးရှိတိုင်း တိုက်တွန်းမှာပါ။ ဒီလိုပြည်သူလူထုနဲ့ တွေ့ဆုံပွဲလုပ်တယ်ဆိုတာကလည်း အဓိကဦးတည်ချက်ကတော့ ညီညွတ်ရေးနဲ့ ဖွံ့ဖြိုးရေးပါ။ နိုင်ငံတစ်နိုင်ငံမှာ ညီညွတ်မှငြိမ်းချမ်းမယ်၊ ငြိမ်းချမ်းမှ ဖွံ့ဖြိုးမယ်၊ ဖွံ့ဖြိုးမှငြိမ်းချမ်းရေးကို ဆက်ပြီးတော့ထိန်းသိမ်းထားနိုင်မယ်။ အဲ့ဒီတော့ဒီသုံးခုဟာ ဘယ်လိုမှခွဲခြားထားလို့ မရပါဘူး။

**အဖြေသစ်တွေကို ရှာနေ**

ကျွန်မတို့က ပြည်သူတွေကို တွေ့ဆုံတယ်ဆိုရင် ပြည်သူတွေရဲ့လိုအပ်ချက်တွေ၊ ပြည်သူတွေရဲ့ စိုးရိမ်ပူပန်မှုတွေကို ကျွန်မတို့နားထောင်ချင်လို့၊ ဒါတွေကို ကျွန်မတို့ ဘယ်လိုဖြည့်ဆည်းပေးနိုင်မလဲ။ စိုးရိမ်ပူပန်မှုတွေကို လျော့ကျသွားအောင်လို့ ကျွန်မတို့ ဘယ်လိုလုပ်ပေးနိုင်မလဲ၊ ဒီအဖြေတွေကို ကျွန်မတို့တစ်ချိန်လုံးပဲ ရှာရပါတယ်။ အဖြေတွေဟာ အမြဲပြီးသွားတယ်လို့မရှိပါဘူး။ အမြဲရှာနေရပါတယ်။ တစ်နေ့ထက်တစ်နေ့ ကျွန်မတို့ အဖြေသစ်တွေကို ရှာနေရတယ်၊ ဒါတွေဟာ နေ့စဉ်လုပ်နေရတဲ့အလုပ်ပါ။

ဒါဟာ အစိုးရရဲ့ တာဝန်ဖြစ်ပါတယ်။ ပြည်သူတွေရဲ့ တာဝန်လည်းဖြစ်တယ်။ အထူးသဖြင့် ဒီမိုကရေစီကို ယုံကြည်တဲ့ လူ့အသိုင်းအဝိုင်းမှာဆိုရင် ပြည်သူတိုင်း ပြည်သူတိုင်းမှာလည်း ကိုယ့်ရဲ့တာဝန်ကိုထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်မထပ်တလဲလဲပြောပါတယ်။ ဒီမိုကရေစီရရင် ဘာအခွင့်အရေးရမလဲဆိုပြီး တချို့က လက်ချိုးပြီးတော့ရေကြတယ်။ ဘယ်တာဝန်တွေရှိမလဲဆိုတာကိုတော့ မစဉ်းစားကြဘူး။ နှစ်ခုလုံးကို စဉ်းစားမှ ကျွန်မတို့ တိုးတက်နိုင်မှာပါ။

**မှန်မှန်ကန်ကန်သုံးသပ်**

ကျွန်မအနေနဲ့တော့ ကတိပေးချင်တာကတော့ ကျွန်မတို့ရဲ့ပြည်ထောင်စုတိုင်းရင်းသားများ၊ ပြည်ထောင်စုသွေးချင်းများအားလုံးဟာ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေရှိသလို ထမ်းဆောင်သင့်တဲ့တာဝန်တွေလည်းရှိပါတယ်။ ကိုယ်တိုင်လည်း ကိုယ့်တာဝန်ဟာဘာလဲ၊ ကိုယ့်အခွင့်အရေးဆိုတာ ဘာလဲဆိုတာ မှန်မှန်ကန်ကန် သုံးသပ်ဖို့ အင်မတန်အရေးကြီးပါတယ်။ ကျွန်မတို့ရဲ့နိုင်ငံသူ နိုင်ငံသား တစ်ဦးချင်း တစ်ဦးချင်းဟာ တာဝန်ကျေတဲ့ပုဂ္ဂိုလ်ဖြစ်ပြီဆိုရင် ကျွန်မတို့နိုင်ငံအတွက် ကျွန်မတို့စိုးစဉ်းမှ စိုးရိမ်စရာမရှိပါဘူး။ တာဝန်ကျေတဲ့နိုင်ငံသားတွေနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံဆိုတာ ဘယ်တော့မဆိုပြီးပြည့်စုံတဲ့ နိုင်ငံ၊ ခံနိုင်ရည်နဲ့ရပ်တည်နိုင်တဲ့နိုင်ငံတစ်ခုဖြစ်လာမှာ ဖြစ်ပါတယ်” ဟု ပြောကြားသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အကြိုညမီးပုံပွဲတွင် ပါဝင်ဆင်နွှဲစဉ်။

ယင်းနောက် တွေ့ဆုံပွဲသို့ ကြိုတင်တင်ပြမေးမြန်းထားသည့် ထန်တလန်မြို့ လိုင်လင်းကျေးရွာမှ ဦးထိုင်ခါက ထန်တလန်မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး အခက်ခဲဆုံးဖြစ်သော မာရာတောင်ကြောရှိ အင်မွှန်ပီး-လိုင်လင်း-လာအိုလမ်း (၂၇) မိုင် လမ်းသစ် ဖောက်လုပ်ပေးရေး၊ ထန်တလန်မြို့နယ် လိုင်လင်းကျေးရွာမှ ဦးထန်ချင်းက နှာဟရိန်မြို့မှ မာရာတောင်ကြောသို့ ဆက်သွယ်သွားသော နှာဟရိန်-အင်မွှန်ပီးလမ်းကြားရှိ ထန်ပောရ်ချောင်းကူး ကွန်ကရစ်တံတားပေ ၁၇၀ နှင့် လားစော်ချောင်းကူးတံတား ပေ ၇၀ တည်ဆောက်ပေးရေး၊ ထန်တလန်မြို့နယ် ငါဖိုင်ပီးကျေးရွာမှ ဦးဝင်းတင်က အနောက်ဇိုဖေတောင်ကြောရှိ လောင်တလန်ကျေးရွာမှ မာရာတောင်ကြောရှိ လုံကျွဲသဲကျေးရွာသို့ ဆက်သွယ်သော ကိုယ်ထူကိုယ်ထလမ်း ရှစ်မိုင်မှ အတက်အဆင်းကြမ်းသည့် ခြောက်မိုင်အား လမ်းအူကြောင်း အသစ်ဖောက်လုပ်ပေးရေး၊ ထန်တလန်မြို့နယ် ငါဖိုင်သဲကျေးရွာမှ ဦးဗန်ထောင်းက မာရာတောင်ကြောနှင့် အနောက်ဇိုဖေတောင်ကြောရှိ ကျေးရွာများဖြစ်သော လောင်တလန်ကျေးရွာ၊ ငါလန်ကျေးရွာ၊ လုံကျွဲသဲကျေးရွာ၊ ငါဖိုင်ပီးကျေးရွာနှင့် ဖာရ်တလန်ကျေးရွာတို့သည် ဆက်သွယ်ရေးမရရှိသေးပါသဖြင့် (MPT/Telenor) တာဝါတိုင်များ စိုက်ထူပေးရေး၊ ထန်တလန်မြို့နယ် ဆာကျက်ကျေးရွာမှ ဦးမန်လိန်းက အနောက်ဇိုဖေတောင်ကြောရှိ တလွန်ရမ်(က)၊ ဆန်ပီးချုံး၊ ဆာကျက်၊ ဝေါင်းသူကျေးရွာနှင့် ဘဲလ်ဟာရ်ကျေးရွာတို့သည် တယ်လီဖုန်းဆက်သွယ်၍မရရှိသေးပါသဖြင့် (MPT/Telenor)တာဝါတိုင်များ စိုက်ထူပေးရေးတို့ကို မေးမြန်းတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ပြည်နယ်ဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ကွင်းဆင်းစစ်ဆေးပြီး ချက်ချင်း ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့်အခြေအနေများနှင့် စိစစ်ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ခန်းမအတွင်းနှင့် ခန်းမပြင်ပတို့မှ မေးခွန်းတင်ပြမေးမြန်းလိုသူ ၁၄ ဦးအနက် မဲပေါက်သူ ငါးဦးဖြစ်သည့် လိုင်လင်းကျေးရွာအုပ်စုမှ ဦးထိုင်ခါက လိုင်လင်းကျေးရွာနှင့် မတူပီမြို့နယ် ရွာမန်ကျေးရွာအကြား ဘွေနူးမြစ်ကူးတံတား ဆောက်လုပ်ပေးရေး၊ ထန်တလန်မြို့အမှတ်(၃)ရပ်ကွက်မှ ဦးဗန်ရှန်းက ထန်တလန်မြို့ပေါ်ရှိ အထောက်အထားမဲ့ ကျူးကျော်အိမ် ရှင်းလင်းဖယ်ရှားပေးရေး၊ ငါဖိုင်သဲကျေးရွာအုပ်စုမှ ဦးဗန်ထောင်းက ငါဖိုင်သဲကျေးရွာတွင် အသေးစားရေအားလျှပ်စစ်ထုတ်လုပ်ရေး စက်ရုံတစ်ရုံတည်ဆောက်ပေးရေး၊ အင်မွှန်ပီးကျေးရွာမှ ဦးဗန်ဇလျန်က ငါဖိုင်သဲကျေးရွာအုပ်စု အင်မွှန်ပီးကျေးရွာတွင် အသေးစားရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံတစ်ရုံ တည်ဆောက်ပေးရေးနှင့် ငါဖိုင်ပီးကျေးရွာအုပ်စုမှ ဦးဝင်းတင်က ဖားဖဲမြေရိုင်းဧက ၃၅၀ အား စက်မှုလယ်ယာအဖြစ် ဖော်ထုတ်၍ ရေသွယ်ပေးပြီး လမ်းပိုင်းသုံးမိုင်ဖောက်လုပ်ပေးရေး မေးခွန်းများကို မေးမြန်းတင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ကိစ္စတစ်ခုချင်းစီအလိုက် သက်ဆိုင်ရာဌာနများက ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားမည့်အခြေအနေနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “ဒီလူထုတွေ့ဆုံပွဲကို အားရပါတယ်။ အားရတယ်ဆိုတာ ဘာဖြစ်လို့လဲဆိုတော့ အားလုံးမေးတဲ့မေးခွန်းတွေက ရှင်းရှင်းလင်းလင်းလည်း မေးတယ်။ အများနဲ့သက်ဆိုင်တဲ့ကိစ္စတွေကိုလည်း မေးသွားပါတယ်။ ထန်တလန်ပြည်သူလူထုနဲ့ တွေ့ဆုံပွဲမှာ မေးသွားတဲ့ပုဂ္ဂိုလ်များဟာ မှန်မှန်ကန်ကန်၊ သိက္ခာရှိရှိနဲ့မေးသွားလို့ အင်မတန်မှ ကျေးဇူးတင်တယ်။ ဂုဏ်ယူတယ်။ ဒါဟာ ထန်တလန်ရဲ့ဂုဏ်သိက္ခာလည်းဖြစ်တယ်။ ကျွန်မတို့ နိုင်ငံရဲ့ဂုဏ်သိက္ခာလည်း ဖြစ်ပါတယ်။ အဲဒါကြောင့် အားလုံးကို ကျေးဇူးတင်ပါတယ်။ တစ်နှစ်နဲ့တစ်နှစ် ပိုပြီးတော့ဖွံ့ဖြိုးတိုးတက်နိုင်ပါစေ။ အားလုံးစိတ်ချမ်းသာ ကိုယ်ချမ်းသာစွာနဲ့ ပြည်ထောင်စုခရီးကို ဆက်ပြီးတော့ လျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့လိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်”ဟု ပြောကြားပြီး တွေ့ဆုံပွဲ တက်ရောက်လာသည့် တိုင်းရင်းသား တိုင်းရင်းသူလေးများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ထန်တလန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်း၌ ကျင်းပသည့် (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ အကြိုညမီးပုံပွဲနှင့် ရိုးရာယဉ်ကျေးမှုအကဖျော်ဖြေပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မီးပုံပွဲကို မီးရှူးတိုင်ဖြင့် ထွန်းညှိဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားတွင် ချင်းတိုင်းရင်းသူ အဆိုတော် အက်စတာ ဒေါ်သင်းချင်းဆွန်းက ချင်းရိုးရာသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ထန်တလန်၊ ပလက်ဝ၊ တီးတိန်၊ မတူပီ၊ တွန်းဇံ၊ မင်းတပ်၊ ကန်ပက်လက်၊ ဖလမ်းနှင့် ဟားခါး ယဉ်ကျေးမှုအဖွဲ့များက ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# သဘာဝဓာတ်ငွေ့ပိုက်လိုင်းအဆင့်မြှင့်အစားထိုးလဲလှယ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် EDCF ထံမှ အမေရိကန်ဒေါ်လာ ၁၁၃ ဒသမ ၀၃၆ သန်း ချေးငွေရယူရေးသဘောတူအတည်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးဒသမနေ့တွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက သဘာဝဓာတ်ငွေ့ပိုက်လိုင်းအဆင့်မြှင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေအဖွဲ့ (EDCF)ထံမှ အမေရိကန်ဒေါ်လာ ၁၁၃ ဒသမ ၀၃၆ သန်းချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေး၍ လွှတ်တော်၏အဆုံးအဖြတ်ရယူသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က နှစ်နိုင်ငံချေးငွေသဘောတူညီချက်ချုပ်ဆိုပြီးနောက်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် အသေးစိတ်ဆက်လက်ဆွေးနွေးညှိနှိုင်းကာ ယင်းဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝများထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် စီမံကိန်းမစတင်မီ စီမံကိန်းနှင့်ပတ်သက်သည့် လုပ်ငန်းအစီအစဉ်များကို ဒေသခံပြည်သူများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ ဌာန၊ အဖွဲ့အစည်းများနှင့်တွေ့ဆုံရှင်းလင်းပြီး အပြန်အလှန်နားလည်မှုရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပိုက်လိုင်းတစ်လျှောက်တွင် မြေဆီလွှာပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရန်အတွက် အပေါ်ယံမြေဆီလွှာနှင့် အောက်အလွှာမှမြေသားများကို သီးခြားခွဲထုတ်စုပုံစေပြီး မြေဆီလွှာထိန်းသိမ်းခြင်းလုပ်ငန်းကိုလည်း စာချုပ်ချုပ်ဆိုသည့်အခါတွင် တိကျသေချာစေရန် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

## ယခုစီမံကိန်းကို ဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက မြန်မာနိုင်ငံ အထက်ပိုင်းနှင့် အောက်ပိုင်းကို သဘာဝဓာတ်ငွေ့ပိုက်လိုင်း ချိတ်ဆက်ပေးနိုင်မည့် ပင်မကြောရိုးပိုက်လိုင်း ကွန်ရက်စနစ် ဖြစ်ပေါ်လာနိုင်မည်

ယခုစီမံကိန်းကို ဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းကို သဘာဝဓာတ်ငွေ့ပိုက်လိုင်း ချိတ်ဆက်ပေးနိုင်မည့်ပင်မကြောရိုးပိုက်လိုင်းကွန်ရက်စနစ်ဖြစ်ပေါ်လာနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် EDCF ချေးငွေဖြင့် မကွေး-ရွှေတောင်သဘာဝဓာတ်ငွေ့ပိုက်လိုင်း အစားထိုးဆက်သွယ်ခြင်းစီမံကိန်းအား ချေးငွေရယူ၍ ဆောင်ရွက်ခွင့်ပြုပါရန် ပြည်ထောင်စုလွှတ်တော်နာယကမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါကြောင်း ပြောကြားသည်။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ရရှိပြီးသည့်အခါ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ EDCF တို့နှင့် ချေးငွေစာချုပ်ညှိနှိုင်းခြင်း၊ ချေးငွေစာချုပ်ချုပ်ဆိုနိုင်ရန် ဆက်လက်ဆောင်ရွက်ခြင်းနှင့် စာချုပ်အသက်ဝင်ရန် ရှေ့နေချုပ်နှင့်ညှိနှိုင်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ချေးငွေထုတ်ယူသုံးစွဲမှု၊ ချေးငွေအရင်း/အတိုး၊ အချိန်စေ့ရောက်မှု၊ ပြန်လည်ပေးဆပ်မှုများ စသည့် လုပ်ငန်းစဉ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှုအပိုင်းကိုလည်း စောင့်ကြည့်ကြပ်မတ်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ပြည်-ဆားခါး ၁၄ လက်မ ဓာတ်ငွေ့ပိုက်လိုင်း၏ မကွေး-ရွှေတောင်အပိုင်းအဆင့်မြှင့်အစားထိုးလဲလှယ်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေအဖွဲ့ (Economic Development Cooperation Fund-EDCF) ထံမှ ချေးငွေအမေရိကန်ဒေါ်လာ ၁၁၃ ဒသမ ၀၃၆ သန်းရယူနိုင်ရေးကိစ္စအပေါ် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါ ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၄၃၀ မဲ၊ ကန့်ကွက်မဲ တစ်မဲ၊ ကြားနေမဲ တစ်မဲဖြစ်၍ ထောက်ခံမဲများသည့်အတွက် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က နိုင်ငံတော်သမ္မတရုံးမှ ပေးပို့ထားသော ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကို တင်ပြ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းထားရှိသော အာဆီယံပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီတွင် အဖွဲ့ဝင်အဖြစ် တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇဝနအစား ဗိုလ်မှူးချုပ်ဇော်မြင့်စန်းအား ပြောင်းလဲတာဝန်ပေးအပ်ခြင်းကိုတင်ပြ၍ လွှတ်တော်၏သဘောတူညီချက်ရယူသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညာဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပစဉ်။

ပြည်ထောင်စုလွှတ်တော်နာယကက ပညာရေးဝန်ကြီးဌာနနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့၏သဘောထားမေးမြန်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ခြောက်လတာကာလ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူးဦးခင်ဇော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသာဌေးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ ခြောက်လတာကာလ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ခြောက်လတာကာလ (၂၀၁၉ ခုနှစ် ဧပြီလ ၁၀ ရက်မှ အောက်တိုဘာလ ၉ ရက်အထိ) လုပ်ငန်းဆောင်ရွက်ခဲ့မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များအပေါ် အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းမော်ထွန်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ကော်မရှင်ဥက္ကဋ္ဌဒေါက်တာမျိုးကြွယ်က အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ် နွေရာသီတွင် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရ၏ သဘောတူခွင့်ပြုချက်ဖြင့် တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ လိုလားစွာလုပ်အားပေးလိုသည့် စေတနာရှင်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာတတ်မြောက်ရေးလုပ်ငန်းကို ဆောင်ရွက်ရန်စီစဉ်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ ထို့ပြင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနသည် ကျောင်းပြန်တက်လိုသည့်ကလေးများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာထောက်ပံ့ခြင်း၊ နီးစပ်ရာစာသင်ကျောင်းများနှင့် ချိတ်ဆက်၍ ဆက်လက်စာသင်ကြားနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ကျောင်းပြင်ပရောက်နေသည့်ကလေးများအတွက် တန်းညှိပညာရေးအစီအစဉ်ကိုလည်း ရရှိသောဘဏ္ဍာငွေအရ နှစ်စဉ်ကလေးသူငယ် ၈၀၀၀ မှ ၁၀၀၀၀ အတွင်း ကျောင်းပြင်မူလတန်းပညာရေးနှင့် စမ်းသပ်မှုအဖြစ် ကျောင်းပြင်ပအလယ်တန်းပညာရေးများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

## အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့်ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းဆိုင်ရာ မူဝါဒ(မူကြမ်း)ကိုလည်း ရေးဆွဲပြီးဖြစ်ကြောင်း၊ မကြာမီ ယင်းမူဝါဒ ပေါ်ပေါက်လာမည်

ပုဂ္ဂလိကကျောင်းများဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့်ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းဆိုင်ရာမူဝါဒများ အမြန်ချမှတ်နိုင်ရန်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုချက်နှင့်စပ်လျဉ်း၍ အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့်ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းဆိုင်ရာမူဝါဒ(မူကြမ်း)ကိုလည်း ရေးဆွဲပြီးဖြစ်ပါကြောင်း၊ အဆိုပါမူကြမ်းကို အချောသပ်မူဝါဒအဖြစ် ပေါ်ပေါက်လာနိုင်ရန် အစည်းအဝေးများကျင်းပ၍ ဆွေးနွေးလျက်ရှိပါကြောင်း၊ မကြာမီ ယင်းမူဝါဒ ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း။

ထို့ပြင် ပုဂ္ဂလိကကျောင်းဥပဒေနှင့်စပ်လျဉ်း၍ ကော်မရှင်သည် ပညာရေးဝန်ကြီးဌာနမှရေးဆွဲပေးပို့လာသော အခြေခံပညာနှင့် အဆင့်မြင့်ပညာပါအကျုံးဝင်သော ပုဂ္ဂလိကကျောင်းဥပဒေမူကြမ်းကို လေ့လာသုံးသပ်စိစစ်ပြီး အကြံပြုချက်များဖြင့် ပြန်လည်ပေးပို့ခဲ့ပါကြောင်း၊ ယင်းပုဂ္ဂလိကကျောင်းဥပဒေပေါ်ပေါက်လာပါက ပုဂ္ဂလိကကျောင်းများကောင်းမွန်စွာ အကောင်အထည်ဖော်ရေးအတွက် ပင်မအထောက်အကူဖြစ်လာမည်ဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တတ်စွမ်းသမျှ၊ အခွင့်အလမ်းရှိသမျှ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မရှင်တစ်ခုလုံးအနေဖြင့် လွှတ်တော်နှစ်ရပ်နှင့်ပညာရေးဝန်ကြီးဌာနတို့နှင့် ပုံမှန်ထိတွေ့မှု နည်းကောင်းနည်းနိုင်သော်လည်း ပညာရေးဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများတွင် ဦးစီးကော်မတီဝင်များအဖြစ် ပူးပေါင်းပါဝင်လုပ်ဆောင်လျက်ရှိပါကြောင်း၊ ထို့ပြင် လွှတ်တော်နှစ်ရပ်ရှိ ပညာရေးကော်မတီများနှင့်လည်း အခါအားလျော်စွာ ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်လျက်ရှိပါကြောင်း၊ နောင်တွင် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်ပြီး ပုံမှန်တွေ့ဆုံရန် ညှိနှိုင်းထားပါကြောင်း။

အဆင့်မြင့်ပညာရေးကဏ္ဍ ပညာသင်ဆုရွေးချယ်ရေး စီမံချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များအပေါ် ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသည့် အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက အစီရင်ခံစာကို ယခုထက်ပိုမိုရှင်းလင်းစွာ လေ့လာနိုင်ရန်စီစဉ်သင့်ပါကြောင်း၊ အက္ခရာနှင့်နံပါတ်စဉ်များဖြင့် စာပိုဒ်များစွာခွဲပြီး စာမျက်နှာများစွာဖော်ပြထားသည့်ခေါင်းစဉ်နှင့်အကြောင်းအရာများကို နောက်ဆက်တွဲများဖြင့် သီးခြားဖော်ပြသင့်သည်ဟု အကြံပြုခဲ့ပါကြောင်း၊ ယင်းသို့အကြံပြုပေးခြင်းကို ကျေးဇူးတင်ရှိပါကြောင်းနှင့် နောက်ပိုင်းတွင် တင်ပြမည့်အစီရင်ခံစာများကို ပိုမိုရှင်းလင်းစွာ လေ့လာနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကော်မရှင်သည် နိုင်ငံတော်၏ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ စေတနာအပြည့်ဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းနေအရွယ်ကလေးငယ်များ၏ အခြေခံပညာသင်ယူမှု အခွင့်အလမ်းများ ရရှိစေရေးအတွက် ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် ကျေးလက်ဒေသများ၊ ဝေးလံခက်ခဲသောဒေသများ၊ အကြောင်းအမျိုးမျိုးကြောင့် ပညာရေးနှင့် အလှမ်းဝေးနေသော ကလေးများအနေဖြင့် သင်ယူမှုအခွင့်အလမ်းရရှိစေရေးအတွက် ကျောင်းအဆင့်တိုးမြှင့်ရာတွင် သက်ဆိုင်ရာ ကျောင်းအဆင့်အလိုက် ကျောင်းသားဦးရေသတ်မှတ်ထားပြီး သတ်မှတ်ဦးရေပြည့်မီပါက ကျောင်းအဆင့်တိုးမြှင့်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ သတ်မှတ်ဦးရေမပြည့်မီသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများ၊ သဘာဝဘေးအန္တရာယ်အတားအဆီးရှိသောဒေသများဖြစ်ပါက ခရီးမိုင်အကွာအဝေးတွက်ချက်မှုကို ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားကလေးသူငယ်များ ပညာသင်ကြားရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် သင်ယူတတ်မြောက်မှုအရည်အသွေးများ မြင့်မားလာစေရန်အတွက် တိုင်းရင်းသားဘာသာစာပေများကိုလည်း သင်ကြားပေးလျက်ရှိပါကြောင်း၊ ထို့ပြင် တိုင်းရင်းသားစာပေကို တက္ကသိုလ်အထိ သင်ကြားပေးနိုင်မည့် နှစ်ရှည်စီမံကိန်းတစ်ခုရေးဆွဲရာတွင် အတန်းစဉ်အလိုက် သင်ရိုးများရေးဆွဲခြင်းနှင့် အရည်အသွေးရှိ ဆရာ ဆရာမများပြုစုပျိုးထောင်ရန် လိုအပ်သည့်အတွက် ရေရှည်အားထုတ်၍ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း။

ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနအနေဖြင့် ယခင်ဘဏ္ဍာရေးနှစ်များတွင် ကျောင်းပြင်ပရောက် ကလေးသူငယ် ၈၀၀၀ ခန့် သင်ကြားခဲ့ပြီး လာမည့်ဘဏ္ဍာနှစ်တွင် လူဦးရေ ၁၀၀၀၀ ခန့်အထိ တိုးချဲ့သင်ကြားခွင့်ရရှိရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ အစီရင်ခံစာနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၏ လမ်းညွှန်ဆွေးနွေးချက်များကို အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် ပညာရေးလုပ်ငန်းများဆောင်ရွက်နေသည့် ဌာနများအနေဖြင့် အလေးအနက်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ခြောက်လတာလုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်မှ မှတ်တမ်းတင်ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

စာမျက်နှာ ၈ သို့ ❍

## ပြည်တွင်းရေးရာ

❍ စာမျက်နှာ ၇ မှ

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အမျိုးသားပညာရေး မူဝါဒကော်မရှင်၏ ခြောက်လတာကာလ (၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်မှ အောက်တိုဘာလ ၉ ရက်အထိ) လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်၊ သက်ဆိုင်ရာကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့၏ ပြန်လည်ရှင်းလင်းတင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ – ၂၀၁၉ ခုဘဏ္ဍာနှစ် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ဒုတိယခြောက်လပတ် အခွန်ရငွေများနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၂/၂၀၂၀)တို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က တရားမဝင်တင်သွင်းလာသည့် အကောက်ခွန်မဲ့ မိုဘိုင်းဖုန်းဟန်းဆက်များကို ဥပဒေနှင့်အညီ ဖမ်းဆီးသိမ်းဆည်းခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ယခင်နှစ်များက တစ်ဘီလီယံတောင် မရရှိခဲ့သည့်အနေအထားမှ ယခုဆိုပါက ၁၀၀ ဘီလီယံအထိ အခွန်ရရှိတော့မည့်အခြေအနေကို ရောက်ရှိလာပါကြောင်း၊ ယခုဖြစ်စဉ်ကို နမူနာယူ၍ မိမိတို့အနေဖြင့် အခွန်ထမ်းပြည်သူများ၏ လိုလားချက်၊ တောင်းဆိုချက်များကို အလေးထားစဉ်းစားပြီး အခွန်ဆောင်လိုသည့် ပြည်သူများကို စိတ်မပျက်စေသည့် နည်းလမ်းများဖြင့် အစိုးရ၊ လွှတ်တော်၊ အခွန်ထမ်းပြည်သူ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြမည်ဆိုပါက တိုင်းပြည်အတွက် ရသင့်ရထိုက်သည့် အခွန်များကို ပိုမိုတိုးတက်ရရှိစေမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက အခွန်၏အခြေကို အကျယ်ပြန့်ဆုံး ဆောင်ရွက်ရန်နှင့် အခွန်ကောက်ခံမှုဧရိယာ ချဲ့ရန်လိုအပ်ပါကြောင်း၊ ထို့ပြင် အခွန်နှုန်းထားတိုးမြှင့်ခြင်းမဟုတ်ဘဲ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ရသင့်ရထိုက်သည်များကို ရရှိအောင်ဆောင်ရွက်ပြီး အခွန်တံဆိပ်ခေါင်းကပ်နှိပ်မှုကို တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခွန်ပညာပေးမှုများကို နည်းမျိုးစုံဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်နှင့် အခွန်ဆောင်ရာတွင်လည်း လွယ်ကူမြန်ဆန်ပြီး မှန်ကန်မှုရှိစေရန်လိုအပ်ပါကြောင်း၊ ထို့ပြင် အခွန်အရာရှိများနှင့် အခွန်ထမ်းများကို စွမ်းရည်မြှင့်သင်တန်းများ ပြုလုပ်ပေးခြင်း၊ ဆုပေးဒဏ်ပေးစနစ် ကျင့်သုံးခြင်း၊ အခွန်လျှော့စေသည့် ဇာစ်မြစ်ကို ဖော်ထုတ်ခြင်း၊ အခွန်ထမ်းနှင့်ညှိနှိုင်း၍ အခွန်နှုန်းလျှော့ချခြင်း၊ အခွန်ရှောင်ခြင်း၊ ကြိုတင်ငွေပေးဆောင်ပြီးသည့်အခွန်များကို အရှုံးဖော်ပြ၍ ပြန်လည်ထုတ်ယူခြင်း စသည့်အဂတိလိုက်စားမှုများကို ဖော်ထုတ်အရေးယူရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းတို့နှင့်စပ်လျဉ်း၍ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်နှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**
**ဓာတ်ပုံ – စိုးဝင်းထွန်း**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း DFID အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် Department for International Development – DFID (UKaid) ၏ External Team of Election Experts ခေါင်းဆောင်ဖြစ်သူ Mr. Holly Ruthrauff နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ချမှတ်ထားသော စံငါးချက်နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရွေးကောက်ပွဲဆိုင်ရာစွမ်းရည်မြှင့်သင်တန်းများနှင့် ဆင့်ပွားသင်တန်းများဆောင်ရွက်နေမှု၊ ပထမအကြိမ် မဲပေးမည့်လူငယ်များအတွက် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အမုန်းစကားများ၊ သတင်းအမှားများ တားဆီးကာကွယ်ရေးနှင့် သတင်းမှန်ထုတ်ပြန်နိုင်ရေးဆောင်ရွက်နေမှု၊ နယ်စပ်ဒေသ တိုက်ပွဲရှောင်စခန်းများရှိ မဲဆန္ဒရှင်များ မဲပေးပိုင်ခွင့်ရရှိရေး ဆောင်ရွက်နေမှု၊ ပြည်တွင်းနှင့် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ကြားသွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ကိုရီးယားသမ္မတနိုင်ငံ KB Kookmin Bank, Head of Global Business Group ၏ Senior Managing Director အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ကိုရီးယားသမ္မတနိုင်ငံ KB Kookmin Bank, Head of Global Business Group ၏ Senior Managing Director, Mr. Choi Chang Su အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Korea–Myanmar Industrial Complex တွင် ကိုရီးယားသမ္မတနိုင်ငံမှ ရင်းနှီးမြှုပ်နှံလျက်ရှိသည့် အခြေအနေများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စ၊ Microfinance လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနေသည့်ကိစ္စ၊ KB Kookmin Bank မှ မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့်ကိစ္စ၊ မြန်မာနိုင်ငံ၏ Credit Scoring System တိုးတက်လာရေးအတွက် ကူညီဆောင်ရွက်ပေးမည့်အခြေအနေများ၊ ဘဏ်လုပ်ငန်းနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက် သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၌ သင်ခန်းစာဆွေးနွေးပို့ချ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၌ ဖွင့်လှစ်ကျင်းပသည့် ရုံးဝန်ထမ်းများ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁/၂၀၂၀)တွင် သင်ခန်းစာဆွေးနွေးပို့ချသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(NESP)(၂၀၁၆–၂၀၂၁)တွင် ဦးစားပေးလုပ်ငန်း ၁၂ ရပ် သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နိုင်ငံသားတိုင်း အနည်းဆုံး မူလတန်းပညာကို သင်ယူပြီးမြောက်ပြီး အလယ်တန်းပညာနှင့် အထက်တန်းပညာကို အဆင့်ဆင့် တိုးမြှင့်သင်ယူခွင့်များရရှိရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူလတန်းအရွယ်ကလေးတိုင်း မူလတန်းပညာပြီးမြောက်အောင်မြင်ခြင်းနှင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိနေသည့် မသန်စွမ်း ကလေးငယ်များ၊ ဆင်းရဲနွမ်းပါးသည့်ကလေးများ၊ ဝေးလံခေါင်ဖျားဒေသရှိ ကလေးများ စသည့်ကလေးများအတွက် အလေးထားသည့် ပညာရေးအစီအစဉ်များကို ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

မူလတန်းတိုင်းရင်းသား ကလေးငယ်များအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်း ပြုစုရေးဆွဲခြင်းနှင့် သင်ကြားခြင်းများအတွက် တိုင်းရင်းသားဒေသခံဆရာများ ဖြည့်ဆည်းခန့်ထားခြင်း အပါအဝင် တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကို မြှင့်တင်ပေးလျက်ရှိပါကြောင်း၊ ကျောင်းများတွင် သင့်လျော်သော ဆရာ၊ ကျောင်းသား အချိုးရရှိစေရန် အခက်အခဲရှိသော ဒေသများ၊ ဝေးလံသော ဒေသများကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ဆရာများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှုစွမ်းရည်များ မြင့်မားလာစေရန် နှစ်စဉ်ကျောင်းသုံး ဖတ်စာအုပ်အသစ်များအတွက် မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြဆရာများ အားလုံးကို သင်တန်းပေးဆောင်ရွက်ခြင်း၊ အခြေခံပညာရေးကို လူတိုင်းပိုမိုလက်လှမ်းမီနိုင်ရန် ဖွံ့ဖြိုးမှုအားနည်းနေသည့် ဒေသများရှိ ကျောင်းများ၏ လိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပညာအရည်အချင်း နည်းပါးသူများ၏ လူမှုဘဝတိုးတက်ကောင်းမွန်စေရန် အခြေခံပညာ အလယ်တန်း၊ အထက်တန်း တန်းညှိအစီအစဉ်များနှင့် သက်မွေးမှုသင်တန်း အစီအစဉ်များဖြင့် ဆက်လက်ပညာဆည်းပူးနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိပါကြောင်း၊ ကျောင်းသားမိဘများနှင့် ရပ်ရွာအသိုက်အဝန်းကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော ထိရောက်သည့် ပညာရေးဝန်ဆောင်မှုဖြစ်စေရန် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်တွင်း၊ ပြည်ပမှရရှိသည့် ပညာရေးဆိုင်ရာ ဘဏ္ဍာငွေများကို အကျိုးရှိထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက်လည်း အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိကျမှန်ကန်သည့် သတင်းအချက်အလက်များကိုအခြေခံ၍ ထိရောက်သော ပညာရေးပြုပြင်ပြောင်းလဲမှု၊ စီမံခန့်ခွဲမှုနှင့် လေ့လာကြီးကြပ်မှုလုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့၏လုပ်ငန်းများ သာတူညီမျှ အောင်မြင်မှုရှိစေရန် စိတ်ရှည်သည်းခံပြီး အတူတကွပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။



အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လက်ထောက်မြို့နယ်ပညာရေးမှူး၊ ဒု-ကြီးကြပ်ရေးမှူး၊ ဒုတိယဦးစီးမှူး သင်တန်းသား သင်တန်းသူ ၂၈၄ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်ပို့ချလျက်ရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးတစ်ဦး တိုးချဲ့ခန့်ထား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**သတင်းထုတ်ပြန်ချက်**
**(၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးတစ်ဦး တိုးချဲ့ခန့်ထားခြင်း**

နိုင်ငံတော်သမ္မတရုံးက ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၄ ရက်က ထုတ်ပြန်ခဲ့သည့် အမိန့်အမှတ်၊ ၅/၂၀၂၀ အရ ဦးမင်းလွင်အား နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ပါသည်။ ဦးမင်းလွင်သည် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်တွင် ဒုတိယဝန်ကြီး၏ အလုပ်တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်ခဲ့ပါသည်။

ဦးမင်းလွင်သည် ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်မှုမပြုခဲ့စဉ်က အာဆီယံနိုင်ငံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ထိုမတိုင်မီက ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများတွင် မြန်မာသံအမတ်ကြီးအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် ဦးမင်းလွင်သည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်း ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါတာဝန်ကို ထမ်းဆောင်ခဲ့စဉ် ဦးမင်းလွင်သည် မြန်မာ-ဘင်္ဂလားဒေ့ရှ် ရေပိုင်နက်အငြင်းပွားမှုကိုဖြေရှင်းရန် နှစ်နိုင်ငံအကြားဆွေးနွေးမှုများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးသို့ မြန်မာ့ကမ်းလွန်ရေတိမ်ပိုင်း ရေမိုင် ၂၀၀ ထက်ကျော်လွန်သတ်မှတ်ရေး တင်ပြလွှာတင်သွင်းခဲ့မှုတို့တွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ လက်ရှိဒုတိယဝန်ကြီး ဦးခင်မောင်တင်သည် ထမ်းဆောင်နေဆဲ ပုံမှန်ရုံးလုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များကို အာရုံစိုက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒုတိယဝန်ကြီး ဦးမင်းလွင်သည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လူမှုသဟဇာတဖြစ်မှု စသည့်လုပ်ငန်းတာဝန်များကို ထမ်းဆောင်သွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာတရားရုံးဆိုင်ရာကိစ္စရပ်များအပေါ် အာရုံစိုက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဘူးသီးတောင်မြို့နယ်အတွင်းရှိ ဒဏ်ရာရကျောင်းသား ကျောင်းသူများနှင့် တိုက်ပွဲရှောင်ပြည်သူများအား အားပေးထောက်ပံ့



**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဦးညီပုတို့သည် ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်းရှိဒဏ်ရာရကျောင်းသား ကျောင်းသူများနှင့် တိုက်ပွဲရှောင် ပြည်သူများအား သွားရောက်တွေ့ဆုံ၍ နှစ်သိမ့်အားပေးထောက်ပံ့ခြင်းများကို ဆောင်ရွက်ခဲ့သည်။

**နှစ်သိမ့်အားပေးစကားပြောကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဘူးသီးတောင်မြို့ ဘူးသီးတောင်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြကာ ခမွေချောင်းကျေးရွာရှိ မူလတန်းလွန်ကျောင်းသို့ လက်နက်ကြီးကျရောက်ခဲ့မှုကြောင့် ဒဏ်ရာရရှိ၍ ဆေးကုသမှု ခံယူလျက်ရှိသည့် ကျောင်းသူတစ်ဦးနှင့် ၎င်း၏မိသားစုဝင်များအား တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားပြောကြားခဲ့ပြီး ဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရပူးပေါင်း၍ ထောက်ပံ့ငွေ၊ အနွေးထည်နှင့်အားဆေးများကို ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆေးရုံခန်းမဆောင်၌ ခမွေချောင်းကျေးရွာမှ ဒဏ်ရာရကျောင်းသား ကျောင်းသူ ၁၅ ဦးနှင့် ၎င်းတို့၏ မိဘများနှင့်တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကား ပြောကြားပြီး ကလေးသူငယ်များအတွက် ထောက်ပံ့ငွေ၊ အားဆေး၊ အနွေးထည်၊ ကစားစရာ၊ အာဟာရမုန့်နှင့် မိသားစုများကို ခရီးစရိတ်များ ထောက်ပံ့ပေးခဲ့သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဖေဖော်ဝါရီ ၁၃ ရက်တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်အတွက် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ မိမိတို့အနေဖြင့် အဆိုပါကိစ္စဖြစ်ပြီးပြီးချင်းမှာပင် လိုအပ်သောကူညီထောက်ပံ့မှုများကို ချက်ချင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရပူးပေါင်းပြီး လူကိုယ်တိုင်လာရောက်တွေ့ဆုံအားပေးခြင်း ဖြစ်ပါကြောင်း၊ ကလေးသူငယ်များသည် မိမိတို့အနာဂတ်ဖြစ်၍ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးပါကြောင်း၊ ကလေးသူငယ်များသည် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ခွင့်စသည့် အခွင့်အရေးများရရှိရမည်ဖြစ်ရာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေဖြင့် အခွင့်အရေးများ အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ကိုယ်ဝန်ဆောင်ချိန် ကာလမှစ၍ အသက်နှစ်နှစ်အထိ ကာလသည် ကလေးသူငယ်များ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသဖြင့် ထိုကာလတွင် အာဟာရဆိုင်ရာ ငွေကြေးထောက်ပံ့ခြင်းနှင့် ပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်သည် ဦးစားပေးပြည်နယ်တစ်ခုဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိလျှင် အစိုးရ၏ ပြည်သူများအတွက် တိုက်ရိုက်အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရန် ခက်ခဲပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ ကလေးသူငယ်များအားလုံး မျှမျှတတ ခံစားရရှိရန် တည်ငြိမ်အေးချမ်းမှုသည် အရေးကြီးကြောင်း ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်သွားကြမည်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုက ယခုလိုဖြစ်စဉ်များအတွက် လွန်စွာစိတ်မကောင်း ဖြစ်ရပါကြောင်း၊ စစ်တွေမြို့ဆေးရုံတွင် ဆေးကုသမှုခံယူနေသော ကျောင်းသူအတွက် အကောင်းဆုံးပြုစုစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ ပညာပြန်လည်သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ အခက်အခဲများ၊ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းမေးမြန်းနိုင်ပါကြောင်းနှင့် မိမိတို့တစ်ဦးနှင့်တစ်ဦး ယုံယုံကြည်ကြည်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးက ယခုလိုအားပေးထောက်ပံ့မှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် သောက်သုံးရေ၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး လိုအပ်ချက်များ၊ ကျောင်းအမြန်ပြန်လည်ပြုပြင်နိုင်ရေးတို့ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာများက ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘူးသီးတောင်မြို့ တောင်ရပ်ကွက် ရန်အောင်မြေဘုန်းတော်ကြီးကျောင်းရှိတိုက်ပွဲရှောင်စခန်း၊ လမ်းမဘုန်းတော်ကြီးကျောင်းရှိ တိုက်ပွဲရှောင်စခန်းနှင့် မြတောင်ဘုန်းတော်ကြီးကျောင်းရှိ တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်ရိက္ခာ၊ ငါးသေတ္တာဘူး၊ အနွေးထည်၊ ကလေးအားဆေး၊ အာဟာရမုန့်နှင့် ကလေးကစားစရာများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက တိုက်ပွဲရှောင်ပြည်သူများနှင့်တွေ့ဆုံစဉ် အစိုးရက တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရ၏စီမံချက်များဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူများ အများဆုံးနေထိုင်ကြသည့်ပြည်နယ်များကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်သည် ထိပ်ဆုံးမှ ပါဝင်ပါကြောင်း၊ ငြိမ်းချမ်းရေးကိုလည်း အစွမ်းကုန်ကြိုးပမ်းလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရန် အဓိကလိုအပ်ချက်သည် တည်ငြိမ်အေးချမ်းရေး ဖြစ်ပါကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းရေးအတွက် ပဋိပက္ခများကို ဖြေရှင်းဆောင်ရွက်လျက်ရှိသလို ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အရှိန်အဟုန်ဖြင့် ကြိုးစားလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်ရာ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တစ်စိတ်တစ်ဝမ်းတည်း ထားရှိဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လူတစ်ဦးချင်းစီက ငြိမ်းချမ်းလိုစိတ်ထားရှိရန် လိုအပ်ကြောင်း၊ လူတစ်ဦးချင်းစီ၏ ကြံရွယ်ခြင်း၊ ထုတ်ဖော်ပြောဆိုခြင်း၊ ပြုမူဆောင်ရွက်ခြင်းများသည် ငြိမ်းချမ်းရေးကို ဦးတည်ရန် လိုအပ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှုရှိသောနေရာများ၌ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးများကို အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်သော်လည်း တည်ငြိမ်အေးချမ်းမှုမရှိဘဲ သွားလာရခက်ခဲသော ဒေသများတွင် အဆိုပါလုပ်ငန်းများနှောင့်နှေးမှုအတွက် စိတ်မကောင်းဖြစ်ရပါကြောင်း၊ မိမိတို့အားလုံး၏ ကြိုးပမ်းဆောင်ရွက်မှုများကို ရခိုင်ပြည်သူအားလုံး မျှမျှတတခံစားရရှိနိုင်ရေး တည်ငြိမ်အေးချမ်းမှုအတွက် အားလုံးပူးပေါင်း ပါဝင်ပေးစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် စခန်းများရှိ ပြည်သူများက စားနပ်ရိက္ခာလိုအပ်မှု၊ နေရာထိုင်ခင်းလိုအပ်မှု၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက်များတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ် ဦးညီပုတို့က ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘူးသီးတောင်မြို့မှစစ်တွေမြို့သို့ပြန်လည်ရောက်ရှိကြပြီး စစ်တွေလေဆိပ်၌ လက်နက်ကြီးကျရောက်ခဲ့မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ကျောင်းသူ မခင်မေဦးအား ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူနိုင်ရေး ခေါ်ယူလာခဲ့ပြီး စနစ်တကျ ဆေးကုသမှုခံယူနိုင်ရန် ရန်ကုန်လေဆိပ်၌ တာဝန်ရှိသူများထံသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၁၉ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊သာသနာရေးဦးစီးဌာနက ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ကြေညာလိုက်ပါသည်-

(က) အဘိဓမ္မာစာမေးပွဲတွင်စာဖြေဌာနပေါင်း ( ၁၆၄ )ဌာနတို့၌ဖြေဆိုသူ (၂၁၃၇၀)ဦး၊ အောင်မြင်သူ (၁၈၀၂၁)ဦး၊ နှစ်ချင်းပေါက်သုံးဆင့်လုံးအောင်မြင်သူ (၂၉၃၃)ဦးရှိ၍ ပြည်တွင်း/ပြည်ပစာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ၊ (ထူးချွန်ဆု) ရရှိသူများမှာ-

- (၁) ပထမ
  **ခုံအမှတ်- ဒုံ-၇၊ မဥမ္မာကျော်၊ မုဒုံစာဖြေဌာန၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်၊**
- (၂) ဒုတိယ
  **ခုံအမှတ်- မြစ်-၃၅၊ မငြိမ်းငြိမ်းစိုး၊ မြစ်ကြီးနားစာဖြေဌာန၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်၊**
- (၃) တတိယ
  **ခုံအမှတ်-ပဘတ-၇၇၊ ဒေါက်တာမြင့်မြင့်စန်း၊ ပန်းဘဲတန်းစာဖြေဌာန၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**

(ခ) အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း (၁၃၀) ဌာနတို့၌ ဖြေဆိုသူ (၅၂၅၃)ဦး၊ အောင်မြင်သူ (၄၅၈၅)ဦး၊ နှစ်ချင်းပေါက်သုံးဆင့်လုံးအောင်မြင်သူ(၁၀၁၉)ဦးရှိ၍ ပြည်တွင်း/ ပြည်ပစာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ၊ (ထူးချွန်ဆု)ရရှိသူများမှာ -

- (၁) ပထမ
  **ခုံအမှတ်-ပကခ -၁၇၊ဦးမောင်နိုင်၊ပြည်ကြီးတံခွန်စာဖြေဌာန၊ ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးတိုင်းဒေသကြီး၊**
- (၂) ဒုတိယ
  **ခုံအမှတ်- ဒဂတ-၃၆၊ ဒေါ်တင်တင်ဝေ၊ ဒဂုံမြို့သစ် (တောင်ပိုင်း) စာဖြေဌာန၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
- (၃) တတိယ
  **ခုံအမှတ်- ဓနဖ-၁၊ ဒေါ်စန္ဒာဝတီ၊ ဓနုဖြူစာဖြေဌာန၊ ဓနုဖြူမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊**

(ဂ) ဝိသုဒ္ဓိမဂ်စာမေးပွဲတွင်စာဖြေဌာနပေါင်း ( ၁၁၆ )ဌာနတို့၌ ဖြေဆိုသူ (၄၁၁၂)ဦး၊ အောင်မြင်သူ (၃၀၄၀)ဦး၊ နှစ်ချင်းပေါက်သုံးဆင့်လုံး အောင်မြင်သူ (၄၂၇) ဦးရှိ၍ ပြည်တွင်း/ ပြည်ပစာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ၊ (ထူးချွန်ဆု) ရရှိသူများမှာ -

- (၁) ပထမ
  **ခုံအမှတ်- လှိုင်-၂၈၊ ဒေါ်မာလာနှင်း၊ လှိုင်စာဖြေဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
- (၂) ဒုတိယ
  **ခုံအမှတ်-ခသ-၁၃၊ ဒေါ်နန်းယိင်းယိင်းတင့်ဆွေ၊ ချမ်းမြသာစည်စာဖြေဌာန၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊**
- (၃) တတိယ
  **ခုံအမှတ်-တွင်း-၄၊ကိုဝေအောင်၊တောင်တွင်းကြီးစာဖြေဌာန၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး၊**

၂။ အောင်စာရင်းအပြည့်အစုံကို တိုင်းဒေသကြီး / ပြည်နယ်သာသနာရေးမှူးရုံးများ၊ စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကအဖွဲ့များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် ကြည့်ရှုနိုင်ပါသည်။

**သာသနာရေးဦးစီးဌာန**

# စီးပွားရေးဝန်းကျင်ကောင်းကိုဖန်တီးခြင်းစကားဝိုင်းကျင်းပ

တာရာ

**စီးပွားရေးဝန်းကျင်ကောင်းကိုဖန်တီးခြင်းစကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးသူရိန်လွင်က အစီအစဉ်မှူးအဖြစ်ဆောင်ရွက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ဦးအောင်စိုး (စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရလွယ်ကူမှု အထောက်အကူပြုအဖွဲ့၊ အတွင်းရေးမှူး)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ငြိမ်းအောင် (ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်းအညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့၊ အတွင်းရေးမှူး)၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံးဥပဒေလုပ်ထုံးလုပ်နည်းဌာန ညွှန်ကြားရေးမှူးဒေါ်ထားထား (ပဋိညာဉ်များအတည်ပြုဆောင်ရွက်ခြင်း အညွှန်းကိန်းဆိုင်ရာအထောက်အကူပြုအဖွဲ့၊ အတွင်းရေးမှူး)နှင့် Zeya & Associate Co.,Ltd Chairman/CEO ဦးဇေယျာသူရမွန် (ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်) တို့က ပါဝင်ဆွေးနွေးခဲ့သည်။**




**အစီအစဉ်မှူး။** ။အခုဒုတိယပိုင်းမှာ Ease of Doing Business Ranking တွေတိုးတက်လာရင် ကျွန်တော်တို့နိုင်ငံ ဘာတွေဖြစ်လာမလဲဆိုတာ ပြောပြပေးပါဦးခင်ဗျာ။

**ဦးအောင်စိုး။** ။ကျွန်တော်တို့နိုင်ငံရဲ့စီးပွားရေးလုပ်ငန်းတွေလုပ်ကိုင်ရာမှာ ပြည်တွင်းကလုပ်ငန်းရှင်တွေက ပြည်တွင်းမှာပဲလုပ်ကိုင်တာရှိတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက မြန်မာနိုင်ငံမှာ လာရောက်လုပ်ကိုင်တာရှိတယ်။ အဲဒီတော့ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ချင်သူက လွယ်လွယ်ကူကူထပြီး လုပ်ကိုင်လို့ရပါတယ်။ တိုးချဲ့ချင်ရင်လည်း လွယ်လွယ်ကူကူတိုးချဲ့လို့ရတယ်ဆိုရင် စီးပွားရေးလုပ်ငန်းတွေဖွံ့ဖြိုးလာမယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေနဲ့ ပြည်တွင်းလုပ်ငန်းတွေက ပထမဦးဆုံးအကျိုးခံစားရမယ်။ နောက်တစ်ဆင့်က နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဖြစ်ပါတယ်။ အခုကမ္ဘာ့ဘဏ်ကလုပ်တာလည်း အဓိက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေအတွက် ရည်ရွယ်ပါတယ်။ Ease of Doing Business in Myanmar ဆိုတာဖြစ်ပြီး မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ရင်လွယ်ကူရဲ့လားဆိုတာ ကမ္ဘာ့ရင်းနှီးမြှုပ်နှံသူတွေက ဒီအဆင့်ကို လေ့လာတာဖြစ်ပါတယ်။

လေ့လာပြီးကြည့်လိုက်လို့ ဒီအဆင့်တွေက ကောင်းနေတယ်ဆိုရင် ဒီနိုင်ငံက စီးပွားရေးလုပ်ရတာ လွယ်တဲ့နိုင်ငံ၊ ဒို့သွားလုပ်မယ်ဆိုပြီး လွယ်လွယ်ကူကူ ဆုံးဖြတ်မယ်၊ ခက်နေရင် စဉ်းစားချင့်ချိန် သေသေချာချာ သုံးသပ်ပြီးတော့မှ လာကြမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဆွေးနွေးပွဲတွေမှာ သံအမတ်ကြီးတွေက ပြောတဲ့အခါမှာလည်း ဒါပါတယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံတော်အကြီးအကဲတွေ ပြည်ပသွားတဲ့အခါမှာ တွေ့ဆုံမေးမြန်းကြတာလည်း ဒါပါတယ်။ ဒါက အင်မတန်အရေးကြီးတဲ့အညွှန်းကိန်းဖြစ်ပါတယ်။

အဲဒီတော့ ဒါကိုကြည့်ပြီး သူတို့က မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့၊ စီးပွားရေးလုပ်ကိုင်ဖို့ ဆုံးဖြတ်ကြမှာ ဖြစ်တဲ့အတွက် ဒါက တိုးတက်လာတာနဲ့အမျှ သူတို့ကိုပိုပြီး ဆွဲဆောင်နိုင်မယ်။ ပြည်တွင်းကလုပ်ငန်းရှင်တွေအတွက်လည်း လွယ်ကူတဲ့အတွက် သူတို့အနေနဲ့ စီးပွားရေးလုပ်ကိုင်ချင်စိတ်တွေ ပိုတိုးပွားလာမယ်။ သူတို့မှာရှိတဲ့ အရင်းအနှီးလေးတွေထုတ်ပြီး ရင်းနှီးမြှုပ်နှံမှုတွေ တိုးပွားလာနိုင်တဲ့အတွက် မြန်မာနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကြီးကြီးမားမား အထောက်အကူပြုလာမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။အခုလက်ရှိဆောင်ရွက်နေတဲ့နေရာမှာရော အခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် အားနည်းချက်၊ အားသာချက်တွေက ဘာတွေဖြစ်မလဲ။

**ဦးအောင်စိုး။** ။ဒါကတော့ ကျွန်တော်တို့ရဲ့ စီးပွားရေးကဏ္ဍတစ်ခုလုံးကို စီမံခန့်ခွဲအုပ်ချုပ်နေတဲ့ ဌာနအသီးသီးရဲ့ Institution က ဘယ်လောက်ခိုင်မာပြီး လုပ်ငန်းလည်ပတ်မှုကောင်းသလဲဆိုတဲ့အပေါ်မှာ ကွာခြားပါတယ်။ ကျွန်တော်တို့က ဈေးကွက်စီးပွားရေးစနစ်ကို စတင်ကျင့်သုံးတာလည်း မကြာသေးဘူး။ Doing Business ဆိုတဲ့စနစ်ထဲကိုဝင်ပြီး ယှဉ်ပြိုင်ကြိုးစားတာလည်းမကြာသေးဘူး။

ဒီလိုလုပ်လိုက်ခြင်းအားဖြင့် ကမ္ဘာကလုပ်ငန်းတွေကို ဘယ်လိုစိတ်ဝင်စားတယ်၊ ကိုယ့်နိုင်ငံက ဒီလိုဆောင်ရွက်နေတဲ့အချိန်၊ သူ့နိုင်ငံကဘယ်လောက်အထိ လွယ်ကူသလဲ စသဖြင့် ဒါတွေကိုလေ့လာလို့ရတယ်။ လေ့လာပြီး ကျွန်တော်တို့က ပြုပြင်ပြောင်းလဲပြီးကြိုးစားပါတယ်။ ကြိုးစားတဲ့အတွက် ကျွန်တော်တို့ဟာ တဖြည်းဖြည်းချင်းတိုးတက်လာပါတယ်။

အထူးသဖြင့် ဒေသတွင်း ကျွန်တော်တို့နဲ့မတိမ်းမယိမ်းနိုင်ငံတွေမှာ Doing Business တိုးတက်အောင် ဘယ်လိုလုပ်ကြသလဲဆိုတာ လေ့လာပါတယ်။ လေ့လာပြီးမှ လိုက်လုပ်ပါတယ်။ သူတို့ကလည်း သူတို့ရှေ့ကပြေးပြီးသားပေမယ့် ထပ်ပြီးပြေးနိုင်အောင်လည်း ကြိုးစားပါတယ်။ ပိုလွယ်အောင်ကြိုးစားပါတယ်။ အမြဲတမ်းကြိုးစားနေကြပါတယ်။ သူတို့နဲ့ကျွန်တော်တို့ဟာ အပြေးပြိုင်နေရသလိုပါ။

သူတို့ကအရှိန်အဟုန်တွေရပြီးသားမို့ ဆက်ကြိုးစားရင် မြန်မြန်တက်သွားမယ်။ အရှိန်အဟုန်မရသေးတဲ့ကျွန်တော်တို့ကတက်သွားရင် သူတို့ကနောက်ကျန်နေခဲ့မယ်။ ကျွန်တော်တို့ကရှေ့ကိုဆက်ပြီးတက်ဖို့အတွက် အထူးကြိုးစားနေတဲ့အချိန်ဖြစ်ပါတယ်။

အခုကျွန်တော်တို့က မူလအဆင့် (၁၇၁) ကနေ (၁၆၅) အဆင့်ဖြစ်လာတဲ့အတွက် အချို့နိုင်ငံတွေက အနောက်ရောက်သွားမယ်။ သူတို့က ကျွန်တော်တို့လောက် မလုပ်နိုင်လို့ဖြစ်ပါတယ်။ သူတို့ရဲ့ပြည်တွင်းမှာရှိတဲ့ အစိုးရဌာနအဖွဲ့အစည်းတွေရဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကိုပေးတဲ့ဝန်ဆောင်မှုတွေမှာ သူတို့တိုးတက်အောင်မကြိုးစားနိုင်ဘူး။ ကျွန်တော်တို့က အဲဒါကိုအမြဲတမ်းကြိုးစားနေပါတယ်။

ကွာခြားချက်က ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းပိုင်းမှာ ခေတ်မီတိုးတက်ရမယ်။ အခြေခံအဆောက်အဦပိုင်းမှာလည်း တိုးတက်ရမယ်။ လူတွေရဲ့စွမ်းဆောင်ရည်၊ စိတ်နေစိတ်ထားတွေ ဒါတွေလည်း တိုးတက်မယ်ဆိုရင် ကျွန်တော်တို့က သူတို့ကိုအမီလိုက်နိုင်မယ်။ သူတို့နဲ့ ကျွန်တော်တို့ ကွာခြားနေတဲ့အချက်ကလည်း ဒါတွေပါ။

**အစီအစဉ်မှူး။** ။ကျွန်တော်တို့အစိုးရဌာနတွေကို ဝင်ထွက်ပြီး စီးပွားရေးလုပ်ငန်းတွေအတွက် ခွင့်ပြုမိန့်တွေရရှိဖို့တောင်းခံရာမှာ အချိန်ကြန့်ကြာမှုတွေလျော့နည်းအောင်၊ ငွေကုန်ကြေးကျတွေလျော့နည်းအောင်၊ တာဝန်ခံတွေ ပြောင်းလဲသွားရင်လုပ်ထုံးလုပ်နည်း ပြောင်းလဲသွားတာတွေမရှိအောင် ဆောင်ရွက်ပေးနေတာတွေက Ease of Doing Business လုပ်ငန်းစဉ်တွေ တိုးတက်ရေးအတွက်ဖြစ်တယ်လို့ အကြမ်းဖျင်းနားလည်ထားပါတယ်။ ဆရာတို့အနေနဲ့ရော နိုင်ငံတော်အစိုးရက ဘယ်လိုသဘောထားမျိုးရှိတယ်၊ အမှတ်ရဖို့ အဆင့်တွေပြောင်းဖို့အတွက်လုပ်တာ ဘာဖြစ်လို့လဲဆိုတာ ပြည်သူတွေသိအောင်ရှင်းပြပေးပါဦး။

**ဦးအောင်စိုး။** ။ရည်ရွယ်ချက်က ပြည်တွင်းကရော ပြည်ပကလာတဲ့ ရင်းနှီးမြှုပ်နှံသူတွေရော စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရတာ လွယ်ကူစေဖို့ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက ဒါကိုအင်မတန်အလေးထားတဲ့အတွက် ဒုတိယသမ္မတဦးမြင့်ဆွေဦးဆောင်တဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုယ်တိုင် ဒီလုပ်ငန်းတွေကို ကြီးကြပ်လမ်းညွှန်ပြီး ဆောင်ရွက်နေပါတယ်။

အဲဒီအောက်မှာမှ Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ဆိုတာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်ပြီး ကျွန်တော်က အတွင်းရေးမှူးအဖြစ်နဲ့ ဒီကော်မတီကိုဖွဲ့ထားပါတယ်။ ကော်မတီထဲမှာလည်း အညွှန်းကိန်းတစ်ခုချင်းစီတိုင်းမှာ သက်ဆိုင်ရာဌာနက ညွှန်ကြားရေးမှူးချုပ်တွေကိုယ်တိုင်ဦးဆောင်ပြီး သက်ဆိုင်တဲ့ဌာနတွေအားလုံး ပူးပေါင်းပါဝင်ကာ ဖွဲ့စည်းထားပါတယ်။ နှစ်ပတ်တစ်ကြိမ်တွေ့ဆုံပွဲလုပ်ပါတယ်။ အတွေ့အကြုံဖလှယ်ကြပါတယ်။ ဆွေးနွေးတိုင်ပင်ပါတယ်။ Action Plan တွေချတယ်။ တိုးတက်အောင်လုပ်တယ်။ ဒီလိုနည်းနဲ့ ကျွန်တော်တို့က ဆောင်ရွက်နေတာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရဘက်ကကြည့်ရင်လည်း ဒါကို အင်မတန်အလေးထားပြီး တိုးတက်အောင်ဆောင်ရွက်ပေးနေပါတယ်။ ဒီထက်လည်းတိုးချဲ့ဆောင်ရွက်ဖို့ အစီအမံတွေရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံခြားတွေကိုသွားပြီး လေ့လာတဲ့အခါ အထူးသဖြင့် မလေးရှားပါ။ မလေးရှားမှာ ဒါနဲ့ ပတ်သက်လို့ National Level Body တစ်ခုဖွဲ့ထားပါတယ်။ အဲဒီ Body မှာ အစိုးရဘက်က တာဝန်ရှိတဲ့သူတွေလည်းပါတယ်။ ပုဂ္ဂလိကကဏ္ဍက လုပ်ငန်းရှင်ကြီးတွေ၊ အသင်းကြီးတွေလည်းပါတယ်။ အမြဲတမ်းတိုင်ပင်ပြီး ဘယ်နေရာကို တိုးတက်အောင်လုပ်ရမလဲ၊ အစိုးရက ဘယ်လိုပြောင်းလဲရမလဲ စသဖြင့်ညှိနှိုင်းပြီးလုပ်တဲ့အတွက် သူတို့ကထိပ်တန်းနိုင်ငံတွေထဲမှာပါတယ်။

နောက်တစ်ဆင့် နယူးဇီလန်အစိုးရကိုလည်း အကူအညီတောင်းထားပါတယ်။ စင်ကာပူနဲ့ နယူးဇီလန်က Top ပါ။ နံပါတ် တစ်၊ နှစ် အမြဲတမ်းရနေတဲ့နိုင်ငံတွေဖြစ်ပါတယ်။ သူတို့ကလည်း ကူညီလို့ ကျွန်တော်တို့သွားပြီး လေ့လာမယ်။ လေ့လာပြီးတွေ့ရှိရတဲ့အပေါ်မှာ မူတည်ပြီး ပြုပြင်ပြောင်းလဲသင့်တာတွေကို ပြုပြင်ပြောင်းလဲမယ်။

ကျွန်တော်တို့နိုင်ငံမှာလည်း Doing Business ကို ကြီးကြပ်ပြီးဆောင်ရွက်ဖို့ National Body ကြီးတစ်ခုဖွဲ့မယ်။ ဒါလည်းလုပ်ဖို့ရှိပါတယ်။ နောက်တစ်ခုက ရန်ကုန်မှာ Doing Business ကို အကူအညီပေးဖို့၊ သတင်းအချက်အလက်တွေပေးဖို့ Information Center တစ်ခုလည်းထောင်မယ်။ အပေါ်မှာလူကြီးတွေက အာရုံစိုက်ပြီး လုပ်ပေမယ့် လက်တွေ့လုပ်ငန်းရှင်တွေကို အောက်ခြေမှာ ဝန်ဆောင်မှုပေးနေတဲ့နေရာမှာ အခက်အခဲတွေက အမှတ်မရစေတဲ့အထဲမှာပါတယ်။

ဒါတွေကိုလုပ်ငန်းရှင်တွေက သိရှိမေးမြန်းစုံစမ်းပြီး သူတို့ကို အကူအညီပေးနိုင်အောင် ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုနည်းလမ်းနဲ့လုပ်သွားမယ်ဆိုရင် ကျွန်တော်တို့ရဲ့တိုးတက်မှုက နောက်တစ်ဆင့်ကို သိသိသာသာတက်သွားမယ်လို့ယုံကြည်ပါတယ်။

**အစီအစဉ်မှူး။** ။ Doing Business Reform ဆောင်ရွက်ရာမှာ ဘယ်လိုအချက်တွေကိုရှာဖွေတွေ့ရှိခဲ့ပါသလဲ၊ နောက်ပြီးလာမယ့် ၂၀၂၁ အစီရင်ခံစာမှာ Registering Property Indicator ဆိုင်ရာ အထောက်အကူပြုအဖွဲ့အနေနဲ့ မြန်မာနိုင်ငံရဲ့ Doing Business ရမှတ်နဲ့အဆင့်တွေ တိုးတက်အောင် ဘယ်လိုပြုပြင်ပြောင်းလဲမှုတွေ ဆက်လက်လုပ်ဆောင်သွားဖို့ရှိပါသလဲ။

**ဦးကျော်ငြိမ်းအောင်။** ။ Registering Property Indicator အနေနဲ့က ကျွန်တော်တင်ပြခဲ့သလိုပါပဲ ဒီအညွှန်းကိန်းမှာဆောင်ရွက်ရတဲ့ ဆက်စပ်ဌာနတွေရှိပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ အချို့နေရာတွေမှာဆိုရင် အိုးအိမ်ဦးစီးဌာန ဒီဌာနတွေ ဆက်စပ်ပြီးဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒီလုပ်ငန်းအဆင့်တွေကလည်း ကမ္ဘာ့ဘဏ်က အကဲဖြတ်ထားတာအဆင့် (၆) ဆင့်ရှိတယ်လို့ဆိုပါတယ်။ ပထမပိုင်ဆိုင်မှုမှတ်ပုံတင်မယ်ဆိုရင်သူ့ရဲ့မြေပုံ၊ မြေရာဇဝင်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှာ ထုတ်ယူရပါတယ်။ ပြီးရင် ဒါနဲ့ပတ်သက်တဲ့ အခွန်ပေးဆောင်ဖို့အတွက် တန်ဖိုးဖြတ်ရပါတယ်၊ ပြည်တွင်းအခွန်များဦးစီးဌာနမှာ ဆောင်ရွက်ရပါတယ်။

ပြီးရင် ပြည်တွင်းအခွန်များဦးစီးဌာနမှာ တံဆိပ်ခေါင်းခွန်ဝယ်ယူရပါတယ်။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှာ စာချုပ်မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရပါတယ်။ ကိုယ့်နာမည်ပြောင်းဖို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာဌာနခွဲမှာ နာမည်ပြောင်းဖို့အတွက် ကန့်ကွက်လွှာတွေ ထုတ်ရပါတယ်။ ပြီးရင် နာမည်ပြောင်းရတယ်ဆိုပြီး အဆင့် (၆) ဆင့် ဖော်ပြထားပါတယ်။

ဒီအပေါ်မှာသူကအကဲဖြတ်တာဖြစ်ပြီး လုပ်ငန်းဆောင်ရွက်တဲ့အဆင့်၊ ကြာတဲ့အချိန်၊ ကုန်ကျစရိတ် ဒီအချက်သုံးချက်အပေါ်မှာမူတည်ပြီး အကဲဖြတ်သွားတာဖြစ်ပါတယ်။ အဓိကကြာတဲ့အချိန်ဖြစ်ပါတယ်။ ကြာတဲ့အချိန်ဆိုရာမှာလည်း ကမ္ဘာ့ဘဏ်က ဒီလုပ်ငန်းကို အကဲဖြတ်တဲ့အခါ လုပ်ငန်းတစ်ခုစတင်ခြင်းကနေ ပြီးဆုံးချိန်အထိ ဘယ်လောက်ကြာသလဲဆိုတာ သူတို့ကတွက်ပါတယ်။ စာမျက်နှာ ၁၁ သို့ ❖

❖ ကျွန်တော်တို့နိုင်ငံမှာလည်း Doing Business ကို ကြီးကြပ်ပြီး ဆောင်ရွက်ဖို့ National Body ကြီးတစ်ခုဖွဲ့မယ်။ ဒါလည်း လုပ်ဖို့ရှိပါတယ်။ နောက်တစ်ခုက ရန်ကုန်မှာ Doing Business ကို အကူအညီပေးဖို့ သတင်းအချက်အလက်တွေပေးဖို့ Information Center တစ်ခုလည်းထောင်မယ်။ အပေါ်မှာ လူကြီးတွေက အာရုံစိုက်ပြီးလုပ်ပေမယ့် လက်တွေ့လုပ်ငန်းရှင်တွေကို အောက်ခြေမှာ ဝန်ဆောင်မှုပေးနေတဲ့နေရာမှာ အခက်အခဲတွေက အမှတ်မရစေတဲ့အထဲမှာပါတယ်။

❖ ဒါတွေကိုလုပ်ငန်းရှင်တွေက သိရှိမေးမြန်းစုံစမ်းပြီး သူတို့ကို အကူအညီပေးနိုင်အောင် ဆောင်ရွက်မှာဖြစ်

# အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီရေးရာဆောင်အမှတ် (1-20) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**မေးမြန်းဆွေးနွေး**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးမြန်းခဲ့သည့် မေးခွန်းများအနက် အတည်ပြုခဲ့သည့် အဆို၊ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား ကော်မတီအဖွဲ့ဝင်များက မေးမြန်းဆွေးနွေး၍ အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကော်မတီအတွင်းရေးမှူး ဦးကျော်နီနိုင်၊ ကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း၊ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



❖ စာမျက်နှာ ၁၀ မှ

အဲဒီနေရာမှာ သတိပြုစရာကောင်းတာက ကမ္ဘာ့ဘဏ်က အကဲဖြတ်ရာမှာ ဥပမာ-ဒီလုပ်ငန်းတစ်ခုလုပ်ဖို့အတွက် ကြိုတင်ပြင်ဆင်ချိန်၊ လိုအပ်တဲ့ စာရွက်စာတမ်းတွေ ပြည့်စုံအောင်လုပ်ပေးရပါတယ်။ စာရွက်စာတမ်းတွေ စုဆောင်းတဲ့အချိန်တွေမပါဘူး။ စာရွက်စာတမ်းတွေ ပြည့်စုံပြီး လုပ်ငန်းစတင်ချိန်ကပြီးသွားတဲ့အချိန်အထိ ဘယ်လောက်ကြာသလဲဆိုတာ သူကတွက်ချက်ပါတယ်။

ကျွန်တော်တို့က ဒီအပိုင်းကို လျှော့ချကြတဲ့အခါ အကဲဖြတ်တဲ့မေးခွန်းလွှာတွေကိုမေးတာက ကျွန်တော်တို့ ဌာနတွေကို မေးတာမဟုတ်ပါဘူး။ တကယ်လုပ်ငန်းဆောင်ရွက်တဲ့လုပ်ငန်းရှင်တွေကို မေးတာဖြစ်ပါတယ်။ တကယ်စာချုပ်ချုပ်တဲ့သူတွေ၊ တကယ်နာမည်ပြောင်းလုပ်တဲ့ပြည်သူလူထုကို မေးခွန်းလွှာမေးတာဖြစ်ပါတယ်။ သူတို့ ဒီအပေါ်မှာ ကျပန်းကောက်ယူပြီး မေးခွန်းလွှာပို့ပြီး မေးတာဖြစ်ပါတယ်။

အဲဒီဖြေတဲ့အဖြေအပေါ်မှာ သူက ပြန်ဆန်းစစ်ပြီး အဆင့်ထုတ်ပြန်ပေးတာဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရဌာနပိုင်းကပဲလုပ်ငန်းတွေကို ဘယ်လောက်ပဲအချိန်တွေ လျှော့ချနေပေမယ့်၊ ပြည်သူလူထုက ဒီဟာကိုလက်တွေ့မခံစားနိုင်ဘူးဆိုရင်လည်း ကျွန်တော်တို့အဆင့်က တက်လာမှာမဟုတ်ပါဘူး။

ပြည်သူလူထုက လက်တွေ့ခံစားဖို့ဆိုတာကလည်း ခုနပြောသလို သူ့အမှတ်ပေးတဲ့စည်းမျဉ်းမှာ ကြိုတင်ဆောင်ရွက်ဖို့အချိန်တွေမပါဘူး။ ကုန်ကျစရိတ်ဆိုရင်လည်း အမှန်တကယ်ကုန်ကျစရိတ် ဒီအပေါ်မှာ အပိုကြေးပေးရတဲ့ကိစ္စတွေကို ကမ္ဘာ့ဘဏ်က ထည့်သွင်းသုံးသပ်ထားတာမရှိပါဘူး။ မရှိတော့ အမှန်တကယ်ကုန်ကျစရိတ်က ဘယ်လောက်လဲ၊ စာရွက်စာတမ်းပြည့်စုံပြီးတော့မှ ကြာမြင့်တဲ့အချိန်က ဘယ်လောက်လဲဆိုတာ ကျွန်တော်တို့ ပြည်သူလူထုက ထုတ်နုတ်တတ်ဖို့လိုတာကို တွေ့ရပါတယ်။

အဲဒီလိုထုတ်နုတ်နိုင်ဖို့ဆိုတာလည်း လုပ်ငန်းဆောင်ရွက်တဲ့သူတွေကိုယ်တိုင်က ကျွန်တော်တို့ဌာနရဲ့ ကျင့်သုံးနေတဲ့ဥပဒေတွေကို ကျွမ်းကျွမ်းကျင်ကျင်နားလည်မယ်ဆိုရင် ဖြေဆိုတဲ့အခါမှာ ပိုပြီးထိရောက်လာမယ်။ ကျွန်တော်တို့ဌာနရဲ့လုပ်ထုံးလုပ်နည်းတွေကို ပြည်သူလူထုက သိလာမယ်ဆိုရင် ခုနပြောတဲ့လိုအပ်ချက်တွေကို သူတို့ အလွယ်တကူ ကြိုတင်ပြီးဆောင်ရွက်ထားနိုင်မယ်။

ဌာနချင်းညှိနှိုင်းလို့ရတဲ့ မျှော်မှန်းချက်က ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့ဘာလုပ်ရသလဲဆိုတော့ ကျွန်တော်တို့ဌာနမှာလာပြီး အမည်ပြောင်းလုပ်တဲ့သူတွေ၊ စာချုပ်မှတ်ပုံတင်တဲ့သူတွေ အထူးသဖြင့် အိမ်ခြံမြေရောင်းဝယ်ရေးအဖွဲ့ပုဂ္ဂလိက လုပ်ငန်းရှင်တွေနဲ့တွေ့ဆုံပွဲတွေ လုပ်ပြီး ကျွန်တော်တို့ရဲ့ လုပ်ထုံးလုပ်နည်းဥပဒေတွေကို ရှင်းပြပါတယ်။ ပြီးရင် ကျွန်တော်တို့လုပ်တဲ့ လုပ်ငန်းအဆင့်ဆင့်ကို ပွင့်လင်းမြင်သာစွာ ဒီအဆင့်မှာ ဒီအထောက်အထားတွေလိုပါတယ်။

ဒီလုပ်ငန်းတွေကို ဒီလိုလုပ်ရပါတယ်။ ဥပမာ - ကျွန်တော်တို့ စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်းဆိုရင် ဒီအဆင့်မှာ စာချုပ်တစ်ခုလာပြီးမှတ်ပုံတင်သွားရင် ဒီမှတ်ပုံတင်တဲ့စာချုပ်ကြီးကို အရင်တုန်းကစာအုပ်ကြီးထဲမှာလက်ရေးနဲ့ ဘယ်လိုကူးရပါတယ်။ အခုကွန်ပျူတာနဲ့ ဘယ်လိုလုပ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့နားလည်အောင်ချပြရပါတယ်။ ချပြတဲ့အတွက် ပြီးခဲ့တဲ့နှစ်မှာသူတို့နားလည်လာပြီး မေးခွန်းဖြေဆိုတဲ့အခါ လက်တွေ့အခြေအနေနဲ့ ထင်ဟပ်ပြီးဖြေဆိုနိုင်တဲ့အတွက် ကျွန်တော်တို့ အဆင့်တိုးတက်လာတာဖြစ်ပါတယ်။

အခုကြာမြင့်တဲ့အချိန်ကို ကျွန်တော်တို့အတတ်နိုင်ဆုံးလျှော့ချခဲ့ပြီးပြီ။ ဒီအပေါ်မှာ ထပ်လျှော့ချလို့ရတဲ့အပိုင်းတွေ ကျွန်တော်တို့ဆက်ပြီးဆောင်ရွက်သွားမှာပါ။ ဥပမာ - ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဆိုရင် သူ့ရဲ့ မြေပုံမြေရာဇဝင်ရေးကူးတဲ့အခါ မလိုအပ်တဲ့အထောက်အထားတွေ တောင်းယူတဲ့ကိစ္စ၊ အချိန်တွေကိုလျှော့ချဖို့ ဆောင်ရွက်နေပါတယ်။ ပြီးရင် စိစစ်တဲ့အချိန်တွေကိုလည်း သူတို့လျှော့ချဖို့ဆောင်ရွက်နေပါတယ်။

ပြည်တွင်းအခွန်များဦးစီးဌာနဆိုရင်လည်း ဌာနချင်းဆက်စပ်ပြီး Tax Administrative Law ပြဋ္ဌာန်းထားပြီးပြီ။ ဒီဥပဒေအရဆက်စပ်ပြီး အခွန်တွေပါထည့်သွင်းပြီး လုပ်ငန်းဆောင်ရွက်နိုင်ဖို့ဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့ဌာနဆိုရင်လည်း စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်မယ်ဆိုရင် ဆောင်ရွက်ရမယ့် လုပ်ငန်းအဆင့်ဆင့်၊ ပူးတွဲတင်ပြရမယ့်အထောက်အထား စာရွက်စာတမ်းတွေကို အခုလောလောဆယ်မှာ Ease of Doing Business ဝက်ဘ်ဆိုက်မှာ အကုန်တင်ပေးထားပါတယ်။ ကျွန်တော်တို့ဌာနမှာ စာချုပ်ရုံးတွေမှာလည်း ဒါကို အလွယ်တကူ ကြည့်ရှုလို့ရအောင် ဖော်ပြထားပါတယ်။ ပြည်သူလူထုလာရင် အလွယ်တကူတောင်းယူပြီး ကြည့်ရှုလို့ရပါတယ်။ ဒီဟာတွေကို ကျွန်တော်တို့ဆောင်ရွက်ပေးပါတယ်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဆိုရင် သူ့ရဲ့မြေပုံတွေကို ဒစ်ဂျစ်တယ်စနစ်ကို အကုန်ပြောင်းပြီး Information System စနစ်တစ်ခုထောင်ဖို့ ဆောင်ရွက်နေပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနဆိုရင်လည်း သူ့ရဲ့ Tax Administrative Law နဲ့ အကုန်လုံး စုစည်းပြီး ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် နောင်မှာတော့ ဒါတွေ အကုန်လုံးအချိတ်အဆက်မိသွားပြီဆိုရင် ပိုပြီးလုပ်ငန်းဆောင်ရွက်မှု တွေ တိုးတက်လာမှာဖြစ်**

ဒီနှစ်မှာကွန်ပျူတာစနစ်နဲ့ ကျွန်တော်တို့ရုံးမှာ လုပ်တဲ့လုပ်ငန်းအဆင့်ကို ကိုယ်တိုင်စာချုပ်တွေကို ရှာဖွေလို့ရအောင်နဲ့ ကြိုတင်ပြီးမှတ်ပုံတင်လို့ရအောင် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်။ ဒါက နည်းပညာပိုင်းဆိုင်ရာ၊ အခြေခံအဆောက်အဦ(Infrastructure) ပိုင်းဆိုင်ရာ တိုးတက်ပြောင်းလဲအောင် လုပ်ရတဲ့အတွက် အချိန်အကန့်အသတ်လေးတွေရှိပါတယ်။ အချိန်တစ်ခုဖြစ်လာရင် ဒါကိုဆောင်ရွက်သွားမှာပါ။

ပြီးရင် ဌာနဆိုင်ရာအချင်းချင်းလည်း ဆက်စပ်ပြီး လုပ်ငန်းအဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဥပမာ - ပြီးခဲ့တဲ့နှစ်ကဆိုရင် ပြည်တွင်းအခွန်များဦးစီးဌာနက ပိုင်ဆိုင်မှုတန်ဖိုးမှတ်ပုံတင်ဖို့၊ စာချုပ်တစ်ခုမှတ်ပုံတင်ဖို့ တန်ဖိုးဖြတ်ပါတယ်။ ဒီတန်ဖိုးအပေါ်မှာ တံဆိပ်ခေါင်းမှန်လား၊ မမှန်လားကျွန်တော်တို့ဆီကို စာချုပ်လာမှတ်ပုံတင်ရင် အဲဒီအပေါ်မှာစစ်ရပါတယ်။

အဲဒီတော့ ဒီတန်ဖိုးဖြတ်တဲ့ကိစ္စတစ်ခုကို ပြည်တွင်းအခွန်များဦးစီးဌာနကပြီးရင် ကျွန်တော်တို့ဌာနဆီရောက်လာပါတယ်။ ဒီမှတ်တမ်းမလာသေးလို့ အချိန်စောင့်နေရတာမျိုးမဖြစ်အောင် ဒီစည်းမျဉ်းပြီးသွားတာနဲ့ ကျွန်တော်တို့ကိုယ်စားလှယ်က ဒီမှတ်တမ်းကို တစ်ခါတည်းယူလာပြီး ကျွန်တော်တို့ဆီမှာ ဆက်ပြီး လုပ်ငန်းဆောင်ရွက်လို့ရအောင် ဆက်စပ်မှုတွေလုပ်ပေးတဲ့အတွက် အချိန်ကာလလျော့ကျသွားတာဖြစ်ပါတယ်။

ဒုတိယပိုင်းအနေနဲ့ လုပ်ငန်းဆောင်ရွက်တဲ့အချိန်နဲ့ ကုန်ကျစရိတ်လျှော့ချရုံတင်မက ကမ္ဘာ့ဘဏ်ကသုံးသပ်တဲ့အခါ Land Administrative Index လို့ခေါ်တဲ့ အုပ်ချုပ်မှုအခြေအနေကို ဖော်ပြတာကိုလည်း သူတို့စိစစ်ပါတယ်။ အဲဒီအပိုင်းက အချိန်ယူပြီးဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ Registering Property Indicator မှာ ဆောင်ရွက်ရတဲ့ အဆင့်က (၆) ဆင့် အဓိက ပါဝင်ဆောင်ရွက်ရတဲ့နေရာက သုံးခုရှိပါတယ်။

အဲဒီအကြောင်းအရာကို အကဲဖြတ်တဲ့အခါ ဒီဌာနတွေမှာတစ်ခုနဲ့တစ်ခု အိုင်တီနည်းပညာအရ ဆက်သွယ်မှုရှိသလား၊ ဝက်ဘ်ဆိုက်ကနေ ဒီဌာနမှာရှိတဲ့ဒေတာကို အခြားဌာနတစ်ခုက အလွယ်တကူဆွဲယူကြည့်ရှုလို့ရသလား၊ ပြည်သူလူထုကရော ဒီဟာကို အလွယ်တကူအွန်လိုင်းက ကြည့်လို့ရသလားဆိုတာတွေကို အကဲဖြတ်တာဖြစ်တဲ့အတွက် ဒီအပိုင်းက အခြေခံအဆောက်အဦတိုးတက်အောင် ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အချိန်ယူပြီးဆောင်ရွက်ရမှာဖြစ်ပါတယ်။ အခုလည်း ဒီဟာကိုဆောင်ရွက်နေပါတယ်။ လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနဆိုရင် ကွန်ပျူတာ နည်းနဲ့မှတ်ပုံတင်ခြင်းလုပ်ငန်းကို အခြားဌာနတွေနဲ့ အခြေခံကောင်းရအောင် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဆိုရင် သူ့ရဲ့မြေပုံတွေကို ဒစ်ဂျစ်တယ်စနစ်ကိုအကုန်ပြောင်းပြီး Information System စနစ်တစ်ခုထောင်ဖို့ဆောင်ရွက်နေပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနဆိုရင်လည်း သူ့ရဲ့ Tax Administrative Law နဲ့ အကုန်လုံးစုစည်းပြီး ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် နောင်မှာတော့ ဒါတွေအကုန်လုံး အချိတ်အဆက်မိသွားပြီဆိုရင် ပိုပြီးလုပ်ငန်းဆောင်ရွက်မှုတွေ တိုးတက်လာမှာဖြစ်ပါတယ်။

ပြည်သူလူထုအနေနဲ့ ကျွန်တော်တို့ ဒီဟာတွေကို တိုးတက်အောင်ဆောင်ရွက်နေတဲ့အပေါ်မှာ လုပ်ထုံးလုပ်နည်းနဲ့ဥပဒေတွေအရ တကယ်ရောဆောင်ရွက်တဲ့အခါမှာ အဆင်ပြေရဲ့လား၊ အဆင်မပြေရင် ဒီဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေက ဘာတွေလိုအပ်နေသလဲဆိုတာကို ကျွန်တော်တို့ကိုသတင်းပေးမယ်ဆိုရင် ကျွန်တော်တို့ ဒီအပေါ်မှာ ပိုပြီးလွယ်ကူအောင်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ကျွန်တော်တို့အနာဂတ်မှာအခြေအနေ အလားအလာကရော ဘယ်လိုရှိမယ်လို့ မျှော်လင့်ထားပါသလဲ။

**ဦးကျော်ငြိမ်းအောင်။** ။အနာဂတ်အနေနဲ့ ကျွန်တော်တို့ ခုနပြောသလို အချိန်နဲ့ကုန်ကျစရိတ်ကလျှော့ချလာတဲ့အပိုင်းကို ဒီနှစ်တွေမှာလုပ်ကိုင်ရလွယ်ကူမှုအဆင့် တိုးတက်လာအောင် အလွယ်ကူဆုံးဖြစ်အောင်လုပ်တဲ့အခါမှာလည်း အလွယ်ဆုံးလုပ်ငန်းက စပြီးလုပ်ပါတယ်။ ခုနပြောသလို လုပ်ငန်းအဆင့်လျှော့ချတယ်၊ အချိန်လျှော့ချတယ်ဆိုတာ ကျွန်တော်တို့ဌာနတွေရဲ့ လုပ်ရမယ့်လုပ်ငန်းကို ပြင်ဆင်ပြီးမှ လုပ်တဲ့အပိုင်းဖြစ်ပါတယ်။

ဒုတိယပိုင်းအနေနဲ့ ဒါဟာ ပြည်သူလူထုတကယ်သိအောင် သတင်းအချက်အလက်မျှဝေခြင်း အပိုင်းတွေကို ကျွန်တော်တို့ဆောင်ရွက်ပါတယ်။ သတင်းအချက်အလက်မျှဝေခြင်းအပိုင်းမှာလည်း ခုနပြောသလို ကျွန်တော်တို့ရဲ့ လုပ်ထုံး၊ လုပ်နည်းတွေ၊ စည်းမျဉ်းစည်းကမ်းကို ဝက်ဘ်ဆိုက်မှာတင်ပေးထားမယ်၊ ဒါတွေကို ပြည်သူလူထုက အလွယ်တကူ ကြည့်ရှုလို့ရမယ်ဆိုရင် ဌာနကိုလာတဲ့အခါ ကိုယ်ဘာကိုကြိုတင်ပြင်ဆင်လာရမလဲဆိုတာ သိလာမယ်။ ဒီလိုကြိုတင်ပြင်ဆင်လာရဲ့သားနဲ့ အဆင်မပြေဘူးဆိုရင် ချက်ချင်း Complaint တတ်နိုင်မှာ ဖြစ်ပါတယ်။

အဲဒီလို Complaint တတ်နိုင်အောင်လည်း ကမ္ဘာ့ဘဏ်က ကျွန်တော်တို့ကိုအကြံပြုထားတာရှိပါတယ်။ Complaint Mechanism တွေကို ထူထောင်ပေးဖို့ ကျွန်တော်တို့ဆောင်ရွက်လျက်ရှိပါတယ်။ နောက်ပြီး အဓိကပြင်ဆင်သွားမယ့်အပိုင်းက အိုင်တီနည်းပညာနဲ့ ဌာနအချင်းချင်း ချိတ်ဆက်ဆောင်ရွက်တဲ့အပိုင်းကို ပြင်ဆင်သွားမှာဖြစ်ပါတယ်။ အခု ဌာနတစ်ခုချင်းစီကတော့ သူ့ဌာနအလိုက် ဒါတွေကို အခြေခံကောင်းရအောင် တည်ဆောက်နေပါတယ်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဆိုရင်လည်း သူ့ရဲ့မြေပုံမြေရာဇဝင်တွေကို Information System တစ်ခုအနေနဲ့ ဒစ်ဂျစ်တယ်စနစ်ကိုပြောင်းဖို့ ဆောင်ရွက်နေပါပြီ။ကျွန်တော်တို့ဌာနအနေနဲ့ဆိုရင်လည်း စာချုပ်မှတ်ပုံတင်ခြင်းလုပ်ငန်းတွေကို ကွန်ပျူတာစနစ်ပြောင်းပြီးမှ ဆောင်ရွက်နေပါပြီ။ ဒီစနစ်နှစ်ခုကို ချိတ်ပြီး ဆောင်ရွက်နိုင်မယ်၊ ပြည်တွင်းအခွန်များဦးစီးဌာနဆိုရင်လည်း Tax Administrative Law နဲ့ ဒီဟာကိုလာပြီး ချိတ်နိုင်မယ်ဆိုရင် တစ်နေရာတည်းနဲ့ စုစည်းဆောင်ရွက်နိုင်တဲ့အနေအထားရောက်လာပြီဆိုရင် ကျွန်တော်တို့ တိုးတက်လာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အဲဒီအဆင့်ရောက်အောင်က နည်းပညာပိုင်းဆိုင်ရာကိစ္စတွေနဲ့ အခြေခံအဆောက်အဦပိုင်းဆိုင်ရာကိစ္စတွေဖြစ်တဲ့အတွက် အချိန် အတိုင်းအတာတစ်ခုတော့ ယူရပါလိမ့်မယ်။

သို့သော်လည်း ကျွန်တော်တို့ဖြစ်အောင်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီအချိန်ရောက်သွားရင် ဒေသတွင်းနိုင်ငံတွေနဲ့ ကျွန်တော်တို့ ရင်ပေါင်တန်းနိုင်တဲ့အဆင့်ကို ရောက်လာလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# တောင်သူတွေအနေနဲ့ ဖရဲသီး၊ သခွားမွှေးတွေကို တင်ပို့တော့မယ်ဆိုရင် သတင်းအချက်အလက်ကို စုံစမ်းပြီးတော့မှ တင်ပို့စေချင်ပါတယ်

**တွေ့ဆုံမေးမြန်း-မင်းသစ်(MNA)**

**ဓာတ်ပုံ-နေလင်း**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှ စတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး ကုန်သွယ်မှုများတွင် နှောင့်နှေးမှုများ ကြုံတွေ့နေရသည်။ လတ်တလော ကြုံတွေ့နေရသည့် ကုန်သွယ်ရေးအခြေအနေများကြောင့် တရုတ်နိုင်ငံသို့ တင်ပို့နေသည့် ဖရဲသီးနှင့် သခွားမွှေး သစ်သီးဝလံတို့၏ ယခုလက်ရှိ ဈေးကွက်အခြေအနေနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်-**

**မေး ။ ။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်နိုင်ငံကို တင်ပို့နေတဲ့ ဖရဲသီးနဲ့ သခွားမွှေးဈေးကွက်ကို ထိခိုက်မှုတွေရှိနေပါသလား။ လက်ရှိအခြေအနေကို ပြောပြပေးပါ။**

**ဖြေ ။ ။** တရုတ်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ် မဖြစ်ပွားခင်က တရုတ်နှစ်သစ်ကူးမတိုင်ခင်အထိ ဖရဲသီး၊ သခွားမွှေးဈေးကွက်က အင်မတန်မှ ကောင်းပါတယ်။ နှစ်သစ်ကူးပိတ်ပြီး ပြန်အစမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်ကို မြန်မာနိုင်ငံကနေ ဖရဲနဲ့ သခွားမွှေးတင်ပို့မှု အဆင်မပြေဖြစ်တာ ရက်ပေါင်း ၂၀ ကျော်ပြီ။ ဖရဲသီးဆိုရင် ပို့လိုက်တဲ့ ကားခတောင် မရဘူး။

သခွားမွှေးကတော့ မဆိုးဘူး။ နှစ်ကူးမတိုင်ခင်က တစ်တန်ကို ယွမ်ငွေ ဖ၅၀၀ လောက် ရောင်းရပြီးတော့ နှစ်ကူးပြီးတဲ့အချိန်မှာ တစ်တန်ကို ယွမ် ၃၅၀၀၊ ၄၀၀၀ လောက် ရောင်းရတော့ သခွားမွှေးအနေနဲ့တော့ တစ်ဝက်ဈေးလောက်ပြန်ရတော့ တော်သေးတယ်။ ဖရဲသီးက လေးပုံတစ်ပုံတောင် မရချင်တော့ဘူး။ ဖရဲသီးကတော့ တောင်သူတွေအတွက် အကျိုးအမြတ်မရှိတဲ့ ဈေးကွက်ကြီးဖြစ်သွားတယ်။ အဝယ်က ရပ်သွားတာ မဟုတ်ဘူး။ အဝယ်က နေ့တိုင်းရှိတယ်။ ဒီနေ့အထိ အခြေအနေကောင်းတဲ့ ဈေးနှုန်းမရှိသေးဘူး။ နယ်စပ်ကုန်သွယ်ရေးက ပိတ်ထားတာမဟုတ်ဘူး။ ဖွင့်ထားတယ်။ ဝယ်တဲ့ကုန်သည်က နည်းသွားတယ်။ ဈေးပေးတာလည်း နည်းသွားတယ်။

ဒီရာသီက ဖရဲ၊ သခွား အများဆုံးပို့တဲ့ရာသီပါ။ တစ်နေ့ကို ကားအစီးရေ ၆၀၀၊ ၇၀၀ လောက်ပို့ခဲ့ရတဲ့ ရာသီဖြစ်တယ်။ တကယ်ကို အကောင်းဆုံးရာသီပေါ့။ ဇန်နဝါရီလကနေ မေလကုန်အထိက အကောင်းဆုံးရာသီလည်းဖြစ်တယ်။ ဈေးလည်း အကောင်းဆုံးရတယ်။ အများဆုံးလည်း တင်ပို့နိုင်တယ်။ ဖရဲသီးကို တန်ချိန် ရှစ်သိန်းလောက်အထိ တင်ပို့နိုင်ခဲ့တယ်။ သခွားမွှေးဆို တန်ချိန် တစ်သိန်းခွဲလောက်ပို့နိုင်ခဲ့တယ်။ အခုဆိုရင် ဖရဲသီးက တန်ချိန် သုံးသိန်းကျော်ပဲ ပို့နိုင်သေးတယ်။ သခွားမွှေးဆို တန်ချိန် သုံးသောင်းကျော်ပဲ ပို့နိုင်သေးတယ်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဈေးကွက်ကြီးက မပိတ်ပေမယ့်လည်း ပိတ်သလောက်ဖြစ်သွားတဲ့အတွက်ကြောင့် တောင်သူတွေအတွက် ဆုံးရှုံးနစ်နာမှုတွေ ရှိပါတယ်။

**မေး ။ ။ ဖရဲသီးနဲ့ သခွားမွှေး ဈေးကွက်ပြန်လည်ကောင်းမွန်လာဖို့အတွက် အသင်းအနေနဲ့ ဆောင်ရွက်သွားမယ့် အစီအစဉ်တွေရှိရင်လည်း သိချင်ပါတယ်။**

**ဖြေ ။ ။** ရေရှည်မှာကုစားဖို့အတွက်ကတော့ ဖရဲသီးနဲ့ သခွားမွှေးကို တရုတ်၊ ဟောင်ကောင်နဲ့ စင်ကာပူကို ပို့နေတော့ ကျန်တဲ့နိုင်ငံတွေကိုလည်း ပို့နိုင်အောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က တာဝန်ရှိသူတွေနဲ့ တိုင်ပင်ပြီး မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံတကာ စီးပွားရေးသံမှူးတွေနဲ့ ချိတ်ဆက်ပြီး ဈေးကွက်ရရှိအောင် ဆောင်ရွက်ထားတာရှိပါတယ်။

ပြည်တွင်းမှာ ရောင်းချနိုင်ဖို့အတွက်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့ကို အကူအညီတောင်းပြီး ဒညင်းကုန်းဈေး၊ ရွှေပိတောက်ငါးဈေးတွေမှာလည်း ရောင်းလို့ရအောင် ကူညီဆောင်ရွက်ပေးပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဂယ်ရေးဝန်ကြီးဌာနက စက်ဆန်းမှာရှိတဲ့ အမှတ်(၁၁) ဂိုထောင်နဲ့ ကြက်ဘဲဈေးနားမှာရှိတဲ့ မြေကွက်မှာလည်း ရောင်းချဖို့ ကူညီပေးထားတာရှိပါတယ်။

နိုင်ငံတကာကို ချိတ်ဆက်လို့လည်းရအောင်၊ ဖရဲ၊ သခွားမွှေးစိုက် တောင်သူတွေကိုလည်း ကူညီပြီးသားဖြစ်အောင် ဖရဲ၊ သခွားမွှေး ပွဲတော်ကျင်းပသွားဖို့ရှိပါတယ်။ ဖေဖော်ဝါရီ ၂၉ ရက်ကနေ မတ် ၅ ရက်အထိ မြေပဒေသာကျွန်း ဆင်ရုပ်ကြီးနားမှာ ကျင်းပပြုလုပ်မှာ ဖြစ်ပါတယ်။ အဲဒီမှာ နိုင်ငံတကာကလာပြီး အဝယ်တော်တွေရမယ်ဆိုရင်လည်း ဈေးကွက်လေးတစ်ခုရသွားမှာပေ့ါ။

ကျွန်တော်တို့ ဖရဲ၊ သခွားကလည်း ဒူဘိုင်း၊ ကာတာတို့ အစရှိတဲ့နိုင်ငံတွေက ဝယ်လက်တွေရမယ်ဆိုရင် ဖရဲ၊ သခွားစိုက်တဲ့ တောင်သူတွေအတွက် အင်မတန်မှ ကောင်းမှာပါ။ ဖရဲ၊ သခွားစိုက်တဲ့ တောင်သူတွေဒုက္ခရောက်နေတာကို ကူညီပြီးသားလည်း ဖြစ်သွားအောင် ပွဲတော်ပြုလုပ်ရခြင်းဖြစ်ပါတယ်။



ဦးနိုင်ဝင်း

**မေး ။ ။ နှစ်အလိုက် ဖရဲ၊ သခွားမွှေး ပြည်ပတင်ပို့နိုင်မှု အခြေအနေကိုလည်း သိချင်ပါတယ်။**

**ဖြေ ။ ။** မြန်မာနိုင်ငံမှာ စိုက်ဧကအနေနဲ့ ဖရဲသီးက ဧကတစ်သိန်းခန့်ရှိပါတယ်။ သခွားမွှေးက စိုက်ဧကသုံးသောင်းခွဲခန့်ရှိပါတယ်။ တရုတ်ကို အဓိကပို့တယ်။ ဟောင်ကောင်နဲ့ စင်ကာပူကတော့ နည်းနည်းပဲပို့ရတယ်။ ပြည်ပတင်ပို့မှုကို ပြောရမယ်ဆိုရင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ဖရဲတန်ချိန် ခြောက်သိန်း ခြောက်သောင်းကျော် အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၈၇၄ သန်းဖိုး တင်ပို့နိုင်ခဲ့တယ်။ သခွားမွှေးက တန်ချိန် တစ်သိန်း နှစ်သောင်းကျော်ကျော် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၈၄၂ သန်းဖိုး တင်ပို့နိုင်ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ဖရဲတန်ချိန် ရှစ်သိန်းကျော် အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၄၆ သန်းဖိုးနဲ့ သခွားမွှေးက တန်ချိန် တစ်သိန်း နှစ်သောင်းကျော် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၇၇ သန်းဖိုး တင်ပို့နိုင်ပါတယ်။

၂၀၁၈-၂၀၁၉ မှာ ဖရဲတန်ချိန် ခုနစ်သိန်း လေးသောင်းကျော် အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၄၅၂၉ သန်း၊ သခွားမွှေးက တန်ချိန် တစ်သိန်းခွဲကျော် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၂၃၄၅ သန်းဖိုး တင်ပို့နိုင်ပါတယ်။ ဒီနှစ်မှာ ဖရဲသီး တန်ချိန် ရှစ်သိန်း လျာထားတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အစပိုင်းကနေပြီးတော့ ဖေဖော်ဝါရီ ၃ ရက်အထိ ဖရဲတန်ချိန် သုံးသိန်း နှစ်သောင်းကျော် တင်ပို့နိုင်ပြီး သခွားမွှေးက တန်ချိန် သုံးသောင်း ခြောက်ထောင်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

**မေး ။ ။ ဖရဲ၊ သခွားမွှေးကို တန်ဖိုးမြှင့်ထုတ်ကုန်အနေနဲ့ ထုတ်လုပ်သွားဖို့ရှိပါသလား။ ရှိရင် ပြောပြပေးပါ။**

**ဖြေ ။ ။** ဖရဲ၊ သခွားကို ထုတ်ကုန်မြှင့်ထုတ်ဖို့ ဆောင်ရွက်နေပါတယ်။ သီရိလင်္ကာနိုင်ငံရဲ့ အကူအညီနဲ့ ရှမ်းပြည်နယ် သီပေါမြို့မှာ အခြောက်ကင်စက်ရုံရှိပါတယ်။ အခု လောလောဆယ်မှာ နာနတ်သီးကို အခြောက်ကင်နဲ့ စည်သွပ်ဘူး နှစ်မျိုးလုပ်နေပါတယ်။ ဖရဲ၊ သခွားကိုလည်း ကူညီပါဆိုပြီး စမ်းသပ်ထားတာ အောင်မြင်သွားပါတယ်။ ဖရဲသီးအခြောက်ကင်နဲ့ ဖရဲသီးကို စည်သွပ်ဘူးလုပ်တာလည်း အောင်မြင်သွားပါပြီ။ မကြာခင် အဲဒါလုပ်ပြီးတော့ ဖြန့်ဖြူးရောင်းချဖို့ အစီအစဉ်ရှိပါတယ်။ ဝိုင်၊ ယိုနဲ့ ဖျော်ရည်လုပ်တာတွေလည်း ထုတ်လုပ်ဖြန့်ဖြူးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ အသင်းအနေနဲ့ သင်တန်းပေးပြီးလုပ်နိုင်အောင်၊ တောင်သူတွေအတွက် အထောက်အပံ့လေးရအောင်၊ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်နိုင်အောင် စီစဉ်ဆောင်ရွက်နေပါတယ်။

**မေး ။ ။ ဖြည့်စွက်ပြောကြားစရာရှိရင် ပြောကြားပေးပါ။**

**ဖြေ ။ ။** တောင်သူတွေအနေနဲ့ မိမိတို့ ဖရဲ၊ သခွားမွှေးကို တင်ပို့တော့မယ်ဆိုရင် သတင်းအချက်အလက်ကို စုံစမ်းပြီးတော့မှ တင်ပို့စေချင်ပါတယ်။ အခြေအနေမကောင်းရင် မတင်ပို့ပါနဲ့။ ကားခတောင်မရဘဲ ကားခစိုက်ရတဲ့ အခြေအနေတောင်ရှိပါတယ်။ သတင်းအချက်အလက်နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကိုလည်း မေးမြန်းနိုင်ပါတယ်။ ဖရဲ၊ သခွားမွှေးစိုက် တောင်သူတွေအနေနဲ့ သတင်းအချက်အလက်တွေ မေးမြန်းပြီးမှ တင်ပို့မယ်ဆိုရင် ဆုံးရှုံးမှုနည်းပါးပါလိမ့်မယ်။

အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

# အာဖရိကဝက်အပြင်းဖျားရောဂါဖြစ်ပွားမှု သတင်းထုတ်ပြန်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကတိုက်နိုင်ငံများရှိ ဝက်များတွင်သာ ဖြစ်ပွားခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အိမ်နီးချင်းအာရှနိုင်ငံများတွင် ကူးစက်ဖြစ်ပွားခဲ့ရာ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့်အလိုက် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအဖြစ် တရားမဝင် ဝင်ရောက်လာသည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တားဆီးကာကွယ်ထိန်းချုပ်ရေးအဖွဲ့များဖွဲ့စည်းလျက် တရားမဝင် ဝင်ရောက်လာသည့် ဝက်နှင့်ဝက်ထွက်ပစ္စည်းများကို စစ်ဆေးပြီး ကန့်သတ်/ ပိတ်ပင်/ တားဆီး/ ဖျက်ဆီးခြင်း၊ ပြည်သူလူထုအသိပညာပေးခြင်း၊ ဝက်ရောဂါစူးစမ်းထောက်လှမ်းခြင်းနှင့် ဇီဝလုံခြုံမှုမြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းလား၊ မိုင်းယောင်း၊ မိုင်းဖြတ်မြို့နယ်များနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပန်ဆန်းမြို့နယ်များတွင် အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ဖြစ်ပွားခဲ့သဖြင့် အခြားဒေသများသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရေးအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်း၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) သို့ သတင်းပေးပို့ခြင်းနှင့် နိုင်ငံပိုင်သတင်းစာများမှ သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၇ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်၊ နောင်မွန်ကျေးရွာအုပ်စု၊ နောင်မွန်ကျေးရွာ၌ သံသယဖြစ်ဖွယ် ဝက်ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ နာမကျန်းဝက်(၂) ကောင်မှ ကောက်ယူထားသော သွေးနမူနာပစ္စည်းကို မော်လီကျူလာနည်းပညာ (Real Time –PCR)ဖြင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ အာဖရိကဝက်အပြင်းဖျားရောဂါပိုး (African Swine Fever Virus)၏ မျိုးရိုးဗီဇကို တွေ့ရှိခဲ့ရပါသဖြင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) သို့ (၁၇-၂-၂၀၂၀) ရက်၌ သတင်းပေးပို့ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၃။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်ပြီး အိမ်မွေးဝက်များ၊ တောဝက်များတွင် သေဆုံးမှုမြင့်မားသော ရောဂါတစ်မျိုးဖြစ်ပါသည်။ ကာကွယ်ဆေးနှင့်ကုသဆေး မရှိသေးပါ။ အဆိုပါရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် ရောဂါဖြစ်ကြောင်း အတည်ပြုပြီးသည့်ခြံအား သုတ်သင်ရှင်းလင်းခြင်း (Stamping out) ပိုးသတ်ဆေးဖျန်းခြင်း၊ ရောဂါဖြစ်ဒေသမှ ဝက်နှင့်ဝက်ထွက်ပစ္စည်းများ တင်သွင်းမှုကို ကန့်သတ်တားဆီးပိတ်ပင်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ကြရပါသည်။ သို့သော် လူသို့ကူးစက်တတ်သော ရောဂါအမျိုးအစား မဟုတ်ပါ။

၄။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) သို့ ကနဦးသတင်းပေးပို့ဆောင်ရွက်လျက်ရှိပါသည်။

၅။ ရောဂါကျရောက်ဖြစ်ပွားမှုမရှိသေးသော ဒေသများသို့ ရောဂါကူးစက်ပျံ့နှံ့ခြင်းမရှိစေရန် အောက်ပါအချက်များကို အလေးထားလိုက်နာဆောင်ရွက်သွားရန် အသိပေးနှိုးဆော်အပ်ပါသည်-

- (က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
- (ခ) ဝက်ခြံများနှင့် ဝက်သားသတ်ရုံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
- (ဂ) အိမ်မွေးဝက်များကို စားသောက်ဆိုင်များမှ ဝက်သားပါဝင်သော စားကြွင်း/ကျန်များ ကျွေးခြင်း မပြုလုပ်ရန်၊
- (ဃ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊
- (င) အသက်အရွယ်တူဝက်များကိုသာ အတူတူ မွေးမြူရန်၊
- (စ) အပူချိန်၊ စိုထိုင်းဆ၊ လေဝင် လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
- (ဆ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊ ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
- (ဇ) ရောဂါဖြစ်ပွားနေသောနိုင်ငံမှ တရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
- (ဈ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
- (ည) ရောဂါဖြင့်သေဆုံးဝက်များကို မြစ်ချောင်းအင်းအိုင်များတွင် စွန့်ပစ်ခြင်းမပြုရန်၊
- (ဋ) နာမကျန်းဝက်များသေဆုံးပါက ရောင်းချခြင်းနှင့် ဝေငှစားသောက်ခြင်း မပြုလုပ်ရန်၊
- (ဌ) သေဆုံးဝက်များကို စည်းကမ်းမဲ့စွန့်ပစ်ခြင်း (မြစ်ချောင်းများထဲမျှောခြင်း) မပြုလုပ်ဘဲ စနစ်တကျမြေမြှုပ်ခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ရန်၊
- (ဍ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
- (ဎ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ပြင်သစ်နိုင်ငံနှင့် ကျန်းမာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရန်ဆန္ဒရှိကြောင်း ရှီကျင့်ဖျင် ပြောကြား

**ပေကျင်း ဖေဖော်ဝါရီ ၁၉**

တရုတ်နိုင်ငံသည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ပူးတွဲအကာအကွယ်ပေးရေး အပါအဝင် ကျန်းမာရေးကဏ္ဍတွင် ပြင်သစ်နိုင်ငံနှင့် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ဆောင်ရန်ဆန္ဒရှိနေကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြင်သစ်သမ္မတမက်ခရွန်နှင့် ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးစဉ် ပြောကြားခဲ့သည်။

ဖုန်းဖြင့် ဆက်သွယ်ပြောကြားရာ၌ ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်-၁၉) ကပ်ရောဂါအား ဆန့်ကျင်တိုက်ဖျက်ရာတွင် စာနာနားလည်မှုနှင့် အထောက်အပံ့ပေးမှုများ ထပ်မံပေးစွမ်းရန် ပြင်သစ်သမ္မတ မက်ခရွန်၏ ကမ်းလှမ်းခဲ့မှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ထုတ်ဖော်ပြောကြားခဲ့သည်။


ပြည်သူ့ကျန်းမာရေးဆိုင်ရာ အကြောင်းကိစ္စများနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံတွင် အားကောင်းသည့် စည်းရုံးနိုင်စွမ်း၊ ပြီးပြည့်စုံသည့်အစွမ်းသတ္တိနှင့် အတွေ့အကြုံများ ရှိခြင်းကြောင့် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်မှုတွင် အောင်မြင်မှုရရှိမည်ဟု အတိအကျပြောနိုင်ပါကြောင်း သမ္မတရှီကျင့်ဖျင်က ဆက်လက်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ စီးပွားရေးအပေါ် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ၏ သက်ရောက်မှုသည် ယာယီသာဖြစ်လိမ့်မည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့် ယခုနှစ်၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပန်းတိုင်များကို အောင်မြင်မှုရရှိရန် စွမ်းဆောင်နိုင်စွမ်းရှိသေးကြောင်း ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

လိုအပ်သည့်အချိန်တွင် အကူအညီပေးသည့်မိတ်ဆွေသည် အမှန်တကယ်မိတ်ဆွေဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့် တရုတ်ပြည်သူများ၏ အသက်နှင့် ကျန်းမာရေးသာမက ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအတွက် တာဝန်ကို အလေးအနက်ထားသော နိုင်ငံတစ်နိုင်ငံအနေဖြင့် ဆောင်ရွက်ချက်တိုင်းကို အကာအကွယ်ပေးထားပါကြောင်းလည်း ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံအား ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များ ဆက်လက်ပေးခဲ့ပါကြောင်းနှင့် အထောက်အပံ့ အများအပြားပေးစွမ်းရန်လည်း အသင့်ရှိပါကြောင်း ပြင်သစ်သမ္မတမက်ခရွန်က မှတ်ချက်ပြုပြောကြားခဲ့သည်။

ထို့ပြင် ပြင်သစ်နိုင်ငံက ကိုရိုနာဗိုင်းရပ်စ် ဆန့်ကျင်တိုက်ဖျက်ရာတွင် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်းနှင့် ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်မည့် အခွင့်အလမ်းတစ်ရပ်အနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကို ပူးပေါင်းတိုက်ဖျက်လျက်ရှိပါကြောင်း မက်ခရွန်က ဆက်လက်ပြောကြားခဲ့သည်။



တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ပြင်သစ်သမ္မတမက်ခရွန်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**



# ဂျပန် အပျော်စီးသင်္ဘောပေါ်မှ ခရီးသည်များအား စတင်ဆင်းခွင့်ပြု

**ယိုကိုဟားမား ဖေဖော်ဝါရီ ၁၉**

ကိုရိုနာဗိုင်းရပ်စ် ကင်းစင်ကြောင်း စစ်ဆေးပြီးသော ခရီးသည်ရာပေါင်းများစွာတို့ကို ဂျပန်အပျော်စီးသင်္ဘောပေါ်မှ ဆင်းခွင့်ပေးလိုက်ကြောင်း သိရသည်။

သို့သော် ကျန်းမာရေး တာဝန်ရှိသူများ၏ ပြောကြားချက်အရ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၇၉ ဦး ထပ်မံတွေ့ရှိခဲ့ရသည်ဟု သိရသည်။ အဆိုပါသင်္ဘောပေါ်တွင် ရောဂါကူးစက်သူ စုစုပေါင်း ၆၂၁ ဦးအထိ ရှိလာခဲ့သဖြင့် သင်္ဘော၏ရောဂါကူးစက်မှု ထိန်းချုပ်ရေးနှင့်ပတ်သက်ပြီး ဝေဖန်မှုများ မြင့်တက်ခဲ့သည်။

ထို့ကြောင့် အထက်ပါ ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် တရုတ်နိုင်ငံတွင် လူပေါင်း၂၀၀၀ ကျော်အသက်ဆုံးရှုံးခဲ့ပြီး ရောဂါပိုးမှာ နိုင်ငံအများအပြားသို့ ပျံ့နှံ့သွားခဲ့သည်။ သင်္ဘောပေါ်မှ ရောဂါပိုးတွေ့ရှိသူများအား ဆေးရုံများတွင် ထပ်မံစောင့်ကြည့်ကုသသွားမည်ဖြစ်သည်။ သင်္ဘောပေါ်မှ ကိုရိုနာဗိုင်းရပ်စ်ပိုး မတွေ့ရှိသူများအား ထွက်ခွာခွင့်ပြုခဲ့သည်။ ''ကျွန်တော်က ရောဂါပိုးကင်းစင်ပါတယ်။ ဒါပေမယ့် အနားယူဖို့ လိုအပ်ပါတယ်''ဟု အသက် ၇၇ နှစ်အရွယ်ရှိ ဂျပန်လူမျိုးခရီးသည် တစ်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံမှရရှိသောစာရင်းများအရ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၂၀၀၀ ကျော်ရှိပြီး ကူးစက်ခံရသူ ၇၄၀၀၀ ရှိကြောင်း သိရသည်။

နိုင်ငံအများအပြားတွင် ထိုရောဂါကူးစက်ခံရမှုပေါင်း ရာပေါင်းများစွာရှိခဲ့သည်။ ဟောင်ကောင်တွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဒုတိယအကြိမ်မြောက် သေဆုံးမှုဖြစ်ပေါ်ခဲ့သည်။

''ကျွန်တော်တို့ခရီးသည်တွေအနေနဲ့ သင်္ဘောကပ္ပတိန်နဲ့ အမှုထမ်းတွေရဲ့ စောင့်ရှောက်မှုကို ရရှိခဲ့တဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်''ဟု ယာဒလေဝေါင်းအမည်ရှိ ခရီးသည်တစ်ဦးက လူမှုကွန်ရက်တွင် ရေးသားခဲ့သည်။

ခရီးသည်များအား သင်္ဘောပေါ်မှ ဆင်းခွင့်ပြုခဲ့သည့်အပေါ် ဂျပန်လူမျိုးများက မိမိတို့ဒေသတွင် ယခုကဲ့သို့ ဆောင်ရွက်ခြင်းကြောင့် ရောဂါကူးစက်ပျံ့နှံ့မှု ဖြစ်ပွားလာမည်ကို စိုးရိမ်မှုများမြင့်တက်လျက်ရှိသည်။ ခရီးသည်အချို့မှာ သင်္ဘောပေါ်မှဆင်းခွင့်ရရှိရန်အတွက် ကျန်းမာရေးစစ်ဆေးမှုရလဒ်များကို စောင့်ဆိုင်းလျက်ရှိသည်။

**ကိုးကား- အေအက်ဖ်ပီ**

**ဘာသာပြန်-စိုးသူရ**

# အာဖဂန်နစ္စတန်ရွေးကောက်ပွဲတွင် သမ္မတ ဂါနီ ပြန်လည်အနိုင်ရ

**ကဘူးလ် ဖေဖော်ဝါရီ ၁၉**

အာဖဂန်နစ္စတန်ရွေးကောက်ပွဲတွင် သမ္မတ အာဆက်ဂါနီက ဒုတိယအကြိမ်ပြန်လည်ရွေးကောက်ခြင်းခံခဲ့ရသည်။ နိုင်ငံအတွင်း သမ္မတရွေးကောက်ပွဲကို ငါးလအကြာက ကျင်းပခဲ့သော်လည်း အငြင်းပွားမှုအနည်းငယ်ရှိသည့်အတွက် ရွေးကောက်ပွဲရလဒ်များကို ယခုအချိန်မှသာ ထုတ်ပြန်ကြေညာခဲ့ရသည်။

သမ္မတဂါနီသည် ထောက်ခံမဲ ၅၀ ဒသမ ၆၄ ရာခိုင်နှုန်းဖြင့် မဲအသာစီးရရှိကာ ဒုတိယအကြိမ် ပြန်လည်ရွေးကောက်ခံရခြင်းဖြစ်သည်ဟု ရွေးကောက်ပွဲကော်မရှင်က ဖေဖော်ဝါရီ ၁၈ ရက်တွင် ကြေညာခဲ့သည်။

ရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ကြေညာခဲ့ပြီးနောက် သမ္မတဂါနီက သမ္မတအိမ်တော်၌ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။ ယခုကဲ့သို့ ဒုတိယအကြိမ် ပြန်လည်ရွေးကောက်ခံရသည့်အတွက်၎င်းအားထောက်ခံမဲပေးသော ပြည်သူများအား ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူများ၏ ယုံကြည်မှုကို အကျိုးရှိရှိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် အာဖဂန်ပြည်သူများရသင့်ရထိုက်သည့် အခွင့်အရေးများကို အပြည့်အဝကာကွယ်ပေးသွားမည်ဖြစ်ကြောင်း သမ္မတဂါနီက ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန် အစိုးရအဖွဲ့ အကြီးအကဲ အာဒူလာရှ် အာဒူလာရှ်က ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၃၉ ဒသမ ၅၂ ရာခိုင်နှုန်းရရှိကာ ဒုတိယမဲအများဆုံး ရရှိခဲ့သည်။ ရွေးကောက်ပွဲရလဒ်များအပေါ် တာလီဘန်အဖွဲ့က ထောက်ခံခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

သမ္မတဂါနီ ဒုတိယအကြိမ် အနိုင်ရရှိခဲ့သော ယခုရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်းနှင့် အာဖဂန်ပြည်သူများ၏ လိုလားတောင့်တမှုနှင့် ထပ်တူကျမှု မရှိကြောင်း တာလီဘန်အဖွဲ့က ၎င်း၏ထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အောင်ကျော်ကျော်**

# အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု၏ အကျင့်ပျက်ခြစားမှု စစ်ဆေးခြင်းကို မတ် ၁၇ ရက်တွင် စတင်မည်

**တဲအဗစ် ဖေဖော်ဝါရီ ၁၉**

အစ္စရေးနိုင်ငံက တစ်နှစ်အတွင်း တတိယအကြိမ်မြောက် ရွေးကောက်ပွဲကျင်းပပြီး သီတင်းပတ်နှစ်ပတ်အကြာ မတ်လ ၁၇ ရက်တွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ အကျင့်ပျက်ခြစားမှု အမှုစစ်ဆေးခြင်း စတင်မည်ဟု တရားရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ရာဇဝတ်မှုတစ်ခုဖြင့် တရားစွဲဆိုခံရသည့် ပထမဆုံးသော တာဝန်ထမ်းဆောင်ဆဲ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက စွဲချက်တင်ထားသည့် အကျင့်ပျက်ခြစားမှု သုံးခုတွင် မည်သည့်အမှားအယွင်းမျှ ပြုလုပ်ခဲ့ခြင်းမရှိဟု ငြင်းဆန်ခဲ့သည်။ တရားရင်ဆိုင်မှုနှင့် ပတ်သက်၍ လက်ယာယိမ်း လီကွတ်ပါတီကို ဦးဆောင်သည့် နေတန်ယာဟုမှာ ပြီးခဲ့သည့်နှစ် ဧပြီလနှင့် စက်တင်ဘာလများအတွင်း ရွေးကောက်ပွဲများ ပြုလုပ်ခဲ့ပြီး ယခုနှစ် မတ် ၂ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ၌ နိုင်ငံရေးလှုပ်ရှားမှုအတွက် ရုန်းကန်နေရသည်။

ဂျေရုဆလင်ခရိုင်တရားရုံးမှ တရားသူကြီး သုံးဦးပါဝင်သော အမှုစစ်ဆေးရေးအဖွဲ့ကို ကြေညာခဲ့ပြီးဖြစ်သည်။ ပြီးခဲ့သည့် ရက်သတ္တသုံးပတ်က တရားရုံးသို့ တင်ခဲ့သည့် စွဲချက်များတွင် လာဘ်ပေးလာဘ်ယူမှု၊ ယုံကြည်မှု ချိုးဖောက်မှုနှင့် လိမ်လည်မှုတို့ ပါဝင်သည်။ အသက် ၇၀ အရွယ်ရှိ နေတန်ယာဟုသည် စီးပွားရေးလုပ်ငန်းရှင်ကြီးများထံမှ ဆေးပြင်းလိပ်များ၊ ရှန်ပိန်များအပါအဝင် အမေရိကန်ဒေါ်လာ ၂၆၄၀၀၀ တန်ကြေးရှိ လက်ဆောင်ပစ္စည်းများ လက်ခံရယူခဲ့ပြီး နာမည်ကျော်သတင်းဝက်ဘ်ဆိုက် တစ်ခုတွင် သတင်းများဖော်ပြရန် လုပ်ထုံးလုပ်နည်းကို ကျော်လွန်၍ အခွင့်အရေးပေးမှုများ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည်။

လာဘ်ပေး လာဘ်ယူမှု၊ လိမ်လည်မှုနှင့် ယုံကြည်မှုချိုးဖောက်မှုတို့အတွက် ဝန်ကြီးချုပ်နေတန်ယာဟုအနေဖြင့် အမြင့်ဆုံးပြစ်ဒဏ် ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ခံရနိုင်သည်။

**ကိုးကား- စီဂျီတီအင်န်**

**ဘာသာပြန်- ကျော်ထိုက်စိုး**

# ဝူဟာန်မြို့ရှိ တပ်မတော်ဆေးရုံနှစ်ရုံကို ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကုသရန်အတွက် အသုံးပြု

**ဝူဟာန် ဖေဖော်ဝါရီ ၁၉**

နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါဖြစ်ပွားရာ အဓိကဒေသ ဖြစ်သည့် ဟူပေပြည်နယ်၏ မြို့တော် ဝူဟာန်မြို့ရှိ တပ်မတော်ဆရာဝန်များ၏ ကွပ်ကဲမှုအောက်ရှိ ဆေးရုံနှစ်ရုံကို ဗိုင်းရပ်စ်ရောဂါကုသရန်အတွက် ဗုဒ္ဓဟူးနေ့က အသုံးပြုခဲ့သည်။

ဝူဟာန်မြို့ရှိ ဟူပေမိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုဆေးရုံ၏ ဌာနခွဲနှင့် တိုင်ကန်တုံဂျီဆေးရုံတို့တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည့် လူနာများကို ကုသမှုပေးရန်အတွက် တပ်မတော်မှ ဆေးဝန်ထမ်း ၂၆၀၀ ကို တာဝန်ပေးအပ်သည်။

ခုတင် ၈၆၀ နှင့် ခုတင် ၇၀၀ အသီးသီးရှိသည့် ယင်းဆေးရုံနှစ်ရုံကို ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည့် လူနာများကို လက်ခံရန်အတွက် အထူးကုဆေးရုံများအဖြစ် မပြောင်းလဲခင်က အဆိုပါလူနာများကို ကုသရန် အသုံးပြုခဲ့ခြင်း မရှိပေ။

ဗုဒ္ဓဟူးနေ့ နှောင်းပိုင်းက ခုတင် ၈၆၉ ရှိသည့် တိုင်ကန်တုံဂျီဆေးရုံကို ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည့် လူနာများကို ကုသရန်အတွက် ပြင်ဆင်ခဲ့သည်။ ဟူပေမိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုဆေးရုံ၏ ဌာနခွဲသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည့် လက္ခဏာပြသည့် လူနာ ၈၄ ဦးနှင့် ရောဂါပြင်းထန်သည့် လူနာ ၂၀ တို့ကို လက်ခံနိုင်သည့် ကူးစက်ရောဂါ လူနာဆောင်နှစ်ခုကို ဖွင့်လှစ်ခဲ့သည်။

တပ်မတော်သည် ယခုအချိန်အထိ ဟူပေပြည်နယ်၏ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါတိုက်ဖျက်မှုကို အကူအညီပေးရန်အတွက် ဆေးဝန်ထမ်း ၄၀၀၀ ကျော်ကို စေလွှတ်ထားကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ဇော်လင်း**

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ မီးလောင်မှုဖြစ်၊ သုံးဦးသေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက်၌ ယနေ့နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်က မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက် (၉၇)လမ်း အမှတ် ၂၅၊ RC နှစ်ခန်းတွဲ သုံးထပ်ခွဲ ဟောင်ကောင်ပုံစံ ပထမထပ်ညာဘက်ခြမ်း တိုက်ခန်း၌ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် တိုက်ခန်းအပါအဝင် အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကာ ဦးတင်မောင်ဝင်း၏ ဇနီးဖြစ်သူ ဒေါ်ခင်အေးဝင်း (ခ) ဒေါ်ကြည်ပြာ၊ ဒေါ်သီတာနှင့် မောင်အိုဝိုက်(ခ) မောင်ငြိမ်းဇေယျာထွန်းတို့မှာ အိပ်ခန်း၌ မီးခိုးမွန်း၍ သေဆုံးခဲ့ကြောင်း သိရသည်။

မဖြိုးပပစိုး (၃၂)နှစ်မှာ ယာလက်၊ ယာပေါင်နှင့် မျက်နှာ၌ မီးဟပ်ခံရ(စိုးရိမ်ရ)ပြီး သေဆုံးသူ သုံးဦးနှင့် မီးလောင်ဒဏ်ရာရသည့် ၎င်းအပါအဝင် လေးဦးကို တာမွေမေတ္တာညွန့်လူမှုကူညီရေးအသင်းမှ လူနာတင်ယာဉ်ဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာနေရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်း၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်နှစ်စီး အပါအဝင် အခြားမြို့နယ်မီးသတ်စခန်းအသီးသီးမှ မီးငြိမ်းသတ်ယာဉ် ၁၂ စီး၊ ကွပ်ကဲမှုယာဉ် သုံးစီးတို့ဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၇၅ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၈ ဦးတို့က မီးငြိမ်းသတ်ခဲ့ကြောင်းနှင့် ပတ်ဝန်းကျင်ရှိ ပြည်သူများကလည်း မီးသတ်ဆေးဘူးဖြင့် ကနဦး ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုအကြောင်းရင်းအား စုံစမ်းလျက်ရှိကြောင်း သိရသည်။

ပွင့်သစ္စာ




# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၈ ရက်တွင်မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၃၇၆ စီး၊ သွင်းကုန် ၁၃၆၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၅၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇ သန်းတန်ဖိုးရှိ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သော ကွမ်းစားဆေးများနှင့် ပစ္စည်းသယ်ဆောင်လာသော ယာဉ်တစ်စီး သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သုံးခွမြို့နယ် လသာကုန်းကျေးရွာအနီး၌ ယာဉ်တိုက်မှုဖြစ် တစ်ဦးသေ

**သုံးခွ ဖေဖော်ဝါရီ ၁၉**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် လသာကုန်းကျေးရွာအနီးတွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီခွဲခန့်က ဝွန်ဒေါင်းယာဉ်နှင့် ဆိုင်ကယ်တိုက်မှုဖြစ်ပွားသဖြင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သုံးခွ-စစ်ကိုင်းစုလမ်း လသာကုန်းကျေးရွာအဝင်လမ်းဟောင်းထိပ်တွင် စစ်ကိုင်းစုမှ သုံးခွသို့ လင်းအောင် မဟာမိတ်တူးမြောင်းကျေးရွာ သုံးခွမြို့နယ်နေသူ မောင်းနှင်လာသော ဝွန်ဒေါင်းယာဉ်မှာ လသာကုန်းကျေးရွာ လမ်းဟောင်းဘက်သို့ ချိုးကွေ့စဉ် မဇင်မာဦး မောင်းနှင်ပြီး နောက်မှ ဇော်ထက်ခိုင် မဟာမိတ်တူးမြောင်းကျေးရွာ သုံးခွမြို့နယ်နေသူ လိုက်ပါလာသော ဆိုင်ကယ်အား ဝင်တိုက်မိရာ မဇင်မာဦးမှာ ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး ဇော်ထက်ခိုင်မှာ ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သည်။

ဝွန်ဒေါင်းယာဉ်မောင်း လင်းအောင်မှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် သုံးခွမြို့မရဲစခန်းက ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုကျော်(သုံးခွ)



# ခင်ဦးမြို့နယ်၌ ရထားသံလမ်းပေါ် ထန်းလုံး၊ ထန်းရွက်နှင့် ကျောက်တုံးများ ပိတ်ဆို့ချထားမှုဖြစ်

**ခင်ဦး ဖေဖော်ဝါရီ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မဒေါင်းလှဘူတာနှင့် ခင်ဦးဘူတာကြား၌ ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက ရထားသံလမ်းပေါ် ထန်းလုံး၊ ထန်းရွက်နှင့် ကျောက်တုံးများ ပိတ်ဆို့ချထားမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၇ နာရီခန့်က စက်ခေါင်းမောင်း ဦးရဲမြင့်အောင်၊ ရထားထိန်း ဦးစံလွင်တို့ လိုက်ပါလာသော စက်ခေါင်းအမှတ် (DF 1354) မြစ်ကြီးနား-မန္တလေး အမှတ်(၄၂) အစုန် ဒုတိယအမြန်ရထားသည် မဒေါင်းလှဘူတာနှင့် ခင်ဦးဘူတာအကြား မိုင်တိုင်အမှတ် (၄၅၉/၂) နှင့် (၄၅၉/၃) အကြားအရောက် ရထားသံလမ်းပေါ်တွင် ထန်းလုံးနှစ်လုံးတို့အား ထန်းရွက်သုံးရွက်စီအုပ်၍ ကန့်လန့်တင်ထားရှိခြင်း၊ မိုင်တိုင်အမှတ် (၄၅၈/၂၄) သံလမ်းကြားတွင် ၁၂ လက်မခန့်ရှိ ကျောက်တုံး တစ်တုံးတင်ထားခြင်းတို့အား အမှတ်(၄၂) အစုန် ဒုတိယအမြန် ရထားစက်ခေါင်းမောင်း ဦးရဲမြင့်အောင်က ရထားပေါ်မှ လှမ်းမြင်တွေ့ရှိပြီး ဘရိတ်ထိန်းနိုင်ခဲ့သဖြင့် ရထားတိမ်းမှောက်မှု အန္တရာယ်မှ ကင်းလွတ်ခဲ့ကာ အဆိုပါထန်းလုံးထန်းရွက်နှင့် ကျောက်တုံးများကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။ ထို့နောက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် ရထားမှာ ထိခိုက်ပျက်စီးမှုမရှိဘဲ ခင်ဦးဘူတာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ခင်ဦးမြို့မရဲစခန်းက အမှုဖွင့်လှစ်ထားရှိပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးသောက်(ရွှေဘို)

# ခင်ဦးမြို့နယ်၌ ယာဉ်တစ်စီးတိမ်းမှောက်၍ ကလေး တစ်ဦးသေ

**ခင်ဦး ဖေဖော်ဝါရီ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် ယာဉ်တစ်စီးတိမ်းမှောက်၍ နှစ်နှစ်သား ကလေးငယ်တစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၄ နာရီခန့်က ခင်ဦးမြို့နယ် မြင်းဒေါင်း - ကာဘိုးသွားကားလမ်း မကျီးအုပ်ကျေးရွာအနီးတွင် ယာဉ်တစ်စီး တိမ်းမှောက်နေကြောင်း သတင်းအရ မြို့မရဲစခန်းမှ ဒုရဲအုပ် ဇော်မျိုးဦးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ယာဉ်မောင်း ဇော်မင်းနိုင်၊ ဇနီး မပွေးနှင့် သား မောင်ဝေဖြိုးအောင်တို့ စီးနင်းလာသော ယာဉ်သည် ဘရိတ်ပေါက်ပြီး လမ်း၏ ဝဲဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်သွားသဖြင့် ယာဉ်မောင်း ဇော်မင်းနိုင်မှာ ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိထားပြီး မောင်ဝေဖြိုးအောင် နှစ်နှစ်ခန့်မှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဇော်မင်းနိုင် မုံတော(တ)ကျေးရွာ ခင်ဦးမြို့နယ်နေသူအား မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ချစ်စံ(ခင်ဦး)

# ဗန်းမောက်မြို့နယ်အတွင်းမှ ဘိန်းမည်း ၃၀၀ ဂရမ်ခန့် သိမ်းဆည်းရမိ

**ဗန်းမောက် ဖေဖော်ဝါရီ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ပင်ဟင်းခါးတောင်ပေါ်နေရာမှ ဖေဖော်ဝါရီ ၁၈ ရက်က ဘိန်းမည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၈ ရက် ည ၇ နာရီခွဲက ဗန်းမောက်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကိုကို အနီးကပ်ကြီးကြပ်၍ နယ်ထိန်းဒုရဲအုပ်စိုးဝင်းအောင် ဦးစီးသောအဖွဲ့သည် ဗန်းမောက်-မံစီသွား ကားလမ်း ပင်ဟင်းခါးတောင်ပေါ်တွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် အင်းတော်မြို့နယ် သက္ကယ်ကျင်းကျေးရွာနေ မောင်ဖြူ(ခ) မောင်ဝေ မောင်းနှင်ပြီး အင်းတော်မြို့နယ် မံဖာကျေးရွာနေ ဝင်းကြိုင် လိုက်ပါလာသော ဆိုင်ကယ်အား စစ်ဆေးရာ အဆိုပါဆိုင်ကယ်အတွင်းမှ ဘိန်းမည်း ၃၀၀ ဂရမ်ခန့် ရှာဖွေဖမ်းမိသဖြင့် မူးယစ်ဆေးဝါး သယ်ဆောင်သူ မောင်ဖြူ (ခ) မောင်ဝေနှင့် ဝင်းကြိုင်တို့ နှစ်ဦးအား ဗန်းမောက်မြို့မရဲစခန်းက မူးယစ်ဆေးဝါး ဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လူအောင်(ကသာ)

# မြိတ်မြို့၌ မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ် မီးလောင်

**မြိတ် ဖေဖော်ဝါရီ ၁၉**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ငွေပုလဲရပ်ကွက်၌ ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီခန့်က မီးကြွင်းမီးကျန်မှုတစ်ဆင့် လူနေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီခန့်က ငွေပုလဲရပ်ကွက်ရှိ ဒေါ်ရှင်ဟုန်၏နေအိမ်ရှိ မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် နေအိမ်တစ်လုံး မီးလောင်ခဲ့ကြောင်းနှင့် မီးလောင်မှုနှင့်ပတ်သက်၍ ဒေါ်ရှင်ဟုန်အား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# မိုးညှင်း၊ ခန္တီး၊ ရန်ကင်းနှင့် သိန္နီမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီက မိုးညှင်းမြို့နယ် နန့်မွန်းမြို့ အမှတ်(၂)ရပ်ကွက် နိုင်ဝင်းထွန်း (ခ) မောင်မောင်၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ မြင့်လွင်ဦးအား တွေ့ရှိရပြီး နေအိမ်မှ ဘိန်းဖြူ သုည ဒသမ ၂၈ ကီလို သိမ်းဆည်းရမိခဲ့သည်။


မခင်မျိုးရီ၊ သန်းဇော်ဦး၊ ကျော်စိန်တို့အား သိမ်းဆည်းရမိသည့်ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီခွဲက ခန္တီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ခန္တီးမြို့မရပ်ကွက် ချင်းတွင်းမြစ်ကမ်းဘေးရှိ စက်လှေဆိပ်အနီး၌ ဆိုက်ကပ်ထားသည့် သစ်သားစက်လှေကို စစ်ဆေးရာ စက်လှေပေါ်တွင် မခင်မျိုးရီ၊ သန်းဇော်ဦးနှင့် ကျော်စိန်တို့အား တွေ့ရှိရပြီး လှေပေါ်မှ ဘိန်းဖြူ သုည ဒသမ ၉၄၀၅ ကီလိုကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရန်ကင်းမြို့နယ် အမှတ်(၂)ရပ်ကွက် ဆရာစံလမ်း ရန်ကင်းစင်တာရှေ့တွင် တွေ့ရှိသူ အေးသူရကျော်(ခ)ကိုဒီး၊ သန်းထိုက်နှင့် ကောင်းမြတ်လွင်တို့အား ရှာဖွေရာ ၎င်းတို့ထံမှ ဆေးခြောက် သုည ဒသမ ၁၄၅ ကီလိုနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် အေးသူရကျော်(ခ) ကိုဒီး ငှားရမ်းနေထိုင်သည့် သဃ်န်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက် လေးထောင့်ကန်လမ်းမကြီးရှိ တိုက်ခန်းကိုရှာဖွေရာ အခန်းအတွင်း ဟိန်းအောင်ကျော်(ခ)ကိုဟိန်း၊ ဖွဲ့မာန်ဝင့်သူ(ခ)ဖွဲ့မာန်၊ ထက်အောင်ဝင်းနှင့် ရဲရန်နောင်တို့အား တွေ့ရှိရပြီး နေအိမ်အတွင်းမှ ဆေးခြောက် ရှစ်ကီလိုနှင့် လက်ကိုင်ဖုန်း လေးလုံးတို့ကို လည်းကောင်း။

အလားတူ မွန်းလွဲ ၃ နာရီခွဲတွင် နမ့်စလပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့နယ် ကောင်းဝိန်းကျေးရွာအုပ်စု တာယာကိုကျေးရွာနေ ချောင်စီ၏ နေအိမ်ကို ရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာအောင်မြင့်ဦး ပါမောက္ခ(ဌာနမှူး) မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

**မေးခွန်းပုံစံသစ်**

ယခု ပို့ချချက်သည် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် " မြန်မာစာဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ " ဖြစ်ပါသည်။ ဤပို့ချချက်သည် မြန်မာစာပြဋ္ဌာန်းစာများကို လေ့လာကျက်မှတ်ရာတွင် လည်းကောင်း၊ စာမေးပွဲအတွက် ပြင်ဆင်ရာတွင် အဆင်ပြေချောမွေ့စေရန် လည်းကောင်း၊ စာမေးပွဲကို ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုနိုင်စေရန်လည်းကောင်း ရည်ရွယ်ပါသည်။ ယခု ၂၀၂၀ ပြည့်နှစ်တွင် ဖြေဆိုရမည့် မေးခွန်းပုံစံသည် ၂၀၁၉ မတ်လတွင် စတင်စစ်ဆေးခဲ့သော မေးခွန်းပုံစံသစ်အတိုင်း ဖြစ်ပါသည်။ မြန်မာစာဘာသာရပ် မေးခွန်းပုံစံသစ်သည် ကျောင်းသူ ကျောင်းသားများ သင်ခန်းစာကို နှုတ်တိုက်အလွတ်ကျက်မှတ်ခြင်းကိုလျှော့ချပြီး တစ်နှစ်ပတ်လုံး သင်ယူလေ့လာဆည်းပူးထားသည့် သင်ခန်းစာများကို ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှု၊ ကိုယ်ပိုင်တီထွင်ဖန်တီးနိုင်မှု၊ ကိုယ်ပိုင်ရေးသားတင်ပြမှု၊ ကိုယ်တိုင်ဆုံးဖြတ်နိုင်မှုစွမ်းရည်တို့ဖြင့် ပေါင်းစပ်ကာ ဖြေဆိုနိုင်မည့်ပုံစံသို့ ဦးတည်ပြောင်းလဲထားခြင်း ဖြစ်သည်။ ယခုပို့ချချက်တွင် မေးခွန်းပုံစံသစ်နှင့်အညီ အံဝင်ခွင်ကျ ဖြေဆိုနိုင်ရေးအတွက် ဆွေးနွေးတင်ပြသွားမည် ဖြစ်ပါသည်။

မြန်မာစာဘာသာရပ်သည် ဘာသာစကားနှင့်စာပေအရေးအသားကို ပြုစုပျိုးထောင်ပေးသော ဘာသာရပ်ဖြစ်သည့်အလျောက် မြန်မာစာဘာသာရပ်ကို လေ့လာရာတွင် တွေးခေါ်စဉ်းစားသည့် အလေ့အထ၊ စာရေးသားသည့် အလေ့အကျင့်များစွာ လိုအပ်ပါသည်။ လက်ရှိအခြေအနေတွင် ကျောင်းသားကျောင်းသူများသည် မြန်မာစာဘာသာရပ်ကိုလေ့လာရာတွင် အလွတ်ကျက်မှတ်ဖြေဆိုမှုကို လွန်ကဲစွာ အားပြုနေကြသည့်အတွက် အလွတ်ကျက်မှတ်မှုနှင့် ကိုယ်ပိုင်တွေးခေါ်စဉ်းစားဖန်တီးရေးသားနိုင်မှုတို့ကို ဟန်ချက်ညီညီပေါင်းစပ်ဖြေဆိုနိုင်ရန် မေးခွန်းပုံစံကို ပြောင်းလဲထားပါသည်။ သို့ဖြစ်ရာ ကျောင်းသားကျောင်းသူများအနေဖြင့် မေးခွန်းပုံစံသစ်၏ ဦးတည်ချက်အတိုင်း အံဝင်ခွင်ကျဖြစ်အောင် လေ့လာဖြေဆိုကြရန် အထူးလိုအပ်လှပါသည်။

**ပြဋ္ဌာန်းစာနှင့် မေးခွန်းဖွဲ့စည်းမှု**

ဒသမတန်း(တက္ကသိုလ်ဝင်တန်း)မြန်မာစာဘာသာရပ်အတွက် လေ့လာသင်ယူရန် သတ်မှတ်ပြဋ္ဌာန်းထားသော စာအုပ်(၄)အုပ်ရှိပါသည်။ အဆိုပါ စာအုပ်(၄)အုပ်မှာ မြန်မာသဒ္ဒါ အတွဲ(၂) အခန်း(၆)၊ ဒသမတန်း မြန်မာကဗျာလက်ရွေးစင်၊ ဒသမတန်း မြန်မာစကားပြေလက်ရွေးစင်၊ ရေသည်ပြဇာတ်တို့ ဖြစ်ပါသည်။

မြန်မာစာမေးခွန်းသည် ၃ နာရီဖြေဆိုခွင့်ပြုသော မေးခွန်းဖြစ်ပါသည်။ မေးခွန်းတွင် မေးခွန်းကြီး (၆) ပုဒ်ပါဝင်ပါသည်။ သဒ္ဒါပြဋ္ဌာန်းချက်ကိုမေးသည့် သဒ္ဒါမေးခွန်းကြီး (၁) ပုဒ်၊ ဒသမတန်း ကဗျာလက်ရွေးစင်၊ ဒသမတန်းစကားပြေလက်ရွေးစင်နှင့် ရေသည်ပြဇာတ်တို့မှ ဝေါဟာရများ၊ အလင်္ကာများနှင့် ပြဋ္ဌာန်းစာအုပ်အားလုံးမှ စာလုံးပေါင်းသတ်ပုံတို့ပါဝင်သည့် မေးခွန်းကြီး(၁)ပုဒ်၊ ကဗျာလက်ရွေးစင်မှ ကဗျာဓမ္မဓိဋ္ဌာန်မေးခွန်းတိုနှင့် ကဗျာမေးခွန်းရှည်တို့ပါဝင်သည့် ကဗျာမေးခွန်းကြီး (၁) ပုဒ်၊ ဒသမတန်းစကားပြေ လက်ရွေးစင်မှ စကားပြေဓမ္မဓိဋ္ဌာန်မေးခွန်းတိုနှင့် စကားပြေမေးခွန်းရှည်တို့ ပါဝင်သည့် စကားပြေ မေးခွန်းကြီး (၁) ပုဒ်၊ ရေသည်ပြဇာတ်မှ စကားစပ်နှင့် မေးခွန်းရှည်တို့ပါဝင်သည့် ရေသည်ပြဇာတ် မေးခွန်းကြီး (၁) ပုဒ်၊ အဆိုဆွေးနွေးနှင့် စာစီစာကုံးတို့ပါဝင်သည့် ကိုယ်ပိုင်အရေးအသားအတင်အပြ မေးခွန်းကြီး(၁)ပုဒ် စုစုပေါင်းမေးခွန်းကြီး (၆) ပုဒ် ပါဝင်သည်။ မေးခွန်းတိုင်းတွင် မေးခွန်းပုဒ်ခွဲများ ပါဝင်ပြီး ရွေးချယ်စရာမေးခွန်းများလည်း ပါဝင်ပါသည်။

**မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းချက်**

**မေးခွန်းနံပါတ် ၁**

တက္ကသိုလ်ဝင်တန်း မြန်မာစာမေးခွန်းလွှာတွင် မေးခွန်းနံပါတ်(၁)မေးခွန်းသည် မြန်မာသဒ္ဒါ မေးခွန်းဖြစ်ပါသည်။ ထိုမေးခွန်းတွင် ကျက်မှတ်မှုနှင့် လေ့ကျင့်မှုကို ဟန်ချက်ညီစွာ ပေါင်းစပ်ထားပါသည်။ မြန်မာသဒ္ဒါမေးခွန်းတွင် အဓိကအားဖြင့် အပိုင်းနှစ်ပိုင်းပါဝင်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ချက်များ၊ သဒ္ဒါသဘောတရားများကို စစ်ဆေးသည့်အပိုင်းနှင့် မြန်မာသဒ္ဒါဆိုင်ရာ အချက်အလက်များကို မည်မျှလက်တွေ့အသုံးချနိုင်သည်ကို စစ်ဆေးအကဲဖြတ်သည့်အပိုင်းတို့ ဖြစ်ကြပါသည်။

မေးခွန်း ၁(က)ဖြစ်သည့် ပထမပိုင်းတွင် မြန်မာစကားဆိုင်ရာ မေးခွန်းနံပါတ် ၁(က)သည် သဒ္ဒါ ပြဋ္ဌာန်းစာအုပ်မှ အပိုင်းသုံးပိုင်းဖြစ်သော မြန်မာစာ၊ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာများအပိုင်း၊ ဝါစင်္ဂဆိုင်ရာသိမှတ်ဖွယ်များအပိုင်း၊ ဝါကျဆိုင်ရာ သိမှတ်ဖွယ်များအပိုင်းတို့မှ အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ချက်များ၊ ရှင်းလင်းဖော်ပြချက်များကိုမေးသည့် မေးခွန်းဖြစ်ပါသည်။ ဤမေးခွန်းသည် ကျက်မှတ်မှုကို အားပြုသည့်မေးခွန်းဖြစ်သည့်အတွက် ကျက်မှတ်ထားမှသာ တိတိကျကျဖြေဆိုနိုင်မည် ဖြစ်ပါသည်။ ဤမေးခွန်းကို ဖြေဆိုရန်အတွက် ရွေးချယ်စရာသုံးပုဒ်ပေးထားပြီး တစ်ပုဒ်ကိုသာ ဖြေဆိုရမည်ဖြစ်သည်။ ပေးမှတ်မှာ (၅) မှတ်ဖြစ်သည်။ တိတိကျကျ ဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရသည့် မေးခွန်း ဖြစ်သည်။

ဤမေးခွန်းအတွက် သဒ္ဒါစာအုပ်၏ အပိုင်းသုံးပိုင်းစလုံးကို ကျေညက်နေရန် လိုအပ်ပါသည်။ အပိုင်းတစ်ပိုင်းပိုင်းကိုချန်လှပ်ကျက်မှတ်ခြင်းမျိုး မပြုသင့်ပေ။ မေးခွန်းပုံစံသစ်အဖြစ် ပြောင်းလဲထားသည်ဖြစ်ရာ သမားရိုးကျအတိုင်းမေးမည်ဟု ယူဆထား၍မရနိုင်ပါ။ မေးရိုးမေးစဉ်အတိုင်း စာရှစ်စာမှ တစ်ပုဒ် ပါမည်၊ အက္ခရာပြောင်းလဲပုံမှ တစ်ပုဒ်ပါမည် စသည်ဖြင့် ယူဆထား၍မရပါ။ စာရှစ်စာမပါဘဲ၊ အက္ခရာ ပြောင်းလဲပုံမပါဘဲ မေးလာခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။ ဤမေးခွန်းသည် သဒ္ဒါနှင့်ပတ်သက်၍ စေ့စေ့စပ်စပ်သိရှိရန် ရည်ရွယ်ခြင်းဖြစ်သဖြင့် စေ့စေ့စပ်စပ် လေ့လာကျက်မှတ်ထားရန် လိုအပ်ပါသည်။

**နမူနာ**

၁။ (က) အောက်ပါတို့အနက် <u>**တစ်ခု**</u> အကြောင်းကို ဖော်ပြပါ။ (၅မှတ်)

မလှုပ်ရှားနိုင်သောစကားသံဖြစ် အင်္ဂါ ၅ မျိုး၊ မြန်မာပါဠိဆင့်၊ ဝါကျရော။

ဤမေးခွန်းတွင် သဒ္ဒါစာအုပ်၏ အပိုင်းသုံးပိုင်းမှ ထုတ်နုတ်မေးရာတွင် ပြဋ္ဌာန်းစာအုပ်ပါအတိုင်း ၏သည်မလွဲ တစ်သဝေမတိမ်း မေးမည်ဟု ယူဆ၍ မရနိုင်ပါ။ ဆိုလိုသည်မှာ နမူနာတွင်ပါရှိသော မေးခွန်း၌ မလှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါ (၅) မျိုးကို မေးထားပါသည်။ ပြဋ္ဌာန်းစာအုပ်တွင် မလှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါ (၇)မျိုး (လည်ချောင်း၊ အာခေါင်ပျော့၊ အာခေါင်မာ၊ အာထိပ်၊ သွား၊ အထက်နှုတ်ခမ်း၊ နှာခေါင်း) ကို ဖော်ပြထားသော်လည်း မေးခွန်းတွင်(၅)မျိုးကိုသာ မေးသဖြင့် ပြဋ္ဌာန်းစာအုပ်ပါ (၇)မျိုးမှ မိမိနှစ်သက်ရာ(၅) မျိုးကိုသာ ဖြေဆိုရန် ဖြစ်ပါသည်။

မေးခွန်း ၁(ခ) ဒုတိယပိုင်းတွင် မြန်မာသဒ္ဒါဆိုင်ရာ အချက်အလက်များကို လက်တွေ့ကျကျ မည်မျှသိရှိသည်၊ မည်မျှအသုံးချနိုင်သည် ဆိုသည်ကို စစ်ဆေးအကဲဖြတ်သည့် မေးခွန်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် သဒ္ဒါလေ့ကျင့်ခန်းမေးခွန်းဟု ဆိုနိုင်ပါသည်။ မြန်မာသဒ္ဒါပြဋ္ဌာန်းချက်ပါ သင်ခန်းစာများမှ ကျောင်းသားကျောင်းသူများ အမှန်တကယ်နားလည်ဖြေဆိုနိုင်မည့် လက်တွေ့လေ့ကျင့်ခန်းအမျိုးမျိုးကို မေးမြန်းမည်ဖြစ်ပါသည်။ သဒ္ဒါလေ့ကျင့်ခန်းများကို ဖြေဆိုနိုင်ရန်အတွက် သဒ္ဒါစာအုပ်မှ သဘောတရားများကို ကောင်းစွာနားလည်သဘောပေါက်အောင်လေ့လာပြီး လေ့ကျင့်ခန်းများကို အထပ်ထပ်အခါခါ လေ့ကျင့်ထားရမည် ဖြစ်သည်။

ဤမေးခွန်းတွင် ယခင်ကမေးလေ့ရှိသည့် သဒ္ဒါစကားလုံးနှင့်သဒ္ဒါအမျိုးအစားမေးခွန်းမျိုးကို မေးနိုင်သကဲ့သို့ သဒ္ဒါစကားလုံးဖွဲ့စည်းရေးသားစေခြင်း (ဥပမာ – ပေါင်းစပ်နာမ်စကားလုံး၊ ပေါင်းစပ်ကြိယာ စကားလုံး၊ ကြိယာဝိသေသန စကားလုံး ဖန်တီးရေးသားစေခြင်း)၊ ဝါကျတွင်းပုဒ်အထားအသို ပြင်ဆင်ရေးဖွဲ့စေခြင်း၊ ပေးထားသောဝါကျတွင် ဆီလျော်သောသဒ္ဒါစကားလုံး ဖြည့်စွက်ရေးသားစေခြင်း စသည့် သဒ္ဒါလေ့ကျင့်ခန်းမေးခွန်းအမျိုးမျိုးကို တိုးချဲ့မေးမြန်းနိုင်ပါသည်။

**နမူနာ–**

၁။ (ခ) ပေးထားသောစကားလုံးများမှ <u>**ငါးခု**</u> ကို ခနဲ ပစ္စည်းဆက်၍ ကြိယာဝိသေသနအဖြစ် ဝါကျတစ်ခုစီတွင် သုံးပြပါ။ (၁၀မှတ်)

အေး၊ လက်၊ ဖြုန်း၊ ဝေါ၊ ဝင်း၊ ဝုန်း၊ ဆတ်။

ဤမေးခွန်းသည် သဒ္ဒါကိုအလွတ်ကျက်မှတ်ခြင်းထက် သဒ္ဒါနှင့်ပတ်သက်၍ လေ့လာထားသည်များကို စဉ်းစားဆင်ခြင်ပြီး လက်တွေ့အသုံးချရသည့် လေ့ကျင့်ခန်း မေးခွန်းမျိုးဖြစ်သည်။ သဒ္ဒါနှင့် ပတ်သက်သည့် လေ့ကျင့်ခန်းများကို နားလည်သဘောပေါက်အောင် အကြိမ်ကြိမ်လေ့လာ လေ့ကျင့်ထားသင့်ပါသည်။ သဒ္ဒါကိုနားလည်ပြီး လက်တွေ့အသုံးချသည့်အပိုင်းသို့ ဦးတည်ထားခြင်းဖြစ်ရာ လက်တွေ့ဘဝတွင် ပြောဆိုအသုံးပြုနိုင်အောင် လေ့လာထားသင့်ပါသည်။ နမူနာမေးခွန်းတွင် မိမိကိုယ်တိုင် လက်တွေ့ဘဝ၌ အသုံးပြုသည့်ပုံစံအတိုင်း ရေးသားဖြေဆိုသင့်ပါသည်။

ဥပမာ –

ဝုန်း – ခနဲ ပစ္စည်းဆက်၍ ကြိယာဝိသေသနအဖြစ်သုံးခြင်း

သစ်ပင်ကြီးမှာ လေပြင်းတိုက်သဖြင့် <u>**ဝုန်းခနဲ**</u> လဲကျသွားသည်။

**မေးခွန်းနံပါတ် ၂**

**မေးခွန်းနံပါတ်(၂)**သည် ပြဋ္ဌာန်းစာအုပ်များမှ ဝေါဟာရဆိုင်ရာမေးခွန်းဖြစ်ပါသည်။ ဤမေးခွန်းတွင် မေးခွန်းပုဒ်ခွဲသုံးပုဒ် ပါဝင်ပါသည်။ ပုဒ်ရေအရေအတွက် အပြောင်းအလဲ မရှိပါ။ ပုဒ်ခွဲ သုံးပုဒ်တွင် ၂(က)သည် ခက်ဆစ်မေးခွန်း၊ ၂(ခ)သည် စာလုံးပေါင်းသတ်ပုံမေးခွန်း၊ ၂(ဂ)သည် အလင်္ကာမေးခွန်းတို့ ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၂(က)သည် ကဗျာ၊ စကားပြေနှင့် ရေသည်ပြဇာတ် စာအုပ်များမှ ဝေါဟာရများကို ခက်ဆစ်ဖွင့်ဆိုခိုင်းခြင်းဖြစ်ပါသည်။ (၇)ခု ပေးထားပြီး(၅)ခု ဖြေဆိုရပါမည်။ ရှေးသုံးခေတ်သုံးမခွဲခြားဘဲ ပြဋ္ဌာန်းစာအုပ်ပါ ဝေါဟာရအားလုံးကို ခက်ဆစ်ဖွင့်ဆိုစေမည် ဖြစ်ပါသည်။

**နမူနာ**

၂။ (က) အောက်ပါဝေါဟာရတို့အနက် <u>**ငါးခု**</u>၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။ (၅ မှတ်)

ရေးတော်၊ ကလိုင်၊ သောင်းပြောင်း၊ ရွံ့ရှာ၊ တစ်ပတ်နွမ်း၊ စကားဖန်၊ လှမနော်။

ခက်ဆစ်မေးခွန်းကို ဖြေဆိုရာတွင် ပြဋ္ဌာန်းစာပါ ဖွင့်ဆိုချက်အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ပါသည်။ မိမိသဘောဖြင့် ဖွင့်ဆို၍မရပေ။ အဓိပ္ပာယ်ဖွင့်ပုံ တိကျရန် လိုအပ်ပါသည်။ မြန်မာဝေါဟာရ၏ အဓိပ္ပာယ်သည် အသုံးပြုပုံကို လိုက်၍ အဓိပ္ပာယ်အမျိုးမျိုးရှိနိုင်ပါသည်။ ဥပမာ နမူနာပါ " ရွံ့ရှာ" ဟူသော ဝေါဟာရကို အများသိရှိထားသည့်အတိုင်း " စက်ဆုပ်သည် "ဟု ဖြေဆို၍မရပေ။ ဝိဓူရသိပ္ပလူ့ကိစ္စကဗျာ သင်ခန်းစာတွင် ဖွင့်ဆိုထားသည့်အတိုင်း " လန့်ထိတ်" ဟုဖြေဆိုမှသာ မှန်ကန်မည် ဖြစ်သည်။ မေးခွန်း သဘောအရ ပြဋ္ဌာန်းစာအုပ်ပါ ဝေါဟာရ၏ ခက်ဆစ်အဖွင့်ကိုစစ်ဆေးခြင်းသည် ပြဋ္ဌာန်းစာတွင် ဤဝေါဟာရကို မည်သည့်အဓိပ္ပာယ်ဖြင့် သုံးနှုန်းထားသည်ကို သိရှိစေလိုသည့်အတွက် စစ်ဆေးခြင်း ဖြစ်ပါသည်။ ပေးထားသောဝေါဟာရ၏ သဒ္ဒါအမျိုးအစားနှင့် အဓိပ္ပာယ်ဖွင့်ဆိုသည့် သဒ္ဒါအမျိုးအစား ကိုက်ညီရန်လည်း လိုအပ်ပါသည်။ ဥပမာ နမူနာပါ " စကားဖန်" သည် ရေသည်ပြဇာတ်မှ ဝေါဟာရဖြစ်ပါသည်။ ယင်းကိုဖြေဆိုရာတွင် ရေသည်ပြဇာတ်တွင် သုံးနှုန်းဖွင့်ဆိုထားသည့်အတိုင်း နာမ်အဓိပ္ပာယ်ဖြင့်သာ ဖွင့်ဆိုရပါမည်။ " စကားဖန်" ကို ပြဋ္ဌာန်းစာအုပ်တွင် " ကြားဖြတ်ကာ သိုင်းဝိုင်းချဲ့ထွင် ဖန်တီးပြောဆိုသောစကား" ဟု နာမ်အဖြစ် ဖွင့်ဆိုထားပါသည်။ ယင်းကို " စကားကို ကြားဖြတ်ကာ သိုင်းဝိုင်းချဲ့ထွင် ဖန်တီးပြောဆိုသည်" ဟု ကြိယာအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါက မှားယွင်းမည် ဖြစ်သည်။

ပြဋ္ဌာန်းစာအုပ်များတွင် ခက်ဆစ်ဖွင့်ဆိုပြထားသော ဝေါဟာရများ၌ တစ်ချောင်းပုဒ်ခံထားပါက အဓိပ္ပာယ်ပြည့်စုံခြင်းမရှိသေးသည့်အတွက် ဆက်လက်ဖော်ပြရန် လိုအပ်ပါသည်။ ပုဒ်မခံထားသော ဖွင့်ဆိုချက်ဖြစ်ပါက တစ်ခုကိုဖော်ပြလျှင် လုံလောက်ပါသည်။

မေးခွန်းနံပါတ် ၂(ခ)သည် အမှားအမှန် စကားလုံးအတွဲတွင် စာလုံးပေါင်းသတ်ပုံအမှန် ရွေးချယ်စေခြင်းဖြစ်ပါသည်။ သတ်ပုံမေးရာတွင် ပြဋ္ဌာန်းစာအုပ်များပါ ဝေါဟာရများကိုအခြေခံ၍ တက္ကသိုလ်ဝင်တန်းအဆင့် ကျောင်းသားကျောင်းသူတို့သိသင့်သိထိုက်သည့် စာလုံးပေါင်းများကို ရွေးချယ်စစ်မေးမည် ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် ပြဋ္ဌာန်းစာအုပ်များကို လေ့လာသည့်အခါ မြန်မာဝေါဟာရများ၏ စာလုံးပေါင်းအမှန်ကို ဂရုတစိုက်မှတ်သားထားပါက အထူးတလည် အလွတ်ကျက်မှတ်နေရန် မလိုဘဲ မှန်ကန်စွာဖြေဆိုနိုင်မည့် မေးခွန်းမျိုးဖြစ်ပါသည်။ သတ်ပုံအမှန်ကို သိရှိအောင် လေ့လာအားထုတ်ထားခြင်းဖြင့် မေးခွန်းအပုဒ်တိုင်းအတွက် အထောက်အကူပြုမည်သာမက ဘဝတစ်လျှောက်လုံး မြန်မာစာအရေးအသားအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

**နမူနာ**

၂။ (ခ) အောက်ပါစကားလုံးအတွဲများမှ စာလုံးပေါင်းအမှန်ကို ရွေးချယ်ပါ။ (၅မှတ်)

နှောင့်ယှက် – နှောက်ယှက်၊ နေ့လယ် – နေ့လည်၊ အမြက်ထွက် – အမျက်ထွက်၊ ပင်ပမ်း – ပင်ပန်း၊ ခြုံခြာ – ချုံချာ။

ဤမေးခွန်းကို ဖြေဆိုရာတွင် မေးခွန်းကို ပြန်ကူးပေးရန် မလိုပါ။ မှန်သော စာလုံးပေါင်းများ (သို့မဟုတ်) စာလုံးပေါင်းမှန်သောစကားလုံးများဟုရေးကာ မှန်သည့်စကားလုံးများကို ရေးသားဖြေဆိုလျှင် လုံလောက်ပါသည်။ ဥပမာ – နမူနာမေးခွန်းကိုဖြေဆိုမည်ဆိုပါက

<u>**မှန်သောစာလုံးပေါင်းများ**</u>

နှောင့်ယှက်

နေ့လယ်

အမျက်ထွက်

ပင်ပန်း

ချုံချာ

မေးခွန်းနံပါတ် ၂(ဂ) သည် အလင်္ကာမေးခွန်း ဖြစ်သည်။ ပေးထားသော ဝေါဟာရအသုံးအနှုန်းကို အလင်္ကာအမျိုးအစားဖော်ပြစေခြင်းနှင့် သက်ဆိုင်ရာ သင်ခန်းစာတွင် မည်သို့သုံးထားသည့်အတွက် ထိုအလင်္ကာမြောက်ကြောင်း ဖော်ပြစေခြင်းတို့ကို မေးမြန်းပါမည်။ ဖြေဆိုရာတွင် ပုံစံတစ်မျိုးမျိုးကို သတ်မှတ်ဖြေဆိုစေခြင်းထက် ကျောင်းသားကျောင်းသူတို့၏ အမှန်တကယ် နားလည် ဖြေဆိုနိုင်သည့် ဖြေဆိုချက်အပေါ်တွင်သာ အကဲဖြတ်အမှတ်ပေးသွားမည် ဖြစ်ပါသည်။ အလင်္ကာကို အလွတ်ကျက်မှတ်ခြင်းထက် အလင်္ကာ၏ သဘောသဘာဝနားလည်သဘောပေါက်စွာ ဖြေဆိုနိုင်မှုကို ဦးတည်ထားခြင်း ဖြစ်ရာ အလင်္ကာဖြေဆိုရာတွင် မိမိနားလည်တတ်မြောက်ထားသည့် အလင်္ကာသဘော မှန်ကန်စွာဖြေဆိုနိုင်လျှင် မည်သည့်အတင်အပြပုံစံဖြင့် ဖြေဆိုသည်ဖြစ်စေ အမှတ်ပြည့်ရရှိမည်ဖြစ်ပါသည်။ ပေးထားသောဝေါဟာရ အရေအတွက်မှာ(၇)ခုဖြစ်ပြီး (၅)ခုဖြေဆိုရမည် ဖြစ်ပါသည်။

**နမူနာ**

၂။ (ဂ) အောက်ပါတို့အနက် <u>**ငါးခု**</u> ကို အလင်္ကာငါးမျိုးမှ မည်သည့် အလင်္ကာဖြစ်ကြောင်း ဖော်ပြပါ။ သက်ဆိုင်ရာ သင်ခန်းစာတွင် မည်သို့အသုံးပြုထားသည့်အတွက် ဤအလင်္ကာမြောက်ကြောင်း ကိုလည်း ရှင်းပြပါ။ (၁၀ မှတ်)

ဖွတ်မင်းနောင်၊ မြေနှင့်ရန်ဖက်၊ မဂ်ငြမ်း၊ မုန်းပင်၊ ကိန္နရီကသည့်နှယ်၊ ဝါးခနဲ၊ သွေးချောင်းကျ။

**မေးခွန်းနံပါတ် ၃**

မေးခွန်းနံပါတ်(၃)သည် ကဗျာမေးခွန်းဖြစ်သည်။ မေးခွန်းပုဒ်ခွဲနှစ်ပုဒ် ပါဝင်သည်။ မေးခွန်း၃(က) မှာ ကဗျာမေးခွန်းတိုဖြစ်ပြီး မေးခွန်း ၃(ခ)မှာ ကဗျာမေးခွန်းရှည်ဖြစ်သည်။

၃ (က)မှာ ကဗျာမေးခွန်းတိုတွင် မေးခွန်းပုံစံအပြောင်းအလဲမရှိသော်လည်း မေးမည့်မေးကွက်ကို ချဲ့ထွင်ထားပါသည်။ ကဗျာစာသားကောက်နုတ်ချက်အတိုကိုပေးထားပြီး ဆိုလိုရင်းရေးသားစေသည့် မေးခွန်းမျိုး ပါဝင်လာမည် ဖြစ်သည်။ ပုဒ်ရေ(၇)ပုဒ်ပေးထားပြီး(၅)ပုဒ် ဖြေဆိုရပါမည်။

*စာမျက်နှာ ၁၆ သို့*

# ကျောင်းသင်ခန်းစာ

*စာမျက်နှာ ၁၅ မှ*

နံပါတ် ၃(ခ)သည် ကဗျာမေးခွန်းရှည်ဖြစ်ပါသည်။ ဤမေးခွန်းသည် မေးခွန်းပုံစံအနေဖြင့် ပြောင်းလဲမှုမရှိသော်လည်း စစ်ဆေးအကဲဖြတ်ရာတွင်မူ ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏ တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသားအတင်အပြစွမ်းရည်ဖြင့် မေးခွန်းနှင့် အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်၏တစ်ဝက် သတ်မှတ်ကာ စစ်ဆေးအကဲဖြတ်မည် ဖြစ်ပါသည်။ သို့ဖြစ်ရာ မေးခွန်း၏ ရှုထောင့်အတိုင်း အံဝင်ခွင်ကျ ဖြေဆိုနိုင်ရန် အရေးကြီးပါသည်။ မိမိ ကျက်မှတ်ထားသည့် ကဗျာခေါင်းစဉ်ပါသည်နှင့် ကဗျာစာသားတစ်ပုဒ်လုံးချရေးကာ စကားပြေပြန်ဆို ရေးသားဖြေဆိုမည်ဆိုပါက အချက်အလက်အားလုံး ပါဝင်စေကာမူ မေးခွန်းနှင့် အံမဝင်လျှင် ပေးမှတ်တစ်ဝက်အောက်သာ ရရှိမည်ဖြစ်ပါသည်။ ကဗျာကောက်နုတ်ချက်စာသားများကိုလည်း မေးခွန်းနှင့် အံဝင်ခွင်ကျဖြစ်ရုံသာ ထည့်သွင်းဖြေဆိုရမည်ဖြစ်သည်။ အထူးမှာကြားလိုသည်မှာ မေးခွန်းတောင်းဆိုသည့် ရှုထောင့်နှင့် အာဘော်ကို သေချာစွာဖတ်ရှုပြီးမှ ကိုယ်ပိုင်အရေးအသားအတင်အပြဖြင့် အံဝင်ခွင်ကျ ဖြေဆိုရန်ဖြစ်ပါသည်။

**မေးခွန်းနံပါတ် ၄**

မေးခွန်းနံပါတ်(၄)သည် စကားပြေမေးခွန်းဖြစ်ပါသည်။ မေးခွန်းနံပါတ်(၃) ကဗျာမေးခွန်းနှင့် သဘောသဘာဝအားဖြင့် တူပါသည်။ မေးခွန်းပုဒ်ခွဲနှစ်ပုဒ် ပါဝင်ပါသည်။ နံပါတ် ၄(က)မှာ စကားပြေမေးခွန်းတို ဖြစ်ပါသည်။ ဖြေဆိုရန် မေးထားသည့် ပုဒ်ရေအရေအတွက်မှာ(၇)ပုဒ် ဖြစ်ပါသည်။ ကဗျာနှင့် စကားပြေမေးခွန်းတိုများကို ဖြေဆိုရာတွင်လည်း ပေးထားသော မေးခွန်းနံပါတ်နှင့် မိမိရွေးချယ်ဖြေဆိုသော နံပါတ်တူညီမှုရှိရပါမည်။ မေးခွန်းနှင့် အဖြေနံပါတ်ကိုက်ညီခြင်းမရှိပါက အဖြေမှန်စေကာမူ အမှတ်ဆုံးရှုံးမည် ဖြစ်ပါသည်။ စကားပြေမေးခွန်းတိုဖြေဆိုရာတွင်လည်း ကဗျာမေးခွန်းတိုကဲ့သို့ပင် ဝါကျအပြည့်အစုံ ရေးသားဖြေဆိုသင့်ပါသည်။

မေးခွန်းနံပါတ် ၄(ခ)သည် စကားပြေမေးခွန်းရှည်ဖြစ်ပါသည်။ စကားပြေမေးခွန်းရှည်သည်လည်း ကဗျာမေးခွန်းရှည်ကဲ့သို့ပင် ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏ တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြစွမ်းရည်ဖြင့် မေးခွန်းနှင့်အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်၏တစ်ဝက် စစ်ဆေးအကဲဖြတ်သည့် မေးခွန်းဖြစ်ပါသည်။ စကားပြေမေးခွန်းရှည်ဖြေဆိုရာတွင် မေးခွန်း၏ရှုထောင့်ကို သေချာစွာဖတ်ရှုပြီး မေးထားသည့် ရှုထောင့်အတိုင်း အံဝင်ခွင်ကျ ဖြေဆိုနိုင်ရန်အရေးကြီးပါသည်။ မေးခွန်းရှုထောင့်ကို သတိမမူဘဲ မိမိအလွတ်ကျက်မှတ်ထားသည့် အပုဒ်နှင့် ခေါင်းစဉ်တူသဖြင့် အချက်အလက်များကိုချည်း အမြောက်အမြားရေးသားနေပါက ပေးမှတ်၏တစ်ဝက်အောက်သာ ရရှိနိုင်မည်ဖြစ်ပါသည်။

**မေးခွန်းနံပါတ် ၅**

မေးခွန်းနံပါတ်(၅)သည် ရေသည်ပြဇာတ်ဆိုင်ရာ မေးခွန်းဖြစ်ပါသည်။ ဤမေးခွန်းတွင် မေးခွန်း ပုဒ်ခွဲနှစ်ပုဒ် ပါဝင်ပါသည်။ ပုဒ်ရေအပြောင်းအလဲမရှိပါ။ နံပါတ် ၅ (က)သည် ရေသည်ပြဇာတ် စကားစပ် မေးခွန်းဖြစ်ပါသည်။ ယခင် **(၇)မှတ်**ပေးသည့် မေးခွန်းပုံစံအစား **(၅)မှတ်**ပေးသည့် မေးခွန်းပုံစံသို့ ပြောင်းလဲသတ်မှတ်ထားပါသည်။ ဖြေဆိုရာတွင် မေးထားသည့်စကားစပ်ပါဝင်သည့် အခန်းနှင့် စကားစပ်ဆိုင်ရာ အချက်(၅)ချက် (ဘယ်သူက၊ ဘယ်သူ့ကို၊ ဘယ်အချိန်၊ ဘယ်နေရာမှာ၊ ဘာကြောင့်ပြောသည် ဟူသောအချက်များ) အတွက်(၃)မှတ်၊ ဘယ်လိုပြောသည်ဆိုသော ဆိုလိုရင်းကို ရှင်းလင်းရေးသားဖြေဆိုခြင်းအတွက်(၂)မှတ် အမှတ်ခွဲဝေလျာထားပါသည်။ စကားစပ်ဖြေဆိုရာတွင် လိုရင်းတိုရှင်း ဖြေဆိုနိုင်ရန် အထူးသတိပြုသင့်ပါသည်။ ပါဝင်သည့် အခန်းကို ဖော်ပြရာတွင် အခန်းနံပါတ်သက်သက်ကို ဖော်ပြခြင်းထက် အခန်းအမည်ကိုပါ ယှဉ်တွဲဖော်ပြသင့်ပါသည်။

**နမူနာ**

၅။ (က) ရေသည်ပြဇာတ်မှ အောက်ပါအဖွဲ့အနွဲ့ကို စကားစပ်နှင့်တကွ ရှင်းပြပါ။ (၅ မှတ်)

"ရွေးလွန်းလျှင်မရ၊ သေးလွန်းလျှင်မလှ၊ ရှေးကပုံထား၊ လူထဲ မှာနေ၊ လူ့ဖြစ်ထွေကို အကျေသားနှင့်၊ ဇာတ်သွားရှည်အောင်၊ အရေးဆောင်လို့၊ ကွေ့ချောင်ဝေဝုစ်၊ ဘောက်စရာလုပ်ရတုံး။"

မေးခွန်းနံပါတ် ၅ (ခ)သည် ရေသည်ပြဇာတ် မေးခွန်းရှည်ဖြစ်ပါသည်။ ယခင်က(၈)မှတ်ပေးသော မေးခွန်းကိုပေးမှတ် (၁၀)မှတ်သို့ ပြောင်းလဲထားသည်။ ယခင်က အကြောင်းအရာပိုင်းကိုသာ မေးသော်လည်း မေးခွန်းပုံစံသစ်တွင် ပြဇာတ်အကြောင်းအရာပိုင်းတစ်ပုဒ်၊ ပြဇာတ်အတတ်ပညာ၊ အရေးအသားတစ်ပုဒ် မေးမြန်းပြီး နှစ်သက်ရာကိုရွေးချယ်ဖြေဆိုစေမည် ဖြစ်ပါသည်။ ပြဇာတ်အကြောင်းအရာပိုင်းကို မေးရာတွင်လည်း သမားရိုးကျပုံစံမဟုတ်ဘဲ ပြဇာတ်သဘောတရားနှင့် ဆက်စပ်ကာမေးသည့် မေးခွန်းပုံစံသို့ ပြောင်းလဲမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများသည် ပြဇာတ်လေ့လာရာတွင် ပြဇာတ်၏သဘောသဘာဝ၊ ပြဇာတ်၏အရေးအသားအတင်အပြနှင့် ပြဇာတ်ဖန်တီးမှု အတတ်ပညာတို့ကိုလည်း မလွှဲမသွေ လေ့လာဆည်းပူးသင့်သည်ဖြစ်ရာ အတတ်ပညာနှင့် အရေးအသားတို့သည်လည်း ပြဇာတ်မေးခွန်းတွင် ပါဝင်လာမည်။

**နမူနာ**

၅။ (ခ) ရေသည်ပြဇာတ်မှအောက်ပါ **တစ်ခု** ကို ဖြေဆိုပါ။ (၁၀ မှတ်)

(၁) ရေသည်ယောကျာ်း၏ စရိုက်ပြောင်းလဲမှုသည် ပြဇာတ်အတွက် အရေးပါပုံ

(၂) ရေသည်ပြဇာတ်မှ ပြောင်မြောက်သော စကားလုံးများ

**မေးခွန်းနံပါတ် ၆**

မေးခွန်းနံပါတ်(၆)သည် ယခင်ကစာစီစာကုံးတစ်မျိုးတည်းကိုသာ ဖြေဆိုရသည့် မေးခွန်းဖြစ်သော်လည်း ပြောင်းလဲမည့် မေးခွန်းပုံစံတွင် မေးခွန်းနံပါတ်(၆)ကို(က)နှင့်(ခ)ခွဲ၍ မေးခွန်းပုဒ်ခွဲ နှစ်ပုဒ်အဖြစ် ပြင်ဆင်ထားပါသည်။ ၆(က)ကို (၁၀) မှတ်ပေးသည့် စာစီစာကုံးမေးခွန်းအဖြစ်လည်းကောင်း၊ ၆(ခ)ကို အဆိုတစ်ခုဆွေးနွေးစေသည့် (၁၀)မှတ်ပေးသော မေးခွန်းအဖြစ်လည်းကောင်း ပြောင်းလဲထားပါသည်။ ယခင်အမှတ်(၂၀)ပေးသည့် စာစီစာကုံးတစ်ပုဒ်တည်းကို ဖြေဆိုရခြင်းမှ စာစီစာကုံးနှင့် အဆို ဆွေးနွေးအရေးအသား နှစ်ပုဒ်ခွဲဝေ ဖြေဆိုရမည် ဖြစ်သည်။ နှစ်ပုဒ်ဖြေဆိုရမည်ဖြစ်ရာ နှစ်ခါစဉ်းစား ဖြေဆိုရမည့် အချက်ကို အထူးသတိပြုရန် လိုအပ်ပါသည်။ သို့ဖြစ်ရာ စဉ်းစားရမည့်အချိန်၊ ရေးသားရမည့်အချိန်တို့ကို လုံလောက်မှုရှိစေရန် ကြိုတင်လေ့ကျင့်ပြင်ဆင်ထားရမည် ဖြစ်သည်။

၆(က) စာစီစာကုံးမေးခွန်းတွင်(၂)ပုဒ်ပေးထားပြီး (၁)ပုဒ်ဖြေဆိုရမည် ဖြစ်သည်။ စာစီစာကုံး ရေးသားရန် ပုံကြမ်းအချက်အလက်(၅)ချက် ပေးထားပြီး အချက်တစ်ချက်ကို စာတစ်ပိုဒ်နှုန်းဖြင့် ဖြေဆိုသင့်ပါသည်။ စစ်ဆေးအကဲဖြတ်ရာတွင် ယေဘုယျအားဖြင့် အချက်တစ်ချက်(၂)မှတ်နှုန်းဖြင့် အကဲဖြတ်ရန် လျာထားပါသည်။ စာစီစာကုံးဖြေရာတွင် အထူးသတိပြုရမည့်အချက်မှာ မေးထားသည့် ပုံကြမ်း အချက်အလက်များကို မိမိ၏ကိုယ်ပိုင်စိတ်ကူးစိတ်သန်းဖြင့် ရေးသားဖြေဆိုရန် ဖြစ်ပါသည်။ ပေးထားသည့် ပုံကြမ်းအချက်အလက် အစီအစဉ်အတိုင်း မိမိကိုယ်ပိုင်အရေးအသားဖြင့် ဖြေဆိုရမည်ဖြစ်ရာ ပုံကြမ်းအချက်အလက်များကိုအခြေမခံဘဲ အလွတ်ကျက်မှတ်ဖြေဆိုပါက အမှတ်ရရှိနိုင်မည် မဟုတ်သည်ကို အထူးသတိပြုသင့်ပါသည်။ ယခုပြောင်းလဲထားသည့် မေးခွန်းပုံစံတွင် စာစီစာကုံးကို အလွတ်ကျက်မှတ်နေပါက အချိန်များစွာကုန်မည့်အပြင် ရမှတ်လည်းဆုံးရှုံးသွားနိုင်ပါသည်။

**နမူနာ**

၆။ (က) အောက်ပါတို့အနက် **တစ်ခု** ကို ပေးထားသောအချက်အလက်များနှင့် အညီ စာစီကုံးပါ။ (၁၀ မှတ်)

(၁) **ကြည်နူးဖွယ်ရာ မြင်ကွင်းတစ်ခု**

မြင်တွေ့ရသော အကြောင်းရင်း၊ မြင်ကွင်း၏နေရာ၊ မြင်တွေ့ရသည့် အချိန်၊ မြင်ကွင်း၏ ကြည်နူးဖွယ်ကောင်းပုံ၊ မြင်ကွင်းကြောင့် ဖြစ်ပေါ်လာသောအတွေးများ။

(၂) **ကျန်းမာခြင်းသည် လာဘ်တစ်ပါး**

ကျန်းမာခြင်း၏ အရေးကြီးပုံ၊ ကျန်းမာရေးကိုဂရုစိုက်သင့်ပုံ၊ ကျန်းမာခြင်း၏ ကောင်းကျိုးများ၊ မကျန်းမာခြင်း၏ ဆိုးကျိုးများ၊ ကျန်းမာခြင်းနှင့်ပတ်သက်သော သင့်အတွေးအမြင်။

မေးခွန်းနံပါတ် ၆(ခ)သည် အသစ်ဖြည့်စွက် ထည့်သွင်းထားသော မေးခွန်းဖြစ်ပါသည်။ ပေးထားသော အဆိုတစ်ရပ်ကိုဖတ်ရှုပြီး မိမိနှစ်သက်ရာဘက်မှ ရပ်တည်ဆွေးနွေးစေသော မေးခွန်းဖြစ်ပါသည်။ ဤမေးခွန်းသည် ကျောင်းသား ကျောင်းသူများ၏ ကိုယ်ပိုင်စဉ်းစားဉာဏ်၊ အတွေးအခေါ်၊ ပင်ကိုအရည်အသွေး ဖော်ထုတ်ပြသရမည့် မေးခွန်းဖြစ်ပါသည်။ အဆိုကို ဆွေးနွေးဖြေဆိုရာတွင် စာဟန်အရေးအသားဖြင့်သာ ရေးသားရမည်ကို အထူးသတိပြုရပါမည်။ ကျောင်းသား ကျောင်းသူတို့၏ ကိုယ်ပိုင်အတွေးအခေါ် စိတ်ကူးစိတ်သန်း ကောင်းလျှင် ကောင်းသလောက်၊ အရေးအသားအတင်အပြကောင်းလျှင် ကောင်းသလောက် အမှတ်ရရှိနိုင်မည့်မေးခွန်း ဖြစ်ပါသည်။ ပေးထားသော အဆိုမှာလည်း ကျောင်းသား ကျောင်းသူအားလုံး ရင်းနှီးကျွမ်းဝင်မည့် ယေဘုယျကျသော အဆိုမျိုးကိုသာ ပေးထားမည် ဖြစ်ပါသည်။

**နမူနာ**

၆။ (ခ) အောက်ပါအဆိုများအနက် **တစ်ခု** ကို ထောက်ခံ၍ ဖြစ်စေ၊ ကန့်ကွက်၍ ဖြစ်စေ ဆွေးနွေးဖြေဆိုပါ။ (၁၀ မှတ်)

(၁) အားကစားပွဲများတွင် ဘောလုံးပွဲသည် စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်သည်။

(၂) ဂျာနယ်ဖတ်ခြင်းသည် သတင်းစာဖတ်ခြင်းထက် ပို၍ ဗဟုသုတရရှိသည်။

အဆိုဆွေးနွေးအရေးအသား ဖြေဆိုရန်အတွက် ရရှိမည့်အချိန်အတိုင်းအတာကို အလေးထား သတိပြုရမည်ဖြစ်သည်။ အဆိုဆွေးနွေးမေးခွန်းအတွက် ရေးသားချိန်သည် မိနစ်(၂၀)၊ (၂၅)မိနစ်ခန့်သာ ရရှိနိုင်မည်ဖြစ်ရာ ဖြေဆိုရမည့်ပမာဏကိုချိန်ဆနိုင်ရန် အထူးအရေးကြီးပါသည်။ အဆိုဆွေးနွေး အရေးအသားအတွက် စာပိုဒ်(၄)ပိုဒ်သာ ရေးသားဖြေဆိုသင့်သည်။ ပထမပိုဒ်သည် အစပျိုးသည့် နိဒါန်းဖြစ်ပြီး ဒုတိယနှင့် တတိယပိုဒ်တို့သည် စာကိုယ်ဖြစ်ပါသည်။ စတုတ္ထပိုဒ်မှာ မိမိရဲ့ရပ်တည်ချက်ကို အတည်ပြု နိဂုံးချုပ်သည့် အပိုဒ်ဖြစ်သည်။ စာတစ်ပိုဒ်အတွက် ရေးသားချိန်ကို(၅)မိနစ်ခန့်သာ အသုံးပြုသင့်ပါသည်။ စာပိုဒ်တစ်ပိုဒ်ကို မည်မျှပမာဏ ရေးသင့်သည်ဆိုသည်မှာမူ ပေးမှတ်နှင့် ချိန်ဆရမည် ဖြစ်သည်။ အဆို ဆွေးနွေးအရေးအသားကို စစ်ဆေးအကဲဖြတ်ရန်အတွက် ယေဘုယျအားဖြင့် ပထမပိုဒ်နိဒါန်းနှင့် စတုတ္ထပိုဒ်နိဂုံးကို (၂) မှတ်စီ၊ ဒုတိယပိုဒ်နှင့် တတိယပိုဒ်စာကိုယ်များကိုမူ(၃)မှတ်စီ သတ်မှတ်လျာထားပါသည်။

တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်သည် မြန်မာစာအရေးအသား၊ မြန်မာစာပေ၏ အနှစ်သာရကို ဖော်ကျူးသည့်ဘာသာရပ်ဖြစ်ရာ ဘာသာရပ်၏အနှစ်သာရကိုသိရှိအောင် လေ့လာသင်ယူရန်လိုအပ်ပါသည်။ စာမေးပွဲဖြေဆိုရာတွင် ကျောင်းသား ကျောင်းသူများသည် အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်း၊ ဓမ္မဓိဋ္ဌာန်မေးခွန်း၊ ကဗျာစကားပြေရေသည်ပြဇာတ်ပါ အချက်အလက် စသည်တို့ကို တိတိကျကျကျက်မှတ်ရမည်ဖြစ်ပြီး လိုရင်းအချက်အလက်ကို တိတိကျကျဖြေဆိုနိုင်ရန် လိုအပ်ပါသည်။ မိမိစိတ်ကူးစိတ်သန်း၊ အတွေးအခေါ်ဖြင့် အရေးအသားစွမ်းရည်ကို ပြသရမည့် မေးခွန်းများတွင်မူ မေးခွန်းကို ကောင်းစွာနားလည်သဘောပေါက်အောင်ဖတ်ရှုပြီး မိမိသိရှိထားသည့်၊ လေ့လာမှတ်သားထားသည့် အချက်အလက်များကို မိမိ၏မြန်မာစာအရေးအသားစွမ်းရည်၊ ကိုယ်ပိုင် စိတ်ကူးဉာဏ်တို့ဖြင့်ပေါင်းစပ်ကာ ရေးသားဖြေဆိုရမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအားလုံး မြန်မာစာဘာသာရပ်ကို အခက်အခဲမရှိဖြေဆိုနိုင်ပြီး အောင်ပန်းဆွတ်ခူးနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။ ။

---

★ **ကျောဖုံးမှ**

ဆဋ္ဌမမြောက် အရှေ့အာရှ-ဩစတြေးလျ အာရှငှက်ပျံသန်းရာလမ်းကြောင်းအဖြစ် သတ်မှတ်လိုက်သည်ကို အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား ယခုကဲ့သို့ အသိအမှတ်ပြု ထိန်းသိမ်းခြင်းသည် ရေပျော်ငှက်များ ရေရှည်ထိန်းသိမ်းခြင်းကိုသာမက ရေဝပ်ဒေသများ အကျိုးရှိစွာ အသုံးချခြင်းကိုလည်း အထောက်အကူပြုစေနိုင်မည် ဖြစ်ပါကြောင်း၊ ယခုလို အသိအမှတ်ပြုခြင်းအောက်တွင် အစိုးရအနေဖြင့် ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကွန်ရက်နယ်မြေဆိုင်ရာလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်မှု မြှင့်တင်သွားမည်ဖြစ်သည့်အပြင် နိုင်ငံအတွင်း သဘာဝထိန်းသိမ်းရေးနယ်မြေများကွန်ရက် ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ကွန်ရက်နယ်မြေအသစ်များ ထပ်မံ၍သတ်မှတ်သွားမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က ပြောကြားသည်။

**ရေဝပ်ဒေသများ ထိန်းသိမ်းကာကွယ်**

"ငှက်ပျံသန်းရာလမ်းကြောင်းအဖြစ် သတ်မှတ်ခြင်းသည် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ရေပျော်ငှက်များ၊ ဒေသခံများ၏ အကျိုးစီးပွားတို့အတွက ်ရေရှည်တည်တံ့သော အုပ်ချုပ်လုပ်ကိုင်မှု၏ အစမျှသာဖြစ်ပါကြောင်း၊ အရှေ့အာရှ- ဩစတြေးလျအာရှရွှေ့ပြောင်းကျက်စားသည့် ငှက်ပျံသန်းရာလမ်းကြောင်း ပူးပေါင်းဆောင်ရွက်မှု (East-Asian Australasian Flyway Partnership-EAAFP)ကွန်ရက်အကြား စောင့်ကြည့်လေ့လာခြင်း၊ အသိပညာပေးခြင်း၊ သိမြင်နိုးကြားမှုမြှင့်တင်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် သတင်းအချက်အလက်များမျှဝေခြင်း စသည့်လုပ်ငန်းစဉ်တို့အား စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် အရေးကြီးလှပါကြောင်း၊ EAAFP အနေဖြင့် ငှက်ပျံသန်းရာလမ်းကြောင်းရှိ ရေဝပ်ဒေသများကို ထိန်းသိမ်းကာကွယ်နိုင်ရေး မြန်မာနိုင်ငံအစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိနေပါကြောင်း" EAAFP အမှုဆောင်အရာရှိချုပ် မစ္စတာဒေါက်ဝက်ကင်းက ဆိုသည်။

**အမျိုးအစားစုံလင်စွာတွေ့ရှိ**

အင်းလေးကန်သည် မြန်မာနိုင်ငံအရှေ့ပိုင်း ရှမ်းကုန်းပြင်မြင့်ပေါ်တွင် တည်ရှိသည့် ရေချိုကန်ဖြစ်ပြီး နိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်းတွင်းရေကန်ကြီးဖြစ်သည်။ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏ စုစုပေါင်းဧရိယာသည် ၅၃၀၀၀ ဟတ်တာကျော် ကျယ်ဝန်း၍ အင်းလေးကန်၊ စကားအင်းနှင့် မိုးဗြဲဆည်တို့ ပါဝင်သည်။ အပူပိုင်းသစ်တော၊ တောင်ပေါ်နှင့် သမပိုင်းအမြဲစိမ်းသစ်တောများစသည်ဖြင့် သဘာဝတောနေရင်းဒေသအမျိုးအစားစုံလင်စွာတွေ့ရှိရပြီး အင်းစပ်တစ်လျှောက် ရွှံ့နွံတော၊ မြေဆွေး၊ မြက်ခင်းပြင်၊ စိုက်ပျိုးမြေနှင့် အခြားအမျိုးအစားများကိုလည်း တွေ့ရှိနိုင်သည်။

**ဆောင်းခိုရေပျော် ငှက်မျိုးပေါင်း ၇၅ မျိုး**

အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် အရှေ့အာရှ-ဩစတြေးလျ အာရှရွှေ့ပြောင်းကျက်စားသည့် ငှက်ပျံသန်းရာလမ်းကြောင်းတစ်လျှောက် ဆောင်းခိုရေပျော်ငှက်မျိုးပေါင်း ၇၅ မျိုးကျော်၏ အကောင်ရေ ၂၀၀၀၀ ကျော်တို့အတွက် ရပ်နားရသည့် အရေးပါသည့် နားခိုရာနေရာတစ်ခုဖြစ်သည်။ ၎င်းမျိုးစိတ်တို့အနက် ခြိမ်းခြောက်ခံဆောင်းခိုရေပျော်ငှက်များကို မှတ်တမ်းတင်ထားပြီးဖြစ်ပြီး ယင်းတို့မှာ ဘဲပို့ချပ်ခေါင်းစိမ်း(မျိုးသုဉ်းရန် လုံးဝအန္တရာယ်ကျရောက်နိုင်သော မျိုးစိတ်)နှင့် ကြိုးကြာခေါင်းနီ(မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သောမျိုးစိတ်)တို့ ဖြစ်ကြသည်။ ထို့အပြင် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောငှက်ပျံသန်းရာလမ်းကြောင်းတွင်ပါဝင်သော မျိုးစိတ်များ၏ ကောင်ရေ တစ်ရာခိုင်နှုန်းကျော်တွေ့ရှိရသည့် မျိုးစိတ်များမှာ ရေကြက်ဒုံ၊ တင်ကျီးကြီး၊ ခရုပ်စုပ်အနက်၊ ဒေါင်းလန်းခြေထောက်၊ ခရုတုတ်နှင့် စင်ရော်ခေါင်းညိုတို့ ဖြစ်ကြသည်။

အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ဒေသမျိုးရင်းငါးများအတွက် အရေးပါပြီး အထူးသဖြင့် ငါးဖိန်း(Cyprinus intha)၏ နေရင်းဒေသဖြစ်သည်။ ငါးဖိန်းသည် အင်းသားတို့၏ လူမှုစီးပွားအတွက်သာမက ယဉ်ကျေးမှုအမှတ်အသား ပြယုဂ်တစ်ခုဖြစ်သည်။

**သတ်မှတ်ခြင်းခံထားရ**

အဖိုးတန်လှသော ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟာစနစ်များကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ၁၉၈၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးယူနက်စကို လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ်လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် ရမ်ဆာဒေသအဖြစ်လည်းကောင်း သတ်မှတ်ခြင်းခံထားရပြီးဖြစ်သည်။ Flyway Network Site အဖြစ် မြန်မာနိုင်ငံတွင် အင်းလေးကန်အပါအဝင် ၆ ခု (မိုးယွန်းကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မုတ္တမပင်လယ်ကွေ့၊ နံ့သာကျွန်းနှင့် မေယုကျွန်း၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော) ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

( ခ ) ပြန်လည်ထူထောင်ရေးမန်နေဂျာကို ကုမ္ပဏီကခန့်အပ်ထားခြင်းဖြစ်ပြီး ကုမ္ပဏီပိုင် ပစ္စည်းအားလုံးကိုဖြစ်စေ၊ အများစုကိုဖြစ်စေ ပိုင်ဆိုင်သည့် အာမခံအကျိုးခံစားခွင့်ရ မြီရှင်ရှိသည့်အခြေအနေတွင် ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်းအားခန့်အပ်ကြောင်း အကြောင်းကြားစာကို အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အာမခံအကျိုးခံစားခွင့်ရ မြီရှင်သို့ ပေးပို့ရမည်။ ထို့ပြင် အာမခံအကျိုးခံစားခွင့်ရမြီရှင်သည် အကြောင်းကြားစာရပြီး အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း ၎င်းခန့်ထားလိုသော လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအား ပြန်လည်ထူထောင်ရေးမန်နေဂျာအဖြစ် အစားထိုးခန့်ထားနိုင်သည်။ ပြန်လည်ထူထောင်ရေးမန်နေဂျာက ထိုသို့ခန့်အပ်ခြင်းကို လက်ခံကြောင်း စာဖြင့်ရေးသားသဘောတူရမည်။

( ဂ ) ပြန်လည်ထူထောင်ရေးမန်နေဂျာကို အာမခံအကျိုးခံစားခွင့်ရမြီရှင်က ခန့်အပ်ခြင်းဖြစ်လျှင် ဦးစားပေးအဆင့်မြင့်ပြီး ကုမ္ပဏီပိုင်ပစ္စည်းအားလုံးကိုဖြစ်စေ၊ အများစုကိုဖြစ်စေ ပိုင်ဆိုင်သည့် အခြားသော အာမခံအကျိုးခံစားခွင့်ရမြီရှင် (ရှိလျှင်) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်းအားခန့်အပ်ကြောင်း အကြောင်းကြားစာကို အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း ထိုအခြားသော အာမခံအကျိုးခံစားခွင့်ရမြီရှင်ထံ ပေးပို့ရမည်။ ထို့ပြင် ထိုမြီရှင်သည် အကြောင်းကြားစာရရှိပြီး အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း ၎င်းခန့်ထားလိုသော လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအား ပြန်လည်ထူထောင်ရေးမန်နေဂျာအဖြစ် အစားထိုးခန့်ထားနိုင်သည်။ ပြန်လည်ထူထောင်ရေးမန်နေဂျာက ထိုသို့ခန့်အပ်ခြင်းကို လက်ခံကြောင်း စာဖြင့်ရေးသားသဘောတူရမည်။

**ပြန်လည်ထူထောင်ရေးမန်နေဂျာကို**
**ခန့်အပ်ကြောင်း အကြောင်းကြားစာပေးပို့ခြင်း**

၄၉။ (က) ခန့်အပ်ခြင်းခံရသည့် ပြန်လည်ထူထောင်ရေးမန်နေဂျာသည် မိမိအား ခန့်အပ်ပြီး အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း ထိုသို့ခန့်အပ်ပြီးကြောင်းကို–

(၁) ကုမ္ပဏီသို့ အကြောင်းကြားရမည်။ ထို့နောက် နည်းဥပဒေများပါ နည်းလမ်းအတိုင်း အများသိစေရန် ကြေညာရမည်၊

(၂) မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရမည်။ မှတ်ပုံတင်အရာရှိသည် တတ်နိုင်သမျှ ဆောလျင်စွာ မှတ်ပုံတင်စာရင်းရေးသွင်းရမည်၊

(၃) မိမိလိပ်စာသိသမျှသော ကုမ္ပဏီ၏ မြီရှင်များထံ အကြောင်းကြားရမည်။

( ခ ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ခိုင်လုံသောအကြောင်းမရှိဘဲ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ်တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

**ခန့်အပ်မှုတရားမဝင်ခြင်း**

၅၀။ အကြောင်းတစ်စုံတစ်ရာကြောင့် ပြန်လည်ထူထောင်ရေးမန်နေဂျာအား ခန့်ထားမှုသည် တရားမဝင်ကြောင်း တွေ့ရှိပါက တရားရုံးသည် တရားမဝင်ခန့်ထားမှုကြောင့် ခန့်ထားခြင်းခံရသူတွင် ဖြစ်ပေါ်လာသည့် နစ်နာမှုတစ်စုံတစ်ရာအတွက် ၎င်းအား ခန့်ထားသူက ပေးလျော်ရန် အမိန့်ချမှတ်နိုင်သည်။

**အခန်း(၃)**

**ကယ်ဆယ်ခြင်းအဆင့်**

**ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ လုပ်ငန်းဆောင်တာများ၊**

**တာဝန်များနှင့် လုပ်ပိုင်ခွင့်များ**

**ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ လုပ်ငန်းဆောင်တာများ**

၅၁။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ အဓိကလုပ်ငန်းဆောင်တာများမှာ ပုဒ်မ ၄၁ တွင် ဖော်ပြထားသည့် ရည်ရွယ်ချက်များ အောင်မြင်စေရန် နည်းလမ်းများကို ရှာဖွေကာ ကုမ္ပဏီလုပ်ငန်းကိစ္စရပ်များကို စီမံရန်ဖြစ်သည်။

( ခ ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကုမ္ပဏီပိုင်ပစ္စည်း သို့မဟုတ် ပိုင်ဆိုင်ရန် အလားအလာရှိသည့် ပစ္စည်းများအားလုံးကို ထိန်းသိမ်းရမည် သို့မဟုတ် စီမံခန့်ခွဲရမည်။

( ဂ ) အဆိုပြုအစီအစဉ်ကို မြီရှင်များထံပေးပို့လျှင် ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အောက်ပါလုပ်ငန်းများကိုဆောင်ရွက်ရန် တာဝန်ရှိသည်–

(၁) အစီအစဉ်၏ ဖြစ်နိုင်ခြေနှင့် ပုဒ်မ ၄၁ ပါ ရည်ရွယ်ချက်များ ပြည့်မီနိုင်ခြင်း ရှိ မရှိ စုံစမ်းတင်ပြခြင်း၊

(၂) အဆိုပြုထားသည့် အစီအစဉ်သည် ကုမ္ပဏီနှင့်တွဲဖက်လုပ်ကိုင်သူ သို့မဟုတ် အာမခံ အကျိုးခံစားခွင့်ရ မြီရှင်၏ အကျိုးဖြစ်ထွန်းနိုင်ခြင်း ရှိ မရှိ စုံစမ်းတင်ပြခြင်း၊

(၃) အစီအစဉ်ကို အတည်ပြုခဲ့လျှင် မြီရှင်များက ပြန်လည်ရရှိနိုင်သည့်အနေအထားကို စုံစမ်းတင်ပြခြင်းနှင့်

(၄) အစီအစဉ်ကို အတည်ပြုခြင်းဖြင့် မြီရှင်များ ပြန်လည်ရရှိနိုင်မှုနှင့် အစီအစဉ်ကို အတည်မပြုသဖြင့် ကုမ္ပဏီကိုဖျက်သိမ်းခြင်းဆိုင်ရာ စီမံဆောင်ရွက်မှုပြုလုပ်ခြင်းတို့ကြောင့် မြီရှင်များ ပြန်လည်ရရှိနိုင်မှုတို့ကို နှိုင်းယှဉ်တင်ပြခြင်း၊

(၅) အထက်ဖော်ပြပါ ကိစ္စရပ်တစ်ခုချင်းစီအပေါ် ၎င်း၏အမြင်နှင့် ထင်မြင်ချက်များ၊ ထိုသို့ထင်မြင်ယူဆရသည့် အကြောင်းအရင်းများ၊ မြီရှင်များက ဆုံးဖြတ်ချက်ချမှတ်နိုင်ရန်အတွက် သိရှိသမျှ အရေးကြီးအချက်အလက်များနှင့် ထိုအစီအစဉ်အတွက် မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံ သင့် မသင့် စသည့် အချက်များ ဖော်ပြပါရှိသည့် အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခြင်း။

**ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ တာဝန်များ**

၅၂။ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်း၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် –

(က) မြီရှင်များအားလုံး၏အကျိုးကို ရှေးရှုဆောင်ရွက်ရမည်၊

( ခ ) တတ်နိုင်သမျှ လျင်မြန်ထိရောက်စွာ ဆောင်ရွက်ရမည်။

**ပြန်လည်ထူထောင်ရေးမန်နေဂျာသည်**
**ကုမ္ပဏီအေးဂျင့်အဖြစ်ဆောင်ရွက်ခြင်း**

၅၃။ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကုမ္ပဏီလုပ်ငန်းကိစ္စရပ်များကို စီမံခန့်ခွဲရန်အလို့ငှာ ဆောင်ရွက်ခြင်းသည် ကုမ္ပဏီအေးဂျင့်အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။

**ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ လုပ်ပိုင်ခွင့်များ**

၅၄။ (က) ဤအပိုင်းပါပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကယ်ဆယ်ခြင်းအဆင့်တွင် အောက်ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်သည်–

(၁) ကုမ္ပဏီစီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီပိုင်ပစ္စည်းများနှင့် ကုမ္ပဏီလုပ်ငန်းကိစ္စရပ်များကို ကြီးကြပ်ပြီး ကုမ္ပဏီကို ဆက်လက်လည်ပတ်စေခြင်း၊

(၂) လုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ရောင်းချခြင်း၊

(၃) ကုမ္ပဏီဒါရိုက်တာများကို ထုတ်ပယ်ခြင်း သို့မဟုတ် ခန့်အပ်ခြင်း၊

(၄) ကုမ္ပဏီသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် မရှိခဲ့ပါက ကုမ္ပဏီဒါရိုက်တာများ ဆောင်ရွက်နိုင်သည့် သို့မဟုတ် ကျင့်သုံးနိုင်သည့် မည်သည့်လုပ်ပိုင်ခွင့်ကိုမဆို ကျင့်သုံးခြင်း သို့မဟုတ် မည်သည့်လုပ်ငန်းဆောင်တာကိုမဆို ဆောင်ရွက်ခြင်း။

( ခ ) ပုဒ်မ ၅၉၊ ၆၀ နှင့် ၆၁တို့ပါ ပြဋ္ဌာန်းချက်များတွင် ခွင့်ပြုထားသည်မှအပ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အာမခံအပေါင်အနှံရှိသော ပိုင်ဆိုင်မှုများကို ပုဒ်မခွဲ (က) အရ စီမံခွင့်မရှိစေရ။

( ဂ ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကုမ္ပဏီမြီရှင်များအစည်းအဝေးကို ကျင်းပနိုင်သည်။

(ဃ) ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ် မစတင်မီကပင် ချုပ်ခဲ့သော စာချုပ်တစ်ရပ်ကို ငြင်းပယ်ခြင်းဖြင့် ဤအပိုင်းပါ ပြန်လည်ထူထောင်ရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် အထောက်အကူဖြစ်စေမည်ဆိုပါက ပြန်လည်ထူထောင်ရေးမန်နေဂျာသည် နို့တစ်စာပေး၍ စာချုပ်ကို ငြင်းပယ်နိုင်သည်။ ထိုသို့ ငြင်းပယ်မည်ဆိုပါက ယင်းစာချုပ်သည် တရားဝင်ရပ်စဲသွားသည်ဟု မှတ်ယူရမည်ဖြစ်ပြီး ယင်းသို့ရပ်စဲခြင်းကြောင့် တစ်ဖက်မှ ချုပ်ဆိုသူနစ်နာမှု ဖြစ်စေခဲ့ပါက နစ်နာမှုများအတွက် တောင်းခံပိုင်ခွင့်ရှိသည်။

( င ) ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်များသည် အာမခံအကျိုးခံစားခွင့်များအပေါ် ထိခိုက်ခြင်းမရှိစေရ။

**ကယ်ဆယ်ခြင်းအဆင့်အတွင်း ကုမ္ပဏီအား အကာအကွယ်ပေးထားမှုများ**

**ကယ်ဆယ်ခြင်းအဆင့်တွင် ကုမ္ပဏီအတွက် အကျိုးဆက်များ**

၅၅။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ပုဒ်မ ၁၇၂၊ ပုဒ်မခွဲ (ဃ)၊ ( င )၊ ( စ ) နှင့် (ဆ) တို့အရ ကုမ္ပဏီနှင့် ကုမ္ပဏီပိုင်ပစ္စည်းများကို အကာအကွယ်ပေးသည့် ပြဋ္ဌာန်းချက်များကို ကယ်ဆယ်ခြင်းအဆင့်တွင်လည်း အသုံးပြုနိုင်သည်၊

( ခ ) ကုမ္ပဏီကသုံးစွဲနေသော သို့မဟုတ် ကုမ္ပဏီ၏လက်ဝယ်တွင်ရှိသော ပစ္စည်းကို တစ်ဦးဦးက ပိုင်ဆိုင်လျှင်ဖြစ်စေ၊ တစ်ဦးဦးထံမှ ငှားရမ်းထားလျှင်ဖြစ်စေ ကယ်ဆယ်ခြင်းအဆင့်တွင် တရားရုံး၏ အမိန့်အရမဟုတ်လျှင် သို့မဟုတ် ပြန်လည်ထူထောင်ရေးမန်နေဂျာ၏စာဖြင့် ရေးသားသဘောတူညီချက်အရမဟုတ်လျှင် ထိုသူထံ လွှဲပြောင်းပေးအပ်ခြင်းမပြုရ၊

( ဂ ) ကယ်ဆယ်ခြင်းအဆင့်တွင် ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ ခွင့်ပြုချက်ဖြင့်မှတစ်ပါး ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်အားလုံးသည် ရပ်စဲသွားသည်။

**ကုမ္ပဏီကို ကာကွယ်ခြင်း**

၅၆။ ကယ်ဆယ်ခြင်းအဆင့်တွင် အာမခံထားရှိသော ပိုင်ဆိုင်မှုများအား အတည်ပြုခြင်း၊ ဆက်လက်အတည်ပြုဆောင်ရွက်ခြင်းတို့ကို ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ စာဖြင့်ရေးသားသဘောတူညီချက် သို့မဟုတ် တရားရုံး၏ ခွင့်ပြုချက်မှတစ်ပါး ဆောင်ရွက်ခြင်း မပြုရ။

**အာမခံသူများကို အကာအကွယ်ပေးခြင်း**

၅၇။ ကယ်ဆယ်ခြင်းအဆင့်တွင် ကုမ္ပဏီ၏ကြွေးမြီများ သို့မဟုတ် တာဝန်များနှင့်စပ်လျဉ်း၍ အာမခံသူများကို တရားရုံး၏ ခွင့်ပြုချက်ဖြင့်မှတစ်ပါး ဥပဒေကြောင်းအရ အရေးယူခြင်း သို့မဟုတ် အရေးယူထားသည်ကို ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။

**တရားရုံးက ခွင့်ပြုချက်ပေးခြင်း**

၅၈။ ဤအခန်းအရ ခွင့်ပြုချက်များပေးရာတွင် တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်း စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက်များမထားဘဲဖြစ်စေ ခွင့်ပြုချက်ပေးနိုင်သည်။

**အပြောင်းအလဲရှိသော ကြွေးမြီတာဝန်ရှိသည့်ပစ္စည်း**

၅၉။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်ရှိသည့်ပစ္စည်းကို အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ရောင်းချနိုင်သည် သို့မဟုတ် အခြားနည်း စီမံခန့်ခွဲနိုင်သည် –

(၁) ကုမ္ပဏီ၏ ပုံမှန်လုပ်ငန်းဆောင်ရွက်မှုနည်းလမ်း၊

(၂) အာမခံအကျိုးခံစားခွင့်ရမြီရှင်၏စာဖြင့် ရေးသားသဘောတူညီချက်ယူသည့် နည်းလမ်း၊

(၃) တရားရုံး၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သည့်နည်းလမ်း။

( ခ ) ထိုသို့ဆောင်ရွက်ရာတွင် အာမခံအကျိုးခံစားခွင့်ရမြီရှင်၏ အကျိုးစီးပွားကို လုံလောက်စွာ ကာကွယ်မှုရှိသည်ဟု တရားရုံးက ယုံကြည်မှသာလျှင် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) အရ ခွင့်ပြုနိုင်သည်။

( ဂ ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ပါ ပြဋ္ဌာန်းချက်များအလို့ငှာ အကြောင်းကြားစာ သို့မဟုတ် တောင်းခံစာ ထုတ်နိုင်သည့်အချက် သို့မဟုတ် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်မှ ပုံသေကြွေးမြီတာဝန်အဖြစ် ပြောင်းလဲသည့်အချက်ဖြစ်သည်ဆိုရုံမျှဖြင့် ကုမ္ပဏီ၏ ပုံမှန်လုပ်ငန်းဆောင်ရွက်ရာတွင် ရောင်းချခြင်းကို တားဆီးခြင်းမရှိစေရ။

(ဃ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အာမခံအကျိုးခံစားခွင့်ရှိသော ကုမ္ပဏီပစ္စည်းကို ရောင်းချရာတွင်ဖြစ်စေ၊ စီမံခန့်ခွဲသူတစ်ယောက်မှ ၎င်း၏သက်ဆိုင်ရာလုပ်ပိုင်ခွင့်များကို ကျင့်သုံးရာ၌ဖြစ်စေ၊ ကျိုးကြောင်းဆီလျော်စွာ အသုံးပြုရမည်။

**ပုံသေကြွေးမြီ တာဝန်ရှိသည့်ပစ္စည်း**

၆၀။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည်ပုံသေကြွေးမြီတာဝန်ရှိသည့်ပစ္စည်းကို အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ရောင်းချနိုင်သည် သို့မဟုတ် အခြားနည်း စီမံခန့်ခွဲနိုင်သည်–

(၁) အာမခံအကျိုးခံစားခွင့်ရမြီရှင်၏ စာဖြင့်ရေးသားသဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(၂) တရားရုံး၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း။

( ခ ) တရားရုံးသည် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ ခွင့်ပြုရာတွင် အောက်ပါအချက်များနှင့် ညီညွတ်ကြောင်း ကျေနပ်မှသာ ခွင့်ပြုနိုင်သည် –

(၁) အာမခံအကျိုးခံစားခွင့်ရမြီရှင်၏ အကျိုးကို လုံလောက်စွာ ကာကွယ်သော အစီအစဉ်များရှိခြင်း၊

(၂) အမိန့်ကိုချမှတ်ခြင်းဖြင့် ပုဒ်မ ၄၁ ပါ ရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် အထောက်အကူပြုနိုင်ခြင်း။

**အခြားကိစ္စရပ်များတွင် အာမခံအကျိုးခံစားခွင့်ရ**
**မြီရှင်များကို အကာအကွယ်ပေးခြင်း**

၆၁။ ပုဒ်မ ၅၉ နှင့် ပုဒ်မ ၆၀ တို့တွင် ခွင့်ပြုထားသည်မှအပ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အာမခံအကျိုးခံစားခွင့်ရ မြီရှင်များ၏ ပစ္စည်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်ကို ထိခိုက်စေနိုင်ပါက စီမံခန့်ခွဲခြင်းမပြုရ။

(ဆက်လက်ဖော်ပြပါမည်)

# COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၉-၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြုစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်တုန်ပြည်နယ်၊ ဝေ့ဟိုင်မြို့နေ အသက် (၄၀) နှစ်အရွယ် တရုတ်လူမျိုး အမျိုးသား (၁) ဦးသည် (၁၇-၂-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ပြီး (၁၉-၂-၂၀၂၀) ရက်နေ့တွင် ဖျားခြင်း၊ ဝမ်းသွားခြင်းလက္ခဏာများ ခံစားခဲ့ရသဖြင့် လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသခဲ့ပြီး ထိုမှတစ်ဆင့် ဝေဘာဂီအထူးကုဆေးရုံသို့ ညွှန်းပို့ခဲ့ပါသည်။ ဝေဘာဂီအထူးကုဆေးရုံတွင် စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ ၎င်းလူနာထံမှ ဓာတ်ခွဲနမူနာရယူပြီး အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးသွားမည်ဖြစ်ပါသည်။ အဆိုပါ လူနာအားစစ်ဆေးရာတွင် လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရပါ။

၃။ (၁၄-၂-၂၀၂၀) ရက်နေ့တွင် စင်ကာပူနိုင်ငံမှ ပြန်လာသော အသက် (၂၆) နှစ်အရွယ် မြန်မာအမျိုးသမီး (၁) ဦးသည် စင်ကာပူနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့မှုရှိခဲ့ကြောင်း စင်ကာပူနိုင်ငံ International Health Regulation (IHR) Focal Point မှ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲသို့ သတင်းပေးပို့လာသဖြင့် အဆိုပါအမျိုးသမီးအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် စောင့်ကြပ်ကြည့်ရှုဆေးကုသမှုပေးလျက်ရှိပြီး ၎င်းလူနာထံမှ ဓာတ်ခွဲနမူနာရယူကာ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးသွားမည်ဖြစ်ပါသည်။ အဆိုပါလူနာအား စစ်ဆေးရာတွင် လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရပါ။

၄။ သို့ဖြစ်ပါ၍ ယနေ့ (၁၉-၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအချိန်အထိ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် စောင့်ကြည့်လူနာ (၁၁) ဦးတို့အား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိပါသည်။ လူနာများ၏ ဓာတ်ခွဲအဖြေများရရှိပါက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

## (၁၉-၂-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ

၁။ Coronavirus Disease 2019 (COVID-19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါသည် ယခုအချိန်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ (၂၆) နိုင်ငံတွင် ဖြစ်ပွားလျက်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၈-၂-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၁၅:၃၀) အချိန်ရရှိသော စာရင်းဇယားများအရ အောက်ပါအတိုင်းဖြစ်ပါသည်။

- တစ်ကမ္ဘာလုံးတွင်
  - ရောဂါအတည်ပြုလူနာ - ၇၃၃၃၂ ဦး
  - သေဆုံးသူ - ၁၈၇၃ ဦး
- တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်
  - ရောဂါအတည်ပြုလူနာ - ၇၂၅၂၈ ဦး (ကမ္ဘာ့ဖြစ်ပွားမှု၏ ၉၉ ရာခိုင်နှုန်း)
  - သေဆုံးသူ - ၁၈၇၀ ဦး
- အခြားဖြစ်ပွားသည့်နိုင်ငံစုစုပေါင်း - ၂၅ နိုင်ငံ
  - ဓာတ်ခွဲအတည်ပြုလူနာ - ၈၀၄ ဦး
  - သေဆုံးသူ - ၃ ဦး (ဖိလစ်ပိုင်၊ ဂျပန်နှင့် ပြင်သစ်နိုင်ငံ)

(မှတ်ချက်။ ရောဂါစတင်ဖြစ်ပွားခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟူပေပြည်နယ်တွင် ဓာတ်ခွဲအတည်ပြုလူနာများအပြင် ရောဂါလက္ခဏာများအရ အတည်ပြုလူနာများကိုပါ ထည့်သွင်းတွက်ချက်ထားခြင်း ဖြစ်ပါသည်။)

၂။ **မြန်မာနိုင်ငံ၏ COVID-19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ အခြေအနေ**

| | |
|---|---|
| **မြန်မာနိုင်ငံတွင် ယနေ့ (၁၉-၂-၂၀၂၀) ရက်နေ့အထိ COVID -19 ရောဂါပိုး ဓာတ်ခွဲအတည်ပြု လူနာ မရှိပါ။** | |
| **စောင့်ကြည့်လူနာနှင့် သံသယလူနာများ၏အခြေအနေ (၃၀-၁-၂၀၂၀) ရက်နေ့မှ (၁၉-၂-၂၀၂၀) ရက်နေ့အထိ** | |
| စောင့်ကြည့်လူနာ | ၃၇ ဦး |
| သံသယလူနာ | ၂ ဦး |
| စုစုပေါင်း | ၃၉ ဦး |

**စောင့်ကြည့်လူနာနှင့် သံသယလူနာများ၏ ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၃၀-၁-၂၀၂၀) ရက်နေ့မှ (၁၉-၂-၂၀၂၀) ရက်နေ့အထိ**

| | |
|---|---|
| ဓာတ်ခွဲ စစ်ဆေးမှုအဖြေအရ ပိုးမတွေ့ရှိရသူ | ၂၈ ဦး(စောင့်ကြည့်လူနာ- ၂၆ ဦးနှင့် သံသယလူနာ- ၂ ဦး) |
| ထိုင်းနိုင်ငံရှိ ရည်ညွှန်းဓာတ်ခွဲခန်းမှ အဖြေစောင့်ဆိုင်းဆဲ | ၉ ဦး |
| ထိုင်းနိုင်ငံရှိ ရည်ညွှန်းဓာတ်ခွဲခန်းသို့ ဓာတ်ခွဲနမူနာပို့ဆောင်ဆဲ | - |
| ဓာတ်ခွဲနမူနာရယူရန် ဆောင်ရွက်ဆဲ | ၂ ဦး |
| **စုစုပေါင်း** | ၃၉ ဦး |

စောင့်ကြည့်လူနာနှင့် သံသယလူနာ (၃၉) ဦးအနက်-

- တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးသွားရာဇဝင်ရှိသူ - (၃၅) ဦး
- တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးသွားရာဇဝင်မရှိသူ - (၄) ဦးရှိပါသည်။

၃။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင် (၁၉-၂-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ စောင့်ကြည့်လူနာ စုစုပေါင်း (၁၁) ဦးအား ဆက်လက်စောင့်ကြည့်ကုသမှုပေးလျက်ရှိပြီး လူနာအားလုံး၏ လက်ရှိအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။

၄။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား-

(က) အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ဂိတ်များဖြစ်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ဆိပ်ကမ်းများတွင် လည်းကောင်း၊

(ခ) နယ်စပ် ဝင်ပေါက်၊ ထွက်ပေါက်များ အထူးသဖြင့် ယူနန်ပြည်နှင့် ထိစပ်သော မြို့နယ်များဖြစ်သည့် ကချင်ပြည်နယ်ရှိ ပန်ဝါ-ချီဖွေ၊ ဝိုင်းမော်၊ မိုးမောက်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ မူဆယ်၊ နမ့်ခမ်းနှင့် လောက်ကိုင်စသည့်မြို့များတွင် လည်းကောင်း ဆောင်ရွက်လျက်ရှိရာ-

- Health Declaration Card များအား ဖြည့်သွင်းစေခြင်း၊
- ခရီးသွားများ တည်းခိုနေထိုင်မည့် ဟိုတယ်၊ အိမ်နေရပ်လိပ်စာများရယူကာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပါအဝင် သက်ဆိုင်ရာ နီးနွယ်ဌာနများ၊ ဟိုတယ်များ၊ တည်းခိုခန်းများနှင့် ပူးပေါင်းချိတ်ဆက်၍ သံသယလူနာများနှင့် အနီးကပ်ထိတွေ့သူများအား လိုက်လံစုံစမ်းထောက်လှမ်းကြည့်ရှုခြင်း (contact tracing) များ ပြုလုပ်ခြင်း၊

(ဂ) ဆေးရုံအခြေပြု ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Hospital Based Surveillance) လုပ်ငန်းကို လည်းကောင်း၊

(ဃ) ပြည်သူလူထုအခြေပြု ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Community Based Surveillance) လုပ်ငန်းများဖြင့် လည်းကောင်း၊

(င) ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍ လည်းကောင်း၊

(စ) အခြားနီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၅။ ဗဟိုအဆင့်ဆေးရုံကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ အနေဖြင့်-

(က) အထူးကြပ်မတ်ကုသဆောင်များ (Intensive Care Unit-ICU)၊ သီးခြားထားရှိကုသဆောင် (Isolation Ward)၊ လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ ပြင်ဆင်ထားရှိခြင်း၊

(ခ) မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ရှိ ကန်တော်နဒီဆေးရုံအား ကပ်ရောဂါအသွင် ဖြစ်ပွားနိုင်သော ကူးစက်ရောဂါများ (Epidemic Prone Diseases) ဖြစ်ပွားပါက လူနာသီးခြားထားရှိကုသရန်အတွက် ညွှန်းပို့ဆေးရုံ (Designated Hospital) အဖြစ် သတ်မှတ်ပြီး အထူးကြပ်မတ်ကုသဆောင် (Intensive Care Unit-ICU) နှင့် သီးခြားထားရှိကုသဆောင် (Isolation Ward) များအား ပြင်ဆင်ထားရှိခြင်း၊

(ဂ) နယ်စပ်ဝင်ထွက်ပေါက်များအနီးရှိ ညွှန်းပို့ဆေးရုံများ (Designated Hospitals) အနေဖြင့် ခရိုင်ပြည်သူ့ဆေးရုံ (မူဆယ်မြို့)၊ ပြည်သူ့ဆေးရုံကြီး (လားရှိုးမြို့)၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ ပြည်သူ့ဆေးရုံကြီး (မြစ်ကြီးနားမြို့)၊ ပြည်သူ့ဆေးရုံကြီး(ကျိုင်းတုံမြို့) တို့အား သတ်မှတ်ပြီး ကြိုတင်ပြင်ဆင်ထားရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၆။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သည် ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုး ရှိ/ မရှိအား ကိုယ်တိုင်စစ်ဆေးခြင်း (Independent testing) ကို (၂၀-၂-၂၀၂၀) ရက်နေ့တွင် စတင်ပြုလုပ်သွားမည် ဖြစ်ပါသည်။

၇။ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံပိုင်သတင်းမီဒီယာများနှင့် ရေဒီယိုများတွင် ကျန်းမာရေးအသိပညာပေးချက်များနှင့် သတင်းများအား ဖော်ပြခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ(https://www.facebook.com/MinistryOfHealthAndSportsMyanmar နှင့် https://www.facebook.com/MyanmarCDC) တို့တွင် အချိန်နှင့်တစ်ပြေးညီ ဖော်ပြခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ ဦးဆောင်လမ်းညွှန်မှုဖြင့် လူစည်ကားသောနေရာများ အထူးသဖြင့် စာသင်ကျောင်းများ၊ ဟိုတယ်နှင့် တည်းခိုခန်းများ၊ ဘုရားများ၊ ရုပ်ရှင်ရုံများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ဘတ်စ်ကားဂိတ်များ၊ ဈေးများတွင် ကျန်းမာရေးပညာပေးလက်ကမ်းစာစောင်၊ စတစ်ကာနှင့် ဗီနိုင်းပိုစတာများဖြန့်ဝေခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောမှုများနှင့် အသိပေးနှိုးဆော်ခြင်းတို့ကို အထူးကိစ္စရပ်အနေဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

၈။ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတို့တွင် -

(က) ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Active Surveillance) နှင့် သံသယလူနာများနှင့် အနီးကပ်ထိတွေ့သူများအား လိုက်လံစုံစမ်းထောက်လှမ်းကြည့်ရှုခြင်း (Contact tracing)

(ခ) လိုအပ်ပါက အသွားအလာတားမြစ်ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်း (Quarantine) လုပ်ငန်းများ ပြုလုပ်ခြင်း၊

(ဂ) သံသယနှင့် စောင့်ကြည့်လူနာများအား သက်ဆိုင်ရာ ဆေးရုံကြီးများသို့ ညွှန်းပို့ဆောင်ရွက်ခြင်း (Referral)

(ဃ) ကျန်းမာရေးအသိပညာပေးခြင်း (Health Education)

(င) နေ့စဉ်သတင်းပေးပို့ခြင်းနှင့် ထူးခြားဖြစ်စဉ်များအား ချက်ချင်းသတင်းပေးပို့ခြင်း (Daily and immediate reporting)

(စ) သက်ဆိုင်ရာ နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း (Coordination with relevant sectors) တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၉။ မြန်မာနိုင်ငံအနေဖြင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ပြည်တွင်း ပြည်ပအဖွဲ့အစည်းအသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိရာ အလှူရှင်များနှင့် အဖွဲ့အစည်းများထံမှ ဆေးနှင့်ဆေးပစ္စည်းများ လက်ခံရရှိမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | အဖွဲ့အစည်းအမည် | Personal Protective Equipment (အစုံရေ) | N95 Mask (ခု) | Surgical Mask (ခု) | Hand Gel (ဗူး) | Non-Contact Thermometer (ခု) |
|---|---|---|---|---|---|---|
| ၁ | ကမ္ဘာ့ကျန်းမာရေး အဖွဲ့ | ၁၀၀ | ၅၀၀ | - | - | - |
| ၂ | မြန်မာနိုင်ငံကြက်ခြေနီအသင်း | ၁၅၀၀ | - | ၅၀၀၀ | - | - |
| ၃ | Sea Lion Company | ၂၀၀၀ | - | - | - | - |
| ၄ | Korea နိုင်ငံ (ဥက္ကာသီရိကုမ္ပဏီ) | ၁၀၀၀ | - | - | ၂၂၅ | - |
| ၅ | ဇီဇဝါကုမ္ပဏီ | - | - | - | - | ၄၅ |
| ၆ | Gold Lite Co.,Ltd | | ၂၀၀၀ | | | |
| ၇ | Eclion Global Group နှင့် အခြားအလှူရှင်များ | ၃၃၀၀ | | | | |
| | **စုစုပေါင်း** | ၇၉၀၀ | ၂၅၀၀ | ၅၀၀၀ | ၂၂၅ | ၄၅ |

၁၀။ ထို့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင် ကြိုတင်ပြင်ဆင်ထားရှိမှု (Hospital Preparedness)အနေဖြင့် လိုအပ်သောအသက်ရှူအားကူစက် (Ventilator)၊ စိုထိုင်းမှုထိန်းစက် (Humidifier)၊ သွေးတွင်းအောက်ဆီဂျင် တိုင်းတာစက် (Pulse Oxymetre)၊ နှလုံးနှိုးစက် (Defibrillator)နှင့် Electrocardiogram-ECG၊ အဖျားတိုင်းကိရိယာ (Non- Contact Thermometer)၊ ဆေးသွင်းကုသရာတွင် လိုအပ်သော Infusion Pump များ၊ ရောဂါကာကွယ်ရေးဝတ်စုံ (Personal Protective Equipment - PPE)၊ N95 Mask၊ Surgical Mask နှင့် Hand Gel စသည့် ဆေးပစ္စည်းများကိုလည်း လုံလောက်စွာရရှိနိုင်ရန်အတွက် ထပ်မံဖြည့်တင်း ဆောင်ရွက်လျက်ရှိပါသည်။

၁၁။ ယနေ့ (၁၉-၂-၂၀၂၀) ရက်နေ့တွင် အမေရိကန်နိုင်ငံရှိ Centres for Disease Control and Prevention (US CDC) အဖွဲ့သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် လာရောက်တွေ့ဆုံ၍ COVID-19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါနှင့် ပတ်သက်သော သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများအား ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအား ပြည်သူ့ကျန်းမာရေးရှုထောင့်၊ ကူးစက်ရောဂါဗေဒဆိုင်ရာရှုထောင့်၊ ကုသရေးဆိုင်ရာရှုထောင့်နှင့် လူမှုရေးရှုထောင့် စသည့် ရှုထောင့်အမျိုးမျိုးမှ သုံးသပ်၍ သက်ဆိုင်ရာနီးနွယ်ဝန်ကြီးဌာနများ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ရန်ကုန်မြို့ပြအမွေအနှစ်အထိမ်းအမှတ် ၃၆ ခုမြောက် အပြာရောင်ကမ္ပည်းပြား အင်းလျားလိတ်ဟိုတယ်၌တပ်ဆင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်မြို့ပြအမွေအနှစ်အထိမ်းအမှတ် ၃၆ ခုမြောက် အပြာရောင်ကမ္ပည်းပြားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီက စစ်ပြီးခေတ် မော်ဒန်ဗိသုကာ လက်ရာတစ်ခုဖြစ်သော အင်းလျားလိတ်ဟိုတယ်၌ တပ်ဆင်သည်။

ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သုတေသနနှင့် အသိပညာမျှဝေဖလှယ်ရေး စီမံချက်အရာရှိ ဦးသူရိန်အောင်က အပြာရောင်ကမ္ပည်းပြားများအကြောင်းကို ရှင်းလင်းတင်ပြပြီး အင်းလျားလိတ်ဟိုတယ်မှ Mr. Suki Singh က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Nikolay A. Listopadov၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝင်း၊ ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် အင်းလျားလိတ်ဟိုတယ်တို့မှ တာဝန်ရှိသူများက ကမ္ပည်းပြားကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ ဒါရိုက်တာဒေါ်မိုးမိုးလွင်က "ဗိသုကာလက်ရာကောင်းတစ်ခုအဖြစ် သူ့ခေတ်သူ့အခါအရ ဂုဏ်ယူဖွယ်ရာ ဖြစ်ခဲ့တာမို့ မြန်မာ့လူမှုရေးသမိုင်းကဏ္ဍမှာလည်း အလွန်အရေးပါခဲ့ပါတယ်" ဟု ပြောကြားသည်။

အင်းလျားကန်စောင်းတွင် တည်ရှိသော အင်းလျားလိတ်ဟိုတယ်သည် စစ်ပြီးခေတ် မော်ဒန်ဗိသုကာလက်ရာ ပြယုဂ်တစ်ခုဖြစ်ပြီး အရေးပါသော မြို့ပြအမွေအနှစ်တစ်ခုဖြစ်ကာ ထိန်းသိမ်းရမည့် အဆောက်အဦတစ်ခုလည်းဖြစ်ကြောင်း၊ ဆိုဗီယက်ပြည်ထောင်စု၏ နည်းပညာအကူအညီဖြင့် တည်ဆောက်ထားသော အင်းလျားလိတ်ဟိုတယ်ကို နာမည်ကျော် ဆိုဗီယက် ဗိသုကာဖြစ်သည့် Viktor Semyonovich နှင့် အမျိုးသမီးဗိသုကာ Kaleriya Dmitriyevna Kislova တို့က ပုံစံရေးဆွဲခဲ့ကြောင်း၊ ၁၉၅၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် ပြီးစီးကာ ၁၉၆၂ ခုနှစ်အောက်တိုဘာလတွင် ဧည့်သည်များကို စတင်ဝန်ဆောင်မှုပေးခဲ့ပြီး ထိုခေတ်ထိုအခါက အရှေ့တောင်အာရှတွင် ခေတ်အမီဆုံးဟိုတယ်တစ်ခုအဖြစ် နိုင်ငံတကာမီဒီယာများက ဖော်ပြခဲ့ကြကြောင်း သိရသည်။




၁၉၉၀ ပြည့်နှစ်တွင် အင်းလျားလိတ်ဟိုတယ်ကို အင်ဒိုနီးရှားဟိုတယ်လုပ်ငန်းရှင် Adrian Zecha က ပြန်လည်ပြင်ဆင်၍ အဆင့်မြှင့်တင်ခဲ့ပြီး အခန်းပေါင်း ၂၃၉ ခန်းပါရှိသော အင်းလျားလိတ်ဟိုတယ်ကို ထိုင်းနိုင်ငံအခြေစိုက် GCP Hospitality က စီမံခန့်ခွဲလျက်ရှိသည်။ အင်းလျားလိတ်ဟိုတယ်ကို ခေတ်မီအင်္ဂါရပ်များနှင့် ထပ်မံဖြည့်သွင်းထားသော်လည်း မူလအဆောက်အဦ၏ ဗိသုကာနှင့်သမိုင်းကြောင်းတို့ကို ဖော်ပြနေသည့် မြင့်မားသော မျက်နှာကြက်ပါ အဝင်ခန်းမနှင့် အိပ်ခန်းများ၊ မင်္ဂလာခန်းမကြီးနှင့် ကဖေးတို့ကို ဆက်လက်ထိန်းသိမ်းထားရှိကြောင်း သိရသည်။

**ကိုထက်**

# ပြည်တွင်း ပြည်ပ အာမခံကုမ္ပဏီ ၁၁ ခုမှ မတည်ရင်းနှီးငွေ ကျပ် ၆၇ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၁၂၇ သန်းကျော်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

လုပ်ငန်းလိုင်စင်ထုတ်ပေးထားသည့်ပြည်တွင်းပြည်ပ အာမခံကုမ္ပဏီ ၁၁ ခုမှမတည်ရင်းနှီးငွေ ကျပ် ၆၇ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၁၂၇ သန်းကျော်ရှိကြောင်း ဖေဖော်ဝါရီ ၁၇ ရက်က ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၌ကျင်းပသည့် မီဒီယာတွေ့ဆုံပွဲတွင် အဆိုပါဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဇန်နဝါရီလအထိ အဆိုပါ အာမခံလုပ်ငန်းများ၏ မတည်ရင်းနှီးငွေ ပမာဏမှာ ဖက်စပ်အထွေထွေအာမခံသုံးခုမှ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၄၃ သန်းနှင့် ကျပ် ၅၆ ဒသမ ၇ ဘီလီယံ၊ ဖက်စပ် အသက်အာမခံကုမ္ပဏီသုံးခုမှ အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၇ သန်းနှင့် ကျပ် ၁၀ ဒသမ ၆၁ ဘီလီယံ၊ နိုင်ငံခြားအသက်အာမခံကုမ္ပဏီငါးခုမှ အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၉ သန်း ဖြစ်သည့်အတွက် စုစုပေါင်း အာမခံကုမ္ပဏီ ၁၁ ခု မှ မတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ ၁၂၇ ဒသမ ၀၄၄ သန်းနှင့် ကျပ်ငွေ ၆၇ ဘီလီယံရှိကြောင်း သိရသည်။

ငွေရေးကြေးရေး စိစစ်ရေးကြီးကြပ်ရေးဦးစီးဌာနက ထုတ်ပေးထားသည့် အာမခံကုမ္ပဏီများ၏ မတည်ရင်းနှီးငွေ ပမာဏမှာ ၁၂၇ ဒသမ ၀၄၄ သန်း ရရှိထားသည့်အပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုမှ အမေရိကန် ဒေါ်လာ ၂ ဒသမ ၅၉ ဘီလီယံ၊ အထူးစီးပွားရေးဇုန် ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုမှ အမေရိကန်ဒေါ်လာ ၁၀၂ သန်း ဖြစ်သည့်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဖေဖော်ဝါရီ ၁၃ ရက်အထိ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ် လာ ၂ ဒသမ ၈၂ ဘီလီယံ ဝင်ရောက်ထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ သိရသည်။

**ငြိမ်းငြိမ်း**

# အနာဂတ် ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ယနေ့ခေတ် လူမှုအဖွဲ့အစည်းများ ရင်ဆိုင်ကြုံတွေ့နေရသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Melia ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် Fire Eye Inc အာရှ – ပစိဖိတ်ဆိုင်ရာ နည်းပညာအရာရှိချုပ် Mr. Steve Ledzian က ယနေ့ခေတ် လူမှုအဖွဲ့အစည်းများ ကြုံတွေ့နေရသည့် ဆိုက်ဘာခြိမ်းခြောက်ခံရမှုများနှင့် ဖြစ်ပေါ်လာနိုင်သည့် လုံခြုံရေးဆိုင်ရာ မှန်းဆချက်များကို ရှင်းလင်းပြောကြားပြီး လုံခြုံရေးဆိုင်ရာနယ်ပယ်အသီးသီးမှ ပညာရှင်များက အနာဂတ် ဆိုက်ဘာလုံခြုံရေးအတွက် အသင့်ပြင်ဆင်ထားရမည့် လိုအပ်ချက်များကို ဆွေးနွေးကြသည်။

ဆိုက်ဘာလုံခြုံရေးဆိုင်ရာဆွေးနွေးပွဲကို Fire Eye Inc;နှင့် Gloden Myanmar Apex တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ၎င်းတို့သည် မြန်မာနိုင်ငံအတွင်းရှိဌာနဆိုင်ရာနှင့် လူမှုအဖွဲ့အစည်းများအား လုံခြုံရေးဆိုင်ရာနည်းပညာများနှင့် ဝန်ဆောင်မှုများကို ထောက်ကူပေးနေသည့် နည်းပညာအဖွဲ့အစည်းများဖြစ်ကြောင်း သိရသည်။

**အောင်ကျော်ဦး**

# ဗန်းမော်တက္ကသိုလ်၌ မူခင်းကြိုတင်ကာကွယ်ရေးအသိပညာပေး

**ဗန်းမော် ဖေဖော်ဝါရီ ၁၉**

ဗန်းမော်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တိုးလွင်ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီက ဗန်းမော်တက္ကသိုလ်၌ မူခင်းလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဗန်းမော်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ကျော်တင်က အဖွင့်အမှာစကားပြောကြားပြီး ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတိုးလွင်က ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဗန်းမော်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်က မူခင်းဖြစ်ပွားမှုလျော့နည်းကျဆင်းရေးကြိုတင်ကာကွယ်ရန် နည်းလမ်းများ၊ မြို့နယ်မူးယစ်တပ်ဖွဲ့စု(၁)မှ ရဲမှူးဆိုင်းနန်က မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များ၊ ယာဉ်ထိန်းတပ်ဖွဲ့စု ၁၀၀ မှ ဒုရဲအုပ်အောင်ဇော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုအသိပညာပေးဆွေးနွေးဟောပြောသည်။

ထို့နောက် ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတိုးလွင်နှင့် တာဝန်ရှိသူများက တက်ရောက်လာသူများ၏ သိရှိလိုသည့်မေးမြန်းဆွေးနွေးမှုများကိုပြန်လည်ရှင်းလင်းဖြေကြားပေးကာမူခင်းပညာပေး လက်ကမ်းစာစောင်များကို လိုက်လံဖြန့်ဝေပေးခဲ့ကြသည်။

**လှိုင်ဝင်းလေး**

## သတင်းလမ်းညွှန်

### အထွေထွေရောဂါများ အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးမည်

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ သီတဂူအာရောဂျဒါနဆေးရုံတော်တွင် (၁၇)ကြိမ်မြောက် ကျန်းမာရေးအလှူတော်အဖြစ် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၅ ရက်အထိ စမ်းသပ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၇ ရက်အထိ ခွဲစိတ်ကုသပေးမည်ဖြစ်သည်။

စစ်ကိုင်းသီတဂူဇီဝိတဒါနဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ဇော်၊ ခွဲစိတ်အထူးကုသမားတော်ကြီးဒေါက်တာမြသိန်းဟန်အဖွဲ့နှင့် အမေရိကန်နိုင်ငံမှAloha Medical Missionအဖွဲ့မှ Dr.CarlLumခွဲစိတ်အထူးကုဆရာဝန်ကြီးဦးဆောင်သော ၁၇ ဦးအဖွဲ့၊ ထားဝယ်မြို့ ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်တို့ပူးပေါင်း၍ အထွေထွေရောဂါဝေဒနာရှင်များအား အခမဲ့စမ်းသပ် ခွဲစိတ်ဇီဝိတဒါနလှူဒါန်းမည်ဖြစ်ကြောင်းသိရသည်။

**ထားဝယ်(ပြန်/ဆက် )**

### နှစ်ဦးအကြို ကောက်သစ်စားပွဲတော်ကျင်းပမည်

တောင်သူလယ်သမားများအတွက်ဂုဏ်ပြုပွဲနှင့် နှစ်ဦးအကြို ကောက်သစ်စားပွဲတော်ကို ရန်ကုန်မြို့ သုဝဏ္ဏဘူမိ (Event Park)၌ မတ် ၂ ရက် ညပိုင်းတွင် ကျင်းပမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံမှ ဖိတ်ခေါ်ထားသည့် လှပျိုဖြူလေးများနှင့် မြန်မာနိုင်ငံရှိလှပျိုဖြူလေးများက အိန္ဒိယရိုးရာအကမျိုးစုံအပါအဝင် မြန်မာ့ရိုးရာ မြနန္ဒာအကများဖြင့် ပါဝင်သီဆိုဖျော်ဖြေတင်ဆက်သွားကြမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှသိရသည်။

**ပွင့်သစ္စာ**

### ပြည်သူ့နီတိအသိပညာပေးစာမေးပွဲ ဆုချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပမည့် ပြည်သူ့နီတိအသိပညာပေးစာမေးပွဲဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီတွင် မြို့တော်ခန်းမ (ပထမထပ်ခန်းမကြီး)၌ ကျင်းပမည်ဖြစ်ရာ ဆုရကျောင်းသားကျောင်းသူများ မပျက်မကွက်တက်ရောက်ကြရန် ကျင်းပရေးကော်မတီမှ နှိုးဆော်ထားကြောင်းသိရသည်။ **ကိုထက်**

### Visit Nepal Year 2020 ကျင်းပမည်

မြန်မာနှင့်နီပေါခရီးသွားလုပ်ငန်းတိုးမြှင့်ရေးအတွက် နီပေါနိုင်ငံခရီးသွားနှစ်(Visit Nepal Tourism Year 2020) ကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈လမ်းရှိ MRCCI ခန်းမတွင် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီ တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### မန္တလေးတွင် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကျင်းပမည်

(၄၅)ကြိမ်မြောက် မန္တလေးလူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၆ နာရီတွင် မန္တလေးမြို့ ၂၆လမ်းနှင့် ၇၁လမ်းထောင့်ရှိ မြို့တော် ခန်းမရှေ့၌ ကျင်းပသွားမည်ဖြစ်သည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

### စွမ်းအားမြင့်မီးဖို ၆၀၀ ခန့် အခမဲ့ဖြန့်ဝေမည်

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ စွမ်းအားမြင့်မီးဖို ၆၀၀ ခန့်အား ပြည်သူများထံ အခမဲ့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ သစ်တောပြုန်းတီးမှု ကာကွယ်နိုင်ရေး ယခုကဲ့သို့ စွမ်းအားမြင့်အေဝမ်းမီးဖိုများအား ပြည်သူများထံ ဖြန့်ဝေပေးခြင်းဖြစ်သည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

❍ MNL မှ
ဒုတိယနေရာမှ ရန်ကုန်နှင့် စတုတ္ထနေရာမှ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် အသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုကလည်း စိတ်ဝင်စားစရာကောင်းနေသည်။

ပွဲစဉ် (၇) အဖြစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် မန္တလာသီရိကွင်း၌ အား/ကာ သိပ္ပံအသင်းနှင့် မကွေးအသင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် YUSC ကွင်း၌ ရန်ကုန် အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်း နှင့် ရခိုင်အသင်း၊ ဖေဖော်ဝါရီ ၂၃ ရက်တွင် ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီ အသင်းနှင့် စစ်ကိုင်းအသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် ရတနာပုံအသင်း တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ် (၆) အပြီးတွင် ဟံသာဝတီအသင်းက ၁၈ မှတ်ဖြင့် ဆက်လက်ဦးဆောင် နေပြီး ရန်ကုန်နှင့် ဧရာဝတီအသင်းတို့က ၁၆မှတ် စီ၊ လက်ရှိချန်ပီယံရှမ်းယူနိုက် တက်အသင်းက ၁၂ မှတ်၊ ရခိုင်အသင်းက ၁၁ မှတ်၊ စစ်ကိုင်းအသင်းက ၁၀ မှတ်၊ မကွေးအသင်းက ခြောက်မှတ်၊ ရတနာပုံအသင်းက ငါးမှတ်၊ ချင်းယူနိုက်တက် အသင်းကလေးမှတ်၊ အား/ကာသိပ္ပံအသင်းက သုံးမှတ်၊ ဇွဲကပင်အသင်းက တစ်မှတ် ရထားပြီး Southern အသင်းမှာမူ ခြောက်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ဟံသာဝတီအသင်းသည် ရန်ကုန်၊ဧရာဝတီနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ပွဲကျပ်ကစားရမည့် အနေအထားကို အသုံးချနိုင်ရန်ကြိုးပမ်းရမည် ဖြစ်သော်လည်း ကစားပုံမာကျောသည့် စစ်ကိုင်းနှင့် တွေ့ဆုံနေသောကြောင့် အမှတ်ပြည့်ရရန် အားကုန်ထုတ်ကစားရဖွယ် ရှိနေသည်။ ဟံသာဝတီအသင်း၏ လက်ရှိအနေ အထားကို စစ်ကိုင်းအသင်းထိန်းချုပ်နိုင်ရန် ခက်ခဲနိုင်ပြီး အီမီကာနှင့် ဒိုနယ် အတွဲကို အဓိက ထိန်းချုပ်ရမည်ဖြစ်သည်။ အမှတ်လျော့၍မရသည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုမှာ ယခုတစ်ပတ်၏ အကောင်း ဆုံးပွဲဖြစ်ပြီး ထိပ်ဆုံးမှဟံသာဝတီအသင်းကို အမီလိုက်နိုင်ရန် မဖြစ်မနေအနိုင် ကစားရမည်ဖြစ်သည်။ ရှုံးပွဲဆက်နေသည့် နာမည်ကြီးရတနာပုံအသင်းမှာမူ ယခု တစ်ပတ်တွင်လည်း ဆက်လက်ရုန်းကန်ရမည်ဖြစ်ပြီး ဧရာဝတီအသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။ ဧရာဝတီအသင်းမှာလည်း အမှတ်တူဖြင့် အပြိုင်ဖြစ်နေသည့် ရန်ကုန်အသင်း ပွဲကျပ်ကစားရမည့်အနေအထားကို အသုံးချ နိုင်ရန် လိုအပ်နေသည်။ ထို့ပြင် အမှတ်လိုနေသည့် ချင်းယူနိုက်တက်၊အား/ကာ သိပ္ပံ၊ Southern နှင့် ဇွဲကပင်အသင်းတို့၏ ရုန်းကန်မှုကိုလည်း ဆက်လက်စောင့် ကြည့်ရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

◆ ကျောဖုံးမှ
မျိုးဆက်သစ်ရွက်ပုန်းသီး အားကစား သမားများ ပေါ်ထွက်လာရေး၊ ဒေသ အသီးသီးရှိ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ဖြစ်ပေါ်လာစေ ရန်နှင့် မြန်မာအမျိုးသမီး ဘောလုံး လောက တိုးတက်မြင့်မားလာစေရေး အတွက် မျိုးဆက်သစ် အမျိုးသမီး ဘောလုံးအားကစားသမားများ အစဉ် အဆက်မပြတ် ထွက်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပပေးခြင်းဖြစ် ပါကြောင်း ပြောကြားပြီး တိုင်း ဒေသကြီးနှင့် ပြည်နယ် အသက်၂၅ နှစ် အောက်အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။



ယနေ့ပြိုင်ပွဲအဖြစ် ဧရာဝတီ တိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက ငါးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၃ နာရီတွင် မကွေးတိုင်းဒေသကြီး အသင်းနှင့် ကယားပြည်နယ်အသင်းတို့သည် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားလေ့ကျင့်ရေး ကွင်း(၁)တွင် လည်းကောင်း၊ ကချင် ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်း ဒေသကြီးအသင်းတို့သည် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစား လေ့ကျင့်ရေး ကွင်း (၃)တွင် လည်းကောင်း အသီး သီး ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၄ ရက်အထိ တိုင်းဒေသကြီး နှင့် ပြည်နယ်ပြိုင်ပွဲဝင်အသင်း ၁၃ သင်း၊ ပြိုင်ပွဲဝင်အားကစားသမား ၂၂၄ ဦးဖြင့် ဝဏ္ဏသိဒ္ဓိ ဘောလုံးလေ့ကျင့်ရေး အားကစားကွင်း (၁)နှင့်ကွင်း(၃)တို့၌ နေ့စဉ်နံနက် ၇ နာရီခွဲနှင့် ညနေ ၃ နာရီတို့တွင် ယှဉ်ပြိုင်ကစားကြ မည်ဖြစ်ပြီး ဘောလုံးအားကစားနည်း ကို စိတ်ပါဝင်စားသော မိဘပြည်သူ များအနေဖြင့် အခမဲ့လာရောက်ကြည့် ရှုနိုင်ပါကြောင်း သိရသည်။

**အား/ကာ**

■ အမျိုးသား တံခွန်စိုက်မှ
ပြိုင်ပွဲတတိယနေ့တွင် ပြိုင်ပွဲအမျိုးအစား ၁၆ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး အမျိုးသမီး မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား တုတ်ထောက်ခုန်ပြိုင်ပွဲ၊ အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသားမီတာ ၁၀၀၀၀ ပြိုင်ပွဲ၊ အမျိုးသမီးအလျား ခုန်ပြိုင်ပွဲ၊ အမျိုးသားသံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသမီးမီတာ ၈၀၀ ပြိုင်ပွဲ၊ အမျိုးသား မီတာ၈၀၀ ပြိုင်ပွဲ၊ အမျိုးသမီးမီတာ ၂၀၀ ပြိုင်ပွဲ၊ အမျိုးသားမီတာ၂၀၀ ပြိုင်ပွဲ နှင့် အမျိုးသမီး ခုနစ်မျိုးစုံပြိုင်ပွဲတို့တွင် ဆုရရှိသူများအား အားကစားနှင့် ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများက ပေးအပ် ချီးမြှင့်သည်။

ယင်းပြိုင်ပွဲတွင် ဝန်ကြီးဌာနအသင်းရှစ်သင်းမှ အားကစားသမား ၃၀၀ နီးပါး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အမျိုးသားပွဲစဉ် ၂၄ ပွဲ၊ အမျိုးသမီးပွဲစဉ် ၂၄ ပွဲ ထည့်သွင်းကျင်းပလျက်ရှိသည်။ ပြိုင်ပွဲကို မြန်မာ့လက်ရွေးစင်ကစားသမားများပါ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

**ရဲရင့်ရှိုင်း**

# ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်တွင် လက်ရှိချန်ပီယံလီဗာပူးအား အက်သလက်တီကိုမက်ဒရစ်အနိုင်ရ

ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းနဲ့ စပိန်လာလီဂါ ကလပ် အက်သလက်တီကိုမက်ဒရစ် အသင်းတို့ဟာ ချန်ပီယံ လိဂ်ပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာမှာ အက်သလက်တီကိုမက်ဒရစ် အသင်းက လက်ရှိချန်ပီယံလိဂ် လီဗာပူးအသင်းကို ဆာအူးလ်နီဂတ်ဇ်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင် ရရှိခဲ့ပါတယ်။



အဲဒီပွဲစဉ်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းက ပွဲကစားချိန် ၄ မိနစ်မှာ ရရှိခဲ့တဲ့ ဆာအူးလ်နီဂတ်ဇ်ရဲ့ သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး လီဗာပူးအသင်းဟာ ချေပ ဂိုးနဲ့ အနိုင်ဂိုးတွေပြန်လည်ရရှိရေး ရုန်းကန်ခဲ့ပေမယ့် ထင်တိုင်းမပေါက်ဖြစ်ခဲ့ရတာကြောင့် ဆာဒီယိုမာနေး၊ မိုဟာမက်ဆာလာနဲ့ ဂျော်ဒန်ဟန်ဒါဆန်တို့ရဲ့ နေရာမှာ အိုရီဂီ၊ ချန်ဘာလိန်၊ ဂျိမ်းစ်မီနာ စတဲ့ကစားသမားတွေနဲ့ အစားထိုးကစားခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့် လီဗာပူးအသင်းရဲ့ လူစားပြောင်းလဲမှုက အလုပ်မဖြစ်ခဲ့ဘဲ ရှုံးပွဲကြုံခဲ့ရတာ ဖြစ်ပါတယ်။ လီဗာပူး အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီအစကတည်းက ချန်ပီယံ လိဂ်ပြိုင်ပွဲရဲ့ အဝေးကွင်းပွဲစဉ် ၁၀ ပွဲမှာ ခြောက်ပွဲအထိရှုံး ပွဲကြုံခဲ့ရတာဖြစ်ပြီး လေးပွဲသာ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုလီဗာပူးအသင်းကို အနိုင်ရရှိခဲ့တဲ့ အက်သလက် တီကိုမက်ဒရစ်အသင်းကတော့ ဥရောပပြိုင်ပွဲအားလုံးရဲ့ အိမ်ကွင်းနောက်ဆုံးပွဲစဉ် ၁၃ ပွဲမှာ ၁၂ ပွဲအထိ နိုင်ပွဲရရှိ အောင်စွမ်းဆောင်နိုင်ခဲ့တဲ့ မှတ်တမ်းတစ်ရပ် စိုက်ထူနိုင်ခဲ့ ပြီး အဲဒီပွဲစဉ်တွေမှာ ၁၁ ပွဲအထိ ဂိုးမပေးခဲ့ရတဲ့ မှတ်တမ်း တစ်ရပ်လည်း ပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ လီဗာပူးအသင်းက အက်သလက်တီကို မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် လာမယ့်ဒုတိယ အကျော့မှာ အနိုင်ရရှိအောင် စွမ်းဆောင်သွားမယ်လို့လည်း နည်းပြကလော့က ပြောကြားခဲ့ပါတယ်။

အခြားပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဒေါ့မွန်အသင်းနဲ့ ပီအက်စ်ဂျီ အသင်းတို့ရဲ့ ပွဲစဉ်မှာတော့ ဒေါ့မွန်အသင်းက ပီအက်စ်ဂျီ အသင်းကို တိုက်စစ်မှူးဟာလန်းရဲ့ သွင်းဂိုးနှစ်ဂိုးကြောင့် နှစ်ဂိုး–တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းအတွက် ချေပဂိုး တစ်ဂိုး ကို တိုက်စစ်မှူး နေမာက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ ဒေါ့မွန်အသင်းအတွက် နှစ်ဂိုးသွင်းယူပေး နိုင်ခဲ့တဲ့ တိုက်စစ်မှူး ဟာလန်းဟာ ဘောလုံးရာသီတစ်ရာသီ တည်း သွင်းဂိုး ၁၀ ဂိုးသွင်းယူနိုင်ခဲ့တဲ့ ဒုတိယမြောက် လူငယ် ကစားသမားတစ်ဦးဖြစ်လာခဲ့ပြီး အရင်က တိုက်စစ်မှူး အမ်ဘာတ်ပီက တစ်ရာသီတည်းမှာ ချန်ပီယံလိဂ်သွင်းဂိုး ၁၃ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူးဟာလန်းဟာ ဒေါ့မွန်အသင်းနဲ့အတူ ခုနစ်ပွဲကစားအပြီးမှာ သွင်းဂိုး ၁၁ ဂိုးအထိ သွင်းယူနိုင်ခဲ့တာ လည်းဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းကတော့ အဝေးကွင်း နောက်ဆုံး ကိုးပွဲမှာ နှစ်ပွဲသာအနိုင်ရရှိခဲ့တဲ့ မှတ်တမ်းဆိုးနဲ့ ရင်ဆိုင်ခဲ့ရတာ ဖြစ်ပါတယ်။

**ငွေကြယ် – ရေးသားသည်**

## အနုပညာ

## ကင်မ်ဆိုးယန်နဲ့တွဲဖက်ကာ ပါ့ခ်ဂိုယောင်း ပါဝင်သရုပ်ဆောင်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ကင်မ်ဆိုးယန်ရဲ့ စစ်မှုထမ်းဆောင်ပြီးနောက် ပထမဆုံး ပြန်လည် ရိုက်ကူးသွားမယ့် ဇာတ်လမ်းတွဲရုပ်ရှင်မှာ အဓိကဇာတ်ဆောင်မင်းသမီးအဖြစ် ပါ့ခ်ဂိုယောင်းက တွဲဖက်ပါဝင်သွားမှာ ဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကင်မ်ဆိုးယန်ရဲ့ ဇာတ်လမ်းတွဲသစ်ဟာ Psycho But It's Okay လို့ ယာယီအမည်ပေးထားပြီး tvN ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်သွားမှာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ ကင်မ်ဆိုးယန်ရဲ့ ဇာတ်ကောင်ဟာ ကျန်းမာရေးဝန်ထမ်း တစ်ဦးဖြစ်ပြီး ပါ့ခ်ဂိုယောင်းကတော့ ကင်မ်ဆိုးယန်နဲ့အတူ တွဲဖက်လုပ်ကိုင်လျက်ရှိတဲ့ သူနာပြုတစ်ဦးဖြစ်ပါတယ်။

ဒီဇာတ်လမ်းတွဲကို လာမယ့် ဇွန်လအတွင်း စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း သိရပါတယ်။

**အေးပြည့် – ရေးသားသည်**

## ယာဉ်တိုက်မှုကြောင့် ခွဲစိတ်မှုခံယူခဲ့ရတဲ့ လီဂွမ်ဆူ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ လီဂွမ်ဆူ ဟာ လတ်တလောမှာ ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ပြီး ခြေချင်းဝတ်ခွဲစိတ်ကုသ မှု ခံယူခဲ့ရကြောင်း အောကေပေ့ါ်ပ် ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေ အရ သိရပါတယ်။

လီဂွမ်ဆူဟာ ဖေဖော်ဝါရီ ၁၈ ရက်မှာ ခြေချင်းဝတ် ခွဲစိတ်ကုသမှု ခံယူခဲ့တာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁၅ ရက်မှာ ဖြစ်ပွားခဲတဲ့ မတော်တဆမှု တစ်ခုအတွင်း လီဂွမ်ဆူဒဏ်ရာရခဲ့တာ ဖြစ်ကြောင်းလည်း သိရပါတယ်။

ဒီလို ဒဏ်ရာရခဲ့တာကြောင့် လတ်တလောပြုလုပ်ဖို့ရာ ရှိနေတဲ့ လီဂွမ်ဆူရဲ့ အနုပညာလှုပ်ရှားမှုတွေကို ဖျက်ခဲ့ရပါတယ်။ သူ့ရဲ့ အောင်မြင်တဲ့ ရုပ်သံအစီအစဉ် တစ်ခုဖြစ်တဲ့ Running Man မှာလည်း ပါဝင်ရိုက် ကူးနိုင်ခြင်းမရှိခဲ့ပါဘူး။ အဆိုပါ ရုပ်သံ အစီအစဉ်မှာ အတူတွဲဖက် ပါဝင်ခဲ့ ကြတဲ့ ကင်မ်ဂျုန်ကွတ်နဲ့ ဟားဟားတို့ က လီဂွမ်ဆူကို အမြန်ဆုံးပြန်လည် ကျန်းမာလာစေကြောင်း လူမှုကွန် ရက်စာမျက်နှာပေါ်မှာ ရေးသား ဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

# ကိုယ်တိုင်သိအောင်ကိုယ်တွေ့ လေ့လာလုပ်ကြည့်ပါ

**ဗုဒ္ဓဘာသာနှင့် ကျွန်တော်**

**လယ်တွင်းသားစောချစ်**

**ပန်းမြိုင်လယ်စာပေမှ**

**ထွက်ပြီ**

**ဖုန်း-၀၉-၅၅၀၁၈၆၉**

**၀၉-၇၈၉၈၄၉၅၄၄၊ ၀၉-၄၃၀၉၈၆၇၁၊ ၀၉-၅၁၁၀၃၄၁**


## အစည်းအဝေးဖိတ်ကြားခြင်း

ဗိုလ်တထောင်မြို့နယ် Botahtaung Time Square အဆင့်မြင့်အိမ်ရာ တစ်နှစ်ပြည့်အခမ်းအနားနှင့် အိမ်ရာကော်မတီဝင်အသစ်များ ရွေးချယ်ပွဲသို့ လူကြီးမင်းတို့အနေဖြင့် တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ ၂၃-၂-၂၀၂၀ (တနင်္ဂနွေနေ့)

အချိန်။ ။ နံနက် (၁၀:၀၀)နာရီ

နေရာ။ ။ ဗိုလ်တထောင်မြို့နယ် Botahtaung Time Square အဆင့်မြင့်အိမ်ရာ C2 B (7) လွှာ အစည်းအဝေးခန်းမ

# ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အစုရှယ်ယာရှင်များသို့ ဖိတ်ကြားခြင်း

ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့အစီရင်ခံစာ စာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာများကို အတည်ပြုရန်၊ အစုရှယ်ယာများအပေါ် အမြတ်ဝေစုခွဲဝေပေးခြင်းကို ကြေညာရန်နှင့် ဒါရိုက်တာများ ရွေးချယ်တင်မြှောက်ရန်တို့အတွက် သတ္တမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးနှင့် အစုရှယ်ယာပြန်လည်ဝယ်ယူခြင်း၊ ကုမ္ပဏီဖွဲ့စည်းပုံ စည်းမျဉ်းအတည်ပြုခြင်း အထူးအထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ တက်ရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည် -

ကျင်းပမည့်ရက် - ၂၁ - ၃ - ၂၀၂၀ ရက် (စနေနေ့)

ကျင်းပမည့်အချိန် - နံနက် (၉:၃၀)နာရီမှ မွန်းလွဲ (၁၂:၃၀)နာရီအထိ

ကျင်းပမည့်နေရာ - Rose Garden Hotel၊ အမှတ်(၁၇၁)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မှတ်ချက်။ - အစည်းအဝေးဖိတ်စာကို အစီရင်ခံစာများနှင့်အတူ ဘဏ်တွင် မှတ်တမ်းတင်ထားသော လိပ်စာများသို့ ပေးပို့ထားပါသည်။ ဖိတ်စာလက်ဝယ်မရောက်ရှိသော ရှယ်ယာရှင်များလည်း အထက်ပါ အစီအစဉ်အတိုင်း တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

- အစုရှယ်ယာရှင်များအနေဖြင့် အစည်းအဝေးဖိတ်ကြားစာနှင့်တကွ တက်ရောက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
- အစုရှယ်ယာလွှဲပြောင်း မှတ်ပုံတင်ခြင်းကိစ္စများကို ၁၂-၃-၂၀၂၀ရက်မှစ၍ ၁၉-၃-၂၀၂၀ရက်အထိ ခေတ္တပိတ်ထားမည်ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

**ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်**

**အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**


အသိအမှတ်ပြုအမှတ်-၀၀၀၉ **ရွှေစံဒီ** 09-420420761, 09-420420762, 09-420420763

- မြစ်ကြီးနား၊ မြစ်ဆုံ၊ မန်းဟောက်၊ ဇလုံတောင်၊ အင်းတော်ကြီး၊ မိုးကုတ်၊ ရွှေဘို 110000
- မုလအီဆံတော်ရှင်၊ မဲဆောက်လေ့လာရေး၊ ဘားအံဂူဘုရားများ၊ ကျောက်လာပ် 150000
- မြတ်မော်တင်စွန်းဘုရားပွဲတော်၊ ငွေသောင်ယံကမ်းခြေ၊ ငွေဆောင်ကမ်းခြေ 45000
- မြတ်မော်တင်စွန်းဘုရားပွဲတော်၊ ငွေသောင်ယံ၊ ဟိုင်းကြီးကျွန်း၊ ချောင်းသာကမ်းခြေ 75000
- မန်းရွှေစက်တော်၊ စက္ကိန်းတဲ၊ နဂါးပွက် 40000 ဆက်၍-ပြည်ဘုရားစုံ 45000
- မန်းရွှေစက်တော်၊ စက္ကိန်းတဲ၊ နဂါးပွက်၊ အလောင်းတော်ကဿပ (ဗိုလ်ဝင်ထောင်၊ရွှေဘာထောင်) 65000
- မန်းရွှေစက်တော်၊ စက္ကိန်းတဲ၊ နဂါးပွက်၊ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ 65000
- ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်၊ မျှော်ရစ်၊ မြိတ်-ပထပ်လျောင်းတော်မူ 150000


## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ် (A-380)၊ မြေဧရိယာ (၀.၂၂၉)ဧကရှိ ဗိုလ်မှူးချုပ်ဝင်းလွင် (ဘ) ဦးကျော်ငြိမ်း [၈/မမန(နိုင်)၀၁၃၀၆၂] အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဗိုလ်မှူးချုပ်ဝင်းလွင်ထံမှ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၁၀၇/၂၀၂၀) ရရှိသူ ဦးညိုထွန်းလှိုင်(ဘ) ဦးလှထွန်းခိုင် [၁၃/ကတန(နိုင်)၀၀၆၂၆၉] မှ နှစ်(၃၀)မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာမူရင်းများတင်ပြ၍ ဒေါ်နုနုလှိုင်[၁၃/တကန(နိုင်) ၁၅၄၆၉၁] နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန သို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ဒလမြို့နယ်၊ ရဲချောင်းဝကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၁၂/က)၊ ကွင်းအမည်-ဘောလယ်ကွေ့၊ ဦးပိုင်အမှတ်(၈/၁၄)၊ ဧရိယာ(၂.၈၅ဧက)၊ ၉-၈-၂၀၁၃ရက် ခွင့်ပြုစာအမှတ်-၂၄၀/လယ-၄(လယ်စီ-၂၀၁၃)၊ မြေအမျိုးအစား(လယ်) ဦးသိန်းကျော် အမည်ပေါက် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)နှင့် ပုံစံ(၁၀၅)ရရှိပြီးထားသော မြေကွက်သည် ဒလမြို့နယ်မြို့မြေစာရင်းတွင် ယခုရောင်းချသူ ဦးသိန်းကျော်[၁၂/တတန(နိုင်)၀၃၄၆၂၁] သည်မိမိအမည်ဖြင့် တရားဝင်ဝယ်ယူလက်ရောက်အမည်ပေါက်ပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အိမ့်ဖြူနိုင်** | **ဒေါ်ဥမ္မာဖြိုး** | **ဒေါ်မြသဲပိုသင်း** |
| **LL.B, D.B.L, DML** | **LL.B** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၉၈၇၇)** | **(စဉ်-၄၀၇၁၄)** | **(စဉ်-၁၂၈၅၁)** |

**အမှတ်(၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၀၇၇၃၉၃၃**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းအမှတ်(သကတ-၁) တိုးချဲ့၊ တေးဥယျာဉ် (၄)လမ်း၊ မြေကွက်အမှတ်(၇၃)၊ အကျယ်အဝန်းပေ (၄၀x၆၀) အကျယ်ရှိ ဒေါ်မြင့်မြင့်ချို [၁၂/လသယ(နိုင်)၀၁၁၁၁၆] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ဒေါ်မြင့်မြင့်ချိုထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ထားသည့် မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ မည်သူ့ကိုမျှ တစ်ဆင့်ပြန်လည် ရောင်းချထားခြင်းမရှိပါ။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ အဆိုပါမြေကွက်အား ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ ဝင်ရောက်နေထိုင်ခြင်း အပါအဝင် အခြားတစ်နည်းနည်းဖြင့် ပြောင်းလဲမှုတစ်စုံတစ်ရာမျှ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ရာဇဝတ်ကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဝင်းဝင်းနွယ် (စဉ်-၁၀၆၉၂)** | **ဒေါ်ခင်နှင်းမြတ် (စဉ်-၁၀၂၃၄)** |
| **LL.B, B.A (Business Law)** | **LL.B,D.B.L,D.M.L** |

**တရားလွှတ်တော်ရှေ့နေများ**
**ဖုန်း-၀၉-၅၀၄၉၉၂၉၊ ၀၉-၄၂၁၁၆၇၇၆၈**

## အများသိရှိစေရန် အသိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၂၉၇/၃၀၁)နေ ဒေါ်ဇင်သူသူဝင်း [၁၂/ပဘတ(နိုင်)၀၃၂၀၂၁] ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိရှိစေရန် အသိပေးတားမြစ်ကြောင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်း၊ အမှတ်(၄၄၁)၊ ၄လွှာ(၄စီ) တိုက်ခန်း၏ အကျယ်အဝန်းမှာ ပေ(၂၂x၅၀)ရှိသောတိုက်ခန်း၊ ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ကိုယ်ပိုင်ရေစက်၊ ကိုယ်ပိုင်လျှပ်စစ်မီတာအပါအဝင်နှင့် အခန်းဖွဲ့ပြီး မွမ်းမံပြင်ဆင်ထားသော စွဲကပ်ပစ္စည်းမှန်သမျှအားလုံးတို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၂-၁၁-၂၀၁၃ရက်တွင် တိုက်ခန်းအပိုင်ရောင်းချသူ ဦးကျော်မိုး(ဘ)ဦးကျော်ညွန့်[၁၂/ကတတ(နိုင်)၀၁၀၈၁၇] ကိုင်ဆောင်သူထံမှ တိုက်ခန်းအပိုင်ဝယ်ယူသူ ဒေါ်ဇင်သူသူဝင်း(ဘ) ဦးဝင်းနိုင်[၁၂/ပဘတ(နိုင်)၀၃၂၀၂၁]ကိုင်ဆောင်သူက တန်ဖိုးငွေတစ်ရပ်ပေးချေ၍ မြေပိုင်ရှင်ဖြစ်သူ ဦးအောင်ကြီး(ခ)ဦးအာမင်[၁၂/ဗဟန(နိုင်)၀၈၁၉၉၆]ထံတွင် တိုက်ခန်းအပိုင်ဝယ်ယူသူ ဒေါ်ဇင်သူသူဝင်း၏အမည်နာမသို့ တိုက်ခန်းလခပြေစာနှင့် အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်ခြင်း ကတိစာချုပ်တို့ပေါ်တွင် မြေပိုင်ရှင်မှ အသိအမှတ်ပြုသက်သေအဖြစ် လက်မှတ်ရေးထိုးခြင်းများကို ပြုလုပ်ပေးခဲ့ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တိုက်ခန်းအပိုင်ဝယ်ယူသူ ဒေါ်ဇင်သူသူဝင်းမှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်နှင့် လုံးဝပတ်သက် သက်ဆိုင်ခြင်းမရှိပါ။ အဆိုပါအခန်းနှင့် ပတ်သက်၍ ယနေ့ဤကြော်ငြာထည့်သွင်းသည့်နေ့မှစ၍ တိုက်ခန်းအပိုင်ဝယ်ယူထားသူ ဒေါ်ဇင်သူသူဝင်း၏ ခွင့်ပြုချက် တစ်စုံတစ်ရာ မရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ တိုက်ခန်းကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းလမ်း တစ်နည်းနည်းတို့ဖြင့် လွှဲပြောင်းပေးအပ်ခြင်း စသည်တို့ကို လုံးဝ(လုံးဝ)မပြုလုပ်မိပါရန် အလေးအနက်ထား၍ တားမြစ်အပ်ပါသည်။ အကယ်၍ အဆိုပါအခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်မိပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်ကိုကို(ရွှေစာရေး)**
**LL.B, WIPO(Switzerland)တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၅၈၉၄)(၃-၉-၂၀၁၉)**
**အမှတ်(၁၆၂)၊ (၆)လွှာ/အေ၊ လမ်း(၃၀)၊ (၇)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၂၁၆၃၇၊ ၀၉-၄၅၀၁၇၀၀၀၀၁**

## ဒေါ်ချင်းမေ (စစ်တွေ)

ရောင်ခြည်ဦး (ကုန်ထုတ်သမဝါယမအသင်းလီမိတက်)

**အသက် (၈၈) နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊(၉)လမ်း၊ အမှတ်(၁၇၅)နေ (ဦးထွန်းအောင်ဖြူ–ဒေါ်စိန်စိန်)တို့၏သမီး၊ (ဒေါ်ဦးဖြူ)၏ညီမ၊ (ဦးလှအောင်)၊ (ဦးမြအောင်)၊ (ဒေါ်ဖြူဖြူစိန်)၊ ဦးလှဘော်တို့၏ အစ်မ၊ ဦးအောင်စောထွန်း–ဒေါ်မီမီစံ၊ ဒေါ်သီသီစံ၊ ဦးနေလင်းအောင်–ဒေါ်စောစန္ဒာမြင့်၊ ဦးကိုကိုအောင်–ဒေါ်နီလာအောင်တို့၏ အဒေါ်၊ မြေး လေးယောက်တို့၏အဘွား ဒေါ်ချင်းမေသည် ၁၈–၂–၂၀၂၀ ရက် ည ၇:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၂–၂၀၂၀(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄–၂–၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ရက်လည်ဆွမ်းကျွေးဖိတ်ကြားလွှာ
## ဒေါ်ဂီသာ (ခ) ဒေါ်တင်လှ

**အသက် (၅၆) နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ကြေးတိုင်စု(၁)လမ်း၊ အမှတ်(၃၁–B)နေ (ဦးလှစိန်–ဒေါ်အေးမြင့်)တို့၏ သမီးကြီး၊ မောင်နှမ ခုနစ်ယောက်တို့၏အစ်မကြီး၊ တူမ နှစ်ယောက်တို့၏အဒေါ် ဒေါ်ဂီသာ(ခ) ဒေါ်တင်လှသည် ၁၃–၂–၂၀၂၀ (ကြာသပတေးနေ့) နံနက် ၅:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူအားရည်စူး၍ ၂၃–၂–၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ အထက်ပါနေအိမ်၌ ဟိန္ဒူဓလေ့ထုံးတမ်းနှင့်အညီ လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းပြီး ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးအေးကြင် (ငြိမ်း)

သံအမတ်ကြီး (ငြိမ်း)

**အသက် (၈၂) နှစ်**

သူငယ်ချင်း ဦးစိုးမိုးအေး နှင့် ဒေါ်နွယ်နွယ်မိုးတို့၏ ချစ်လှစွာသောဖခင်ကြီး ဒုတိယဗိုလ်မှူးကြီး အေးကြင် (ငြိမ်း)သည် ၁၉–၂–၂၀၂၀ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၇)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်နွဲ့ (တောင်ငူမြို့)

**အသက် (၉၁) နှစ်**

ဦးရန်မျိုးနိုင် (ပန်းသီကုမ္ပဏီ)–ဒေါ်သန်းသန်းဌေး(စေတမန် အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး)တို့၏မွေးသမိခင် ဒေါ်ခင်နွဲ့သည် ၁၉–၂–၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၄၅ နာရီတွင် နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပန်းသီကုမ္ပဏီလီမိတက် ဝန်ထမ်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်နွဲ့ (တောင်ငူမြို့)

**အသက် (၉၁) နှစ်**

ဦးရန်မျိုးနိုင် (ပန်းသီကုမ္ပဏီ)–ဒေါ်သန်းသန်းဌေး(စေတမန် အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး)တို့၏မွေးသမိခင် ဒေါ်ခင်နွဲ့သည် ၁၉–၂–၂၀၂၀(ဗုဒ္ဓဟူးနေ့) နံနက် ၉:၄၅နာရီတွင် နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စေတမန် အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး ဝန်ထမ်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်နွဲ့ (တောင်ငူမြို့)

**အသက် (၉၁) နှစ်**

ဦးရန်မျိုးနိုင် (ပန်းသီကုမ္ပဏီ)–ဒေါ်သန်းသန်းဌေး (စေတမန် အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး)တို့၏မွေးသမိခင် ဒေါ်ခင်နွဲ့သည် ၁၉–၂–၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၄၅ နာရီတွင် နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စေတမန် စက်ယန္တရားရောင်းဝယ်ခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်း ဝန်ထမ်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ငြိမ်းအောင်

**အသက် (၅၄) နှစ်**

**ညွှန်ကြားရေးမှူး (ကြေးတိုင် ၊ စီမံကိန်းနှင့် သုတေသနဌာနခွဲ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

ရန်ကုန်မြို့နေ ဆရာကြီး ဦးမောင်မောင်အောင်–ဆရာမကြီး ဒေါ်စောကြင်အုံးတို့၏ သားကြီး၊ ဒေါ်ခိုင်ခိုင်အောင်၏ မောင်၊ ဗိုလ်ချုပ်မျိုးမိုးအောင်–ဒေါ်ပန်းအိဖြူသာတို့၏ အစ်ကိုကြီးသည် ၁၆–၂–၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုထွန်း–မမြင့်မြင့်အေး မိသားစု(မန္တလေး)**

## ဒုတိယဗိုလ်မှူးကြီး အေးကြင် (ငြိမ်း)

ကြည်း–၆၇၄၆၊ ဗိုလ်သင်တန်းအပတ်စဉ် (၁၀)

ညွှန်ကြားရေးမှူးချုပ်၊ စက်မှု (၁) (ငြိမ်း)

သံအမတ်ကြီး (ငြိမ်း)

**အသက် (၈၂) နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၃)ရပ်ကွက်(သုဝဏ္ဏ)၊ သစ်ရာပင်လမ်းသွယ်(၂)၊ အမှတ်(၂၂)နေ (ဦးဘသိန်း–ဒေါ်လှစိန်)တို့၏သား၊ Mr & Mrs Toledo တို့၏ သားသမက်၊ ဒေါ်အေးအေး(Peggy)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကျော်စွာ–ဒေါ်တင်မိုးအေး၊ ဦးစိုးမိုးအေး–ဒေါ်နွယ်နွယ်မိုး၊ ဦးတိုးမိုးအေး–ဒေါ်သီတာမင်းတို့၏ ဖခင်၊ မောင်မြတ်မိုးကျော်စွာ၊ မမေဝတီစိုးမိုး၊ မအမရာတိုးမိုး၊ မောင်ဥက္ကာစိုးမိုးတို့၏အဘိုး ဦးအေးကြင်သည် ၁၉–၂–၂၀၂၀ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၂–၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅–၂–၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီးအေးကြင် (ငြိမ်း)

ကြည်း–၆၇၄၆၊ ဗိုလ်သင်တန်းအပတ်စဉ် (၁၀)

ညွှန်ကြားရေးမှူးချုပ်၊ စက်မှု (၁) (ငြိမ်း)

သံအမတ်ကြီး (ငြိမ်း)

**အသက် (၈၂) နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၃)ရပ်ကွက်၊ သစ်ရာပင်လမ်းသွယ်(၂)၊ အမှတ်(၂၂)နေ (ဦးဘသိန်း–ဒေါ်လှစိန်)တို့၏ သား၊ Mr & Mrs Toledo တို့၏သားသမက်၊ ဒေါ်အေးအေး(Peggy)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်မူမူ၊ ဒေါ်ရင်ရင်မေ၊ ဦးအေးကြူ၊ ဦးခင်မောင်ဆန်း၊ ဦးမြင့်စိုးအောင်၊ ဦးခင်ကျော်ညို၊ ဦးကျော်စိုးအောင်၊ ဒေါ်အေးအေးမူ၊ ဒေါ်မြမြမူတို့၏ အစ်ကိုကြီး၊ ဒေါ်စန္ဒာကျော်၊ ဒေါ်မာလာကျော်၊ ဒေါက်တာဒေါ်အိန္ဒြာကျော်၊ ဒေါ်ဥမ္မာကျော်၊ ဒေါ်မေဓါကျော်တို့၏ ဦးလေး ဦးအေးကြင်သည် ၁၉–၂–၂၀၂၀ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၂–၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅–၂–၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူညီမ၊ ညီငယ်များနှင့် တူမများ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်းအေး

**အသက် (၆၄) နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၃)ရပ်ကွက်၊ စေတနာ(၄)လမ်း၊ အမှတ်(၄၈၅)နေ (ဦးကျော်အေး–ဒေါ်လှရီ)တို့၏သမီး၊ [ဦးမောင်မောင်တင် (မြန်မာ့မီးရထား–ငြိမ်း)–ဒေါ်စန်းကြည်]တို့၏ သမီးချွေးမ၊ ဦးတင့်လွင် (နတ်တလင်းအသင်း–ရာ/၃၃၄)၏ဇနီး၊ မောင်မျိုးသီဟလွင်၊ မောင်လင်းသူရအောင်တို့၏မိခင် ဒေါ်သန်းသန်းအေးသည် ၁၉–၂–၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၂–၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့ နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအေးသိန်း

**အသက် (၅၇) နှစ်**

မန္တလေးမြို့နေ ဦးအိုက်မောင်–ဒေါ်ရီရီတို့၏သားကြီး၊ (ဦးချင်ဟုတ်)–ဒေါ်ဖန်တီတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၃)၊ စံပါယ်လမ်း၊ သီရိမွန်ပလာဇာနေ ဒေါ်ကြင်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အေးမိုးမြင့်၊ မောင်သာမိုးမြင့်၊ မမြမြင့်မိုရ်အေးတို့၏ဖခင်၊ ဒေါ်စန်းစန်းအေး၊ ဦးညီညီထွေး–ဒေါ်ယုယုလှိုင်တို့၏ အစ်ကို၊ မောင်ထက်ညီနိုင်၏ ဦးလေးသည် ၁၈–၂–၂၀၂၀ (အင်္ဂါနေ့) ညနေ ၅:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၂–၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄–၂–၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ကိုကျော်စွာဝင်း(ခ)ကိုဂျက်(ခ)ကိုဝါ (ကျောက်ဖြူမြို့)

**အသက် (၄၅) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာဒီပလမ်း၊ အမှတ်(၇၀)နေ (ဦးကျော်မြင့်သိန်း)–ဒေါ်မြကြည် (ခ) ဒေါ်ညိုညိုတို့၏သားငယ်၊ ဦးဇေယျာအေး–ဒေါ်မြင့်မြင့်သော်၊ (ဦးမြင့်ထွန်းအောင်)၊ ဦးမြင့်သက်ထွန်း–ဒေါ်မြနီနီတို့၏ မောင်/ညီ ကိုကျော်စွာဝင်းသည် ၁၉–၂–၂၀၂၀ရက် နံနက် ၁:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၂–၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီနှင့် ကျောက်ဖြူအသင်းမှ ကားများ နံနက် ၁၁ နာရီတို့တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ရဲအုပ် စိုင်းတင်ထွန်းဦး

ဒုရဲအုပ်လောင်းအမှတ်စဉ် (၄၅)

**အသက် (၄၄) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က)၊ စံပြရပ်ကွက်နေ ဦးငွေထွန်း–ဒေါ်နန်းသန်းသန်းတင်တို့၏ သား၊ ရေစကြိုမြို့နေ ဦးခင်မောင်မြင့် (ဦးပညာသာရ)–ဒေါ်ငွေရီတို့၏ သားသမက်၊ ဗိုလ်ကြီး စိုင်းသန်းထွန်း(ငြိမ်း)–ဒေါ်ယဉ်ယဉ်နွယ်၊ ဗိုလ်မှူးစိုင်းကျော်ဝင်း (စက်မှုဝန်ကြီးဌာန–ငြိမ်း)–ဒေါ်အိအိခိုင်တို့၏ ညီ၊ ဗိုလ်ကြီး စိုင်းငွေစိုး(ငြိမ်း) (လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)–ဒေါ်အိကေခိုင် (အထက–၄၊ မင်္ဂလာဒုံ)တို့၏ အစ်ကို၊ ရန်ကင်းရဲရိပ်သာ၊ တိုက်အမှတ်(၄)၊ အခန်း(C)နေ မောင်စိုင်းအာကာမိုးမြင့် (Grade–10)၊ မောင်စိုင်းလင်းခန့်တို့၏ မွေးသဖခင်၊ ဒေါ်လေးလေးမွန်၏ချစ်လှစွာသောခင်ပွန်း၊ တူ/တူမ သုံးယောက်တို့၏ဦးလေး ရဲအုပ်စိုင်းတင်ထွန်းဦးသည် ၁၇–၂–၂၀၂၀ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၂–၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃–၂–၂၀၂၀ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်နွဲ့ (တောင်ငူမြို့)

**အသက် (၉၁) နှစ်**

တောင်ငူမြို့၊ (၁၂) ရပ်ကွက်၊ အမှတ် (၃၆)၊ မြစည်းခုံဘုရားလမ်းနေ (ဦးဘိုးငယ်–ဒေါ်ထွန်း)တို့၏သမီး၊ [ဦးငွေလှိုင်(ရုံးအုပ်ကြီး မီးရထားဝန်ကြီးဌာန)]၏ဇနီး၊ ဒေါ်သန်းသန်းဆင့်(အထပြ–ငြိမ်း)၊ ဦးအောင်စိုးဦး(စေတမန် စက်ယန္တရားရောင်းဝယ်ခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်း)–ဒေါ်အေးအေးထွေး၊ ဦးရန်မျိုးနိုင် (ပန်းသီကုမ္ပဏီ)–ဒေါ်သန်းသန်းဌေး(စေတမန် အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး) တို့၏မွေးသမိခင်၊ မြေး ကိုးယောက်တို့၏အဘွား ဒေါ်ခင်နွဲ့သည် ၁၉–၂–၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၄၅ နာရီတွင် နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃–၂–၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၈–က)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်နွဲ့ (တောင်ငူမြို့)

**အသက် (၉၁) နှစ်**

တောင်ငူမြို့၊ (၁၂) ရပ်ကွက်၊ အမှတ်(၃၆)၊ မြစည်းခုံဘုရားလမ်းနေ (ဦးဘိုးငယ်–ဒေါ်ထွန်း)တို့၏သမီး၊ [ဦးငွေလှိုင်(ရုံးအုပ်ကြီး မီးရထားဝန်ကြီးဌာန)]၏ဇနီး၊ မောင်မျိုးသူရကိုကို၊ မောင်အောင်ကိုသက်၊ မောင်ပြည့်စုံဦး၊ မသိမ့်သဇ္ဇါအောင်၊ မသိမ့်နန္ဒာအောင်၊ မောင်အောင်မျိုးသူ၊ မောင်ဟိန်းထက်ဇော်၊ မောင်မျိုးခန့်ကြူ၊ မမေစစ်အေးတို့၏အဘွား ဒေါ်ခင်နွဲ့သည် ၁၉–၂–၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၄၅ နာရီတွင် နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃–၂–၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၈–က)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်မြင့် (ကျိုက်လတ်)

**အသက် (၇၆) နှစ်**

ဖျာပုံမြို့နေ (ဦးကျင်မောင်–ဒေါ်လှပို)၊ ကျိုက်လတ်မြို့နေ (ဦးဘရင်–ဒေါ်ဆယ်မိ)တို့၏ သမီးကြီး၊ ကျိုက်လတ်မြို့၊ (၃)ရပ်ကွက်၊ (၇x ၈) ဦးစန္ဒာလမ်း၊ အမှတ်(၉၂)နေ ဦးစိုးတင့်၏ဇနီး၊ ဦးသန်းလွင်–ဒေါ်ခင်စိုးဦး (သီတာဦးဆေးဆိုင်)၊ ဗိုလ်မှူးကြီးမောင်မောင်စိုး (ငြိမ်း) (ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက်)–ဒုတိယဗိုလ်မှူးကြီး ဒေါ်ဥမ္မာကျော်ဦး၊ ဦးဇေလတ်စိုး–ဒေါ်စန္ဒာအေး(ခေတ္တ–USA)၊ ဒေါ်မိုးမိုးခိုင်(ဆန်းလိုက်အထည်ဆိုင်)တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွား ဒေါ်ခင်မြင့်သည် ၁၉–၂–၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၅၀နာရီတွင် ကျိုက်လတ်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃–၂–၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ကျိုက်လတ်မြို့နယ်၊ ပိတောက်မြိုင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅–၂–၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် ကျိုက်လတ်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရာတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အနိစ္စ

တောင်ကြီးအသင်း (ရန်ကုန်)

## ဦးအောင်သန်းဝင်း

**အသက် (၅၄) နှစ်**

သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ အမှတ်(၄၆)၊ ရိပ်သာလမ်းနေ ဒေါ်သန်းယဉ် (တောင်ကြီးအသင်း နာယက)၏ သားကြီး၊ ဒေါ်တင်နွယ်သိန်း၏ ခင်ပွန်းသည် ၁၇–၂–၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၂–၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

**သွေးသည် အသက်**

## ဒေါ်တင်တင်သော် (Florence Ba Thaw)

လက်ထောက်ကထိက (ငြိမ်း)၊ ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

**အသက် (၇၉) နှစ်**

ရန်ကုန်မြို့နေ (ဦးဘသော်–ဒေါ်ရီ)တို့၏ သမီးထွေး၊ (ဦးတင့်–ဒေါ်သိန်း)တို့၏သမီးချွေးမ၊ (ဦးလိုတိုင်းရ)၏ဇနီး၊ ဒေါ်စန္ဒာဝင်း(King's Int'l School)၊ ဒေါ်သန္တာဝင်း–ဦးရဲဝင်း၊ Captainမင်းကိုလွင်–ဒေါ်မာလာဝင်း၊ ဦးမြတ်သူရ(AMT M & E Service)–ဒေါ်သန္တာအောင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မောင်သူရအောင်၊ မသက်စုထက်၊ မယွန်းမြတ်လှိုင်၊ မောင်အေးချမ်းကို၊ မောင်ချမ်းမြေ့ကို၊ မထက်ရတီအောင်၊ မောင်ထက်မြတ်ထူးအောင်တို့၏ ချစ်လှစွာသောအဘွား ဒေါ်တင်တင်သော်သည် ၁၈–၂–၂၀၂၀ ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၂–၂၀၂၀ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄–၂–၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ Golden Link Londo ၊ အခန်း(၁၀၅)၊ BLK–2Aနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ကမ္ဘာ့ရေဝပ်ဒေသများနေ့တွင် အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား ငှက်ပျံသန်းရာလမ်းကြောင်းကွန်ရက်နယ်မြေအဖြစ် သတ်မှတ်



အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း တွေ့ရှိရသည့် ရေပျော်ငှက်များကိုတွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**
၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ရေဝပ်ဒေသများနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား အရှေ့အာရှ – ဩစတြေးလျအာရှ ရွှေ့ပြောင်းကျက်စားသည့် ငှက်ပျံသန်းရာလမ်းကြောင်း ကွန်ရက်နယ်မြေ- EAAF (အီးအေအေအက်ဖ်အမှတ်၊ ၁၄၇)အဖြစ် သတ်မှတ်ကြောင်း ကြေညာလိုက်သည့်အတွက် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် မြန်မာနိုင်ငံ၏ ဆဋ္ဌမမြောက် အရှေ့အာရှ – ဩစတြေးလျအာရှ ရွှေ့ပြောင်းကျက်စားသည့် ငှက်ပျံသန်းရာ လမ်းကြောင်းကွန်ရက်နယ်မြေဖြစ်လာကြောင်း သိရသည်။

“ဂေဟစနစ်ဝန်ဆောင်မှု အမျိုးမျိုးပေးစွမ်းလျက်ရှိပြီး ဘေးမဲ့တောအနီးရှိ ဒေသခံနှစ်သိန်းကျော်အား အစားအစာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ပံ့ပိုးပေးရာ နေရာတစ်ခုဖြစ်သည့် အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား မြန်မာနိုင်ငံ၏

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ★**

## ကြေးမုံ ယနေ့ဖတ်စရာ

**တောင်သူတွေအနေနဲ့ ဖရဲသီး၊ သခွားမွေးတွေကို တင်ပို့တော့မယ်ဆိုရင် သတင်းအချက်အလက်ကို စုံစမ်းပြီးတော့မှ တင်ပို့စေချင်ပါတယ်** စာမျက်နှာ ၁၂

**ပြင်သစ်နိုင်ငံနှင့် ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရန် ဆန္ဒရှိကြောင်း ရှီကျင့်ဖျင်ပြောကြား** စာမျက်နှာ ၁၃

**COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း** စာမျက်နှာ ၁၈

## မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာ ကျောင်းသင်ခန်းစာ စာမျက်နှာများပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာကျောင်းသင်ခန်းစာများကို စာမျက်နှာ (၁၅၊ ၁၆) တွင် ဖော်ပြထားပါသည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ယခုပြိုင်ပွဲကျင်းပရခြင်းဖြင့် အမျိုးသားရေး ကျန်းမာကြံ့ခိုင်မှု အဆင့်အတန်း မြင့်မားရေး၊

**စာမျက်နှာ ၂၀ ကော်လံ ၃ သို့ ◆**



မြန်မာနိုင်ငံပြေးခုန်ပစ်ဥက္ကဋ္ဌ ဖလားနှင့် (၆၅) ကြိမ်မြောက်အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပနေစဉ်။

## အမျိုးသားတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**
မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၂၀ ပြည့်နှစ် မြန်မာနိုင်ငံပြေးခုန်ပစ် ဥက္ကဋ္ဌဖလားနှင့် (၆၅) ကြိမ်မြောက် အမျိုးသားတံခွန်စိုက်(ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

**စာမျက်နှာ ၂၀ ကော်လံ ၃ သို့ ■**

## MNL ပွဲစဉ် (၇)တွင် ရန်ကုန်-ရှမ်း၊ ဟံသာဝတီ-စစ်ကိုင်း၊ ရောဝတီ-ရတနာပုံ တွေ့ဆုံ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**
၂၀၂၀ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) ကို ယခုတစ်ပတ် ဆက်လက်ကျင်းပမည် ဖြစ်သည်။ အသင်းကြီးများနှင့် ဇယားထိပ်ပိုင်းမှ အသင်းများ ထိပ်တိုက်တွေ့ဆုံနေပြီး ရန်ကုန်-ရှမ်း၊ ဟံသာဝတီ-စစ်ကိုင်း၊ ရောဝတီ-ရတနာပုံတို့ တွေ့ဆုံလျက်ရှိသည်။

ရာနှုန်းပြည့်နိုင်ပွဲဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေသည့် ဟံသာဝတီအသင်းကို ယခုတစ်ပတ်တွင် ထပ်မံစမ်းသပ်မည့်အသင်းမှာ စစ်ကိုင်းအသင်းဖြစ်ပြီး

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ○**

DOOSAN
Used Excavator နှင့် Wheel Loader များ
အရစ်ကျရောင်းချပေးမည် . . .
အထူးအစီအစဉ်



လုပ်ငန်းခွင်ဝင်ရန် အသင့်ဖြစ်နေသော DOOSAN အမှတ်တံဆိပ် Reconditioned နှင့် Used Excavator, Wheel Loader များ သုံးစွဲပြီး စက်နာရီ 1,000 hrs ကျော်မှ နာရီ 10,000 hrs ကျော်အထိ စက်ယန္တရားများကို ဝယ်ယူသုံးစွဲမည့် Customer များ အဆင်ပြေစေရန် အရစ်ကျ ရောင်းချပေးသွားပါမည်။

HTUN NAY WUN

Block No. 246 (Q-1), Corner of Mingyi Mahar Min Khaung Street & Myin Wun U Aung Thu Street, Hlaing Tharyar Industrial Zone - 2, Hlaing Tharyar Township, Yangon. Email : info@htunnaywun.com.mm Website : www.htunnaywun.com.mm
ဆက်သွယ်ရန် ရန်ကုန် - 09 7997 77 551, 09 4282 10 007 | မန္တလေး - 09 4500 55 699, 09 4580 31 999